# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


ညစ်ကြေးတရား အားလုံးမှာ
ကြောက်ဖွယ်ကောင်းဆုံး ညစ်ကြေးကား
အဝိဇ္ဇာခေါ် မသိတရား။
မသိတရား ပယ်စွန့်ကာ
ညစ်ကြေးကင်းသည် ဖြစ်စေသား။
ငါ၏ ချစ်သား ရဟန်းများ။

မလဝဂ်၊ အညစ်အကြေး-၂၄၃
(မြန်မာပြန်-မင်းသုဝဏ်)


၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက် | ၂၀၁၆ ခုနှစ်၊ ဧပြီ ၂၆ ရက်၊ အင်္ဂါနေ့၊ | အတွဲ (၅၅)၊ အမှတ် (၂၀၄)


# အငှားနှင့်တန်ဖိုးနည်းအိမ်ရာ တည်ဆောက်ပေးခြင်းဖြင့် ဈေးနှုန်းကျဆင်းမှုအထောက်အကူပြု



မန္တလေးမြို့ရှိ တန်ဖိုးနည်းအိမ်ရာများ တည်ဆောက်နေသည့်မြင်ကွင်း

အောင်ရဲသွင်

**မန္တလေး ဧပြီ ၂၅**

အခြေခံ လူတန်းစားများအတွက် အငှားအိမ်ရာများနှင့် တန်ဖိုးနည်း အိမ်ရာများကို မန္တလေးမြို့အတွင်း နေရာအနှံ့အပြား တည်ဆောက်ပေး ခြင်းဖြင့် အိမ်ခြံမြေဈေးနှုန်းများ ကျဆင်းမှုကို အထောက်အကူပြု နိုင်ကြောင်း မန္တလေးမြို့အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်း လုပ်ကိုင်သူ များထံမှ သိရသည်။

မန္တလေးမြို့ စည်ပင်သာယာ နယ်နိမိတ်အတွင်း ကျူးကျော်ဝင် ရောက် နေထိုင်လျက်ရှိကြသော အခြေခံ လူတန်းစားများအတွက် အဆိုပါအိမ်ရာများ တည်ဆောက် ပေးပြီး သင့်တော်သောနှုန်းထားဖြင့် ငှားရမ်းရောင်းချပေးခြင်းဖြင့် မန္တလေး မြို့၏ မြင့်တက်နေသည့် အိမ်ခြံမြေ ဈေးနှုန်းများလည်း ကျဆင်းသွားနိုင် သည့်အပြင် မြေယာပြဿနာများ လည်း ကင်းရှင်းသွားမည်ဖြစ်ကြောင်း မန္တလေးမြို့ရှိ မန်းမြေယာဇာအိမ်ခြံမြေ အကျိုးဆောင်ကုမ္ပဏီမှ ဦးကျော်ဝင်း က ပြောကြားသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ◆

# လာနီညာဖြစ်စဉ်ကြောင့် မိုးများခြင်း၊ အအေးလွန်ကဲခြင်း စတဲ့ အစွန်းရောက် ရာသီဥတုဖြစ်စဉ်တွေ ခံစားရနိုင်

ဒေါက်တာ ဟာရင်နိုင်တီယမ်း

"မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးနိုင်ငံဖြစ်တယ်၊ ဒါ့ကြောင့် လာမယ့် မုတ်သုံကာလ မှာ မိုးလေဝသနဲ့ဇလဗေဒဆိုင်ရာ ခန့်မှန်းချက်တွေကိုအသုံးပြုပြီး ရာသီအလိုက် သီးနှံတွေ စိုက်ပျိုးနိုင်ဖို့အတွက် မိုးလေဝသဆိုင်ရာ သတင်းအချက်အလက်တွေနဲ့ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ဆောင်ရွက်နိုင်ရေး အထောက်အကူ ပြုခန့်မှန်းချက်တွေကို မိုးလေဝသနဲ့ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ခန့်မှန်း ထုတ်ပြန်ပေးလျက်ရှိပါတယ်။ မိုးလေဝသနဲ့ ဇလဗေဒဆိုင်ရာ ခန့်မှန်းချက်တွေ၊ သတင်းတွေနဲ့ သတိပေးချက်တွေ အချိန်မီထုတ်ပြန်ပေးနိုင်အောင် ဒေသတွင်း နိုင်ငံတွေအပြင် ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းတွေနဲ့လည်း ပူးပေါင်းဆောင် ရွက်လျက်ရှိပါတယ်"ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဒေါက်တာဟာရင်နိုင်တီယမ်းက (၁၆) ကြိမ်မြောက် မုတ်သုံဖိုရမ် တွင် ပြောကြားသည်။

(၁၆) ကြိမ်မြောက် အမျိုးသားအဆင့် မုတ်သုံဖိုရမ်ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Royal ACE Hotel ကေတုမတီခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဟာရင်နိုင်တီယမ်းက နှုတ်ခွန်းဆက် စကားပြောကြားပြီး ထိုင်းနိုင်ငံအခြေစိုက် ဒေသဆိုင်ရာဘက်စုံသဘာဝဘေး ကြိုတင်သတိပေးစနစ်မြှင့်တင်ရေးအဖွဲ့မှ Ms. Ruby Rose Pollicarpio က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

"ကမ္ဘာမြေပူနွေးလာတဲ့အတွက် ကမ္ဘာ့ဒေသတွေမှာ ရာသီဥတုပြောင်းလဲ မှု အကျိုးဆက်တွေ ကြုံတွေ့နေရသလို မြန်မာနိုင်ငံမှာလည်း ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုတွေ ကြုံတွေ့နေရတယ်။ အထူးသဖြင့် မိုးရွာသွန်းမှု ပုံစံတွေပြောင်းလဲလာတာ၊ မိုးရွာသွန်းတဲ့အချိန်တွေ မမှန်တာနဲ့ အပူချိန်မြင့်မား လာတာတွေဟာ သိသာထင်ရှားတဲ့ ရာသီဥတုဆိုင်ရာ ပြောင်းလဲမှုတွေ ဖြစ် တယ်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻




မြန်မာ့အလင်း

# အစွန်းရောက် ရာသီဥတုဖြစ်စဉ်များကို ကြိုတင်ပြင်ဆင်မှုများဖြင့် ရင်ဆိုင်

မိုးကြိုကာလ၏ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ ထူးထူးခြားခြားဖြစ်ပေါ်လာနေသည်။ ကမ္ဘာကြီးပိုမိုပူနွေးလာမှုကြောင့် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပေါ်နေသော ရာသီဥတုဖြစ်စဉ်များနှင့် မိုးလေဝသအခြေအနေများက ပိုမို၍ပြင်းထန်၊ ပိုမို၍ ကြမ်းတမ်းလာနေသည်။ အဆိုပါ ကစဉ့်ကလျားဖြစ်မှု အခြေအနေများက ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံကိုလည်း သက်ရောက်မှုများစွာ ဖြစ်ပေါ်စေလျက်ရှိသည်။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံအရပ်ရပ်၌ နေ့အပူချိန်များမြင့်တက်မှုကို အကြောင်းပြုပြီး မိုးတိမ်တောင်များဖြစ်ပေါ်ကာ လေပြင်းတိုက်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လေဆင်နှာမောင်းတိုက်ခတ်ခြင်း စသည်တို့ ဖြစ်ပေါ်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနက သတိပေးထားသည်။ လွန်ခဲ့သည့်ရှစ်နှစ် ယခုလိုအချိန် (၂၀၀၈ ခုနှစ် ဧပြီလ ၂၈ ရက်နေ့)တွင် ဘင်္ဂလားပင်လယ်အော်အတွင်း လေဖိအားနည်းရပ်ဝန်းအဖြစ် စတင်သန္ဓေတည်ခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြီးသည် မေ ၁ ရက်တွင် အင်အားအလွန်ပြင်းထန်သည့် မုန်တိုင်းကြီးအဖြစ်သို့ ရောက်ရှိခဲ့ပြီး မေ ၂ ရက်တွင် တစ်နာရီလျှင် ကီလိုမီတာ ၂၁၀ နှုန်းဖြင့် မြန်မာနိုင်ငံအတွင်း ဖြတ်သန်းဝင်ရောက်ခဲ့သည်။ နာဂစ်မုန်တိုင်းကြောင့် လူပေါင်း ၁၄၀၀၀၀ ခန့် သေကျေပျက်စီးခဲ့ရပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၁၁ ဒသမ ၇ ထရီလီယံအထိရှိခဲ့သည်။

နာဂစ်မုန်တိုင်းပြီးနောက် မုန်တိုင်းဒဏ်ကိုအခံရဆုံးသောဒေသဖြစ်သည့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသအတွင်း လမ်းကွန်ရက်များ ဖောက်လုပ်ခြင်း၊ မုန်တိုင်းဒဏ်ခံအဆောက်အအုံများ၊ သက်ကယ်ကုန်းများ၊ ရေလှောင်ကန်များစသည်တို့ကို ဆောက်လုပ်ခြင်းတို့ပြုလုပ်ခဲ့ရာ အကယ်၍ သဘာဝဘေးအန္တရာယ်တစ်စုံတစ်ရာ ကျရောက်လာပါက အမှန်တကယ် ထိထိရောက်ရောက် သုံးစွဲနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်စစ်ဆေးဖြည့်ဆည်းမှုများ၊ သဘာဝဘေးအန္တရာယ်တိမ်းရှောင်ရေး ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ထားရန် လိုအပ်မည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်ဟူသည် ဖုံးဖိထား၍မရ၊ ရှောင်လွှဲ၍လည်းမရ၊ မဖြစ်သေးခင်မည်သို့ ကြိုတင်ပြင်ဆင်မည်၊ ဖြစ်လာချိန်တွင် မည်သို့ရင်ဆိုင်မည်၊ ဖြစ်ပြီးချိန်တွင် မည်သို့ပြန်လည်ထူထောင်မည် စသည်တို့ကို ဗွဲ၊ သတ္တိ၊ လုံ့လ၊ ဝီရိယအရင်းခံ၍ စုပေါင်းညီညာကျော်လွှားကြရမည်ဖြစ်သည်။

လက်ရှိအခြေအနေတွင် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် အပူချိန်မြင့်မားမှုနှင့် ခြောက်သွေ့မှုများကိုရင်ဆိုင်နေကြရသည့် အနေအထားမှ လာမည့်မိုးလယ်ကာလနှင့် ဆောင်းရာသီတို့တွင် လာနီညာရာသီဥတုဖြစ်စဉ်ဖြစ်မည့်အခြေအနေ ၅၀ ရာခိုင်နှုန်းအထိ တိုးလာနေကြောင်း၊ လာနီညာကြောင့်မိုးများခြင်းနှင့် အအေးလွန်ကဲခြင်းစသည့် အစွန်းရောက်ရာသီဥတုဖြစ်စဉ်များကို ခံစားကြရနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မုတ်သုံဖိုရမ်တွင် ပြောကြားခဲ့ကြောင်းသတင်းတွင် တွေ့ရှိရသည်။

အလွန်အကျွံ ပူပြင်းခြောက်သွေ့ခြင်း၊ အလွန်အကျွံမိုးရွာသွန်းခြင်း၊ အအေးလွန်ကဲခြင်း စသည့် အစွန်းရောက်ရာသီဥတုဖြစ်စဉ်များကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေးများကို ထိခိုက်ပျက်စီးစေခြင်း၊ မြို့ရွာလူနေဒေသများအပေါ် ဘေးအန္တရာယ်တစ်စုံတစ်ရာ ကျရောက်ခြင်း၊ ရောဂါပိုးမွှားများနှင့်ကပ်ရောဂါများ ကျရောက်ခြင်းစသည့် ဖြစ်လာနိုင်ဖွယ်ရှိသော ဘေးအန္တရာယ်များကို ကြိုတင်မျှော်တွေး၍ ကာကွယ်မှုများ ပြုလုပ်သွားနိုင်ပါစေကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။




## မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၂၅**

ယနေ့မွန်းလွဲ ၂ နာရီ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ မိုးလေဝသခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရှမ်းပြည်နယ် အရှေ့ပိုင်းတို့တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

**(မြန်မာ့အလင်း)**

# မိတ္ထီလာကန်ကူးတံတား တစ်လမ်းမောင်းစနစ်သတ်မှတ်ခြင်းကြောင့် လမ်းခရီးအဆင်မပြေမှုများကြုံတွေ့နေရ

**မိတ္ထီလာ ဧပြီ ၂၅**

မိတ္ထီလာကန်ကူးတံတား ယခင်တံတားဟောင်း နှစ်လမ်းသွား ကျဉ်းမြောင်း၍ မော်တော်ယာဉ် ဖြတ်သန်းမောင်းနှင်သူများ လမ်းခရီးပိုမိုအဆင်ပြေချောမွေ့စေရန် မိတ္ထီလာကန်ကူးတံတား(လေးလမ်းသွား) သစ်ကို တိုးချဲ့တည်ဆောက်ခဲ့ပြီးနောက် ယင်းတံတားအရှေ့ထိပ်အနီးတွင် တစ်လမ်းမောင်းစနစ်သတ်မှတ်ခြင်းကြောင့် ဖြတ်သန်းမောင်းနှင်ကြသည့် ခရီးသွားများမှာ လမ်းခရီးအဆင်မပြေမှု နေ့စဉ်ကြုံတွေ့နေရကြောင်း သိရသည်။

“မိတ္ထီလာမြို့က ရန်ကုန်၊ မန္တလေး၊ မြင်းခြံ၊ တောင်ကြီး၊ ကျောက်ပန်းတောင်းမြို့ကြီး ငါးမြို့သွားရာ ခရီးလမ်းဆုံမြို့ဖြစ်ပြီး ဒေသခံပြည်သူတွေလည်း မိတ္ထီလာကန်ကူးတံတားဟောင်းပေါ်က နေ့စဉ်ဖြတ်သန်းသွားလာနေတော့ တံတားပေါ်မှာ နေ့စဉ်နံနက်နဲ့ညနေတိုင်း ယာဉ်ကြောရှုပ်ထွေးမှုဖြစ်ခဲ့တယ်။ ဒါကြောင့် မိတ္ထီလာကန်ကူးတံတားဟောင်း နှစ်လမ်းသွားကို လေးလမ်းသွား ကန်ကူးတံတားအသစ်အဖြစ် တိုးချဲ့တည်ဆောက်ပေးခဲ့တယ်။ ကန်ကူးတံတားအသစ် တိုးချဲ့တည်ဆောက်ပြီးပေမယ့် ယခင်ပုံမှန်အတိုင်းမဟုတ်ဘဲ တံတားအရှေ့ထိပ်အနီးမှာ ကွန်ကရစ်တုံးတွေ တန်းစီချပြီးအဲဒီနားမှာ တစ်လမ်းမောင်းစနစ်သတ်မှတ်လိုက်တော့ နေ့စဉ်တံတားပေါ်ဖြတ်တဲ့ ယာဉ်တွေက မြို့လယ်ဘုရားအနီးအကွေ့မှာ တော်တော်လေး သတိထားမောင်းနှင်ရတယ်။ မြင်းခြံလမ်းဘက်က တောင်ဘက်ကိုလာတဲ့ မော်တော်ယာဉ်တွေကို ကျောက်ပန်းတောင်းဘက်က လာပြီး မြင်းခြံဘက်ကွေ့မယ့် မော်တော်ယာဉ်က မျက်ကွယ်ရာ အကွေ့ဖြစ်လို့ ရုတ်တရက်မမြင်ရဘူး။ ပြီးတော့ အဲဒီနားက မော့တက်တက်ရတဲ့ အတက်လမ်းလည်း ဖြစ်နေတော့ နေ့စဉ် အရင်ထက်ပိုပြီး သတိထားမောင်းနှင်နေရတယ်” ဟု ပေါက်ချောင်းရပ်ကွက်၌ နေထိုင်သည့် ဒေသခံ ယာဉ်မောင်းတစ်ဦးက ပြောသည်။

မိတ္ထီလာကန်ကူးတံတား အရှေ့ထိပ်အနီး၌ ကွန်ကရစ်တုံးများ တန်းစီချကာ တစ်လမ်းမောင်းစနစ်သတ်မှတ်ထားခြင်းကြောင့် ခရီးသွား မော်တော်ယာဉ်မောင်းသူများနှင့် ဒေသခံပြည်သူများအနေဖြင့် မြို့လယ်ဘုရားအနီးအကွေ့တွင် ယာဉ်အန္တရာယ် မဖြစ်စေရန် ယခင်ထက်သတိထား သွားလာနေရသကဲ့သို့ လာမည့် ကျောင်းဖွင့်ရာသီတွင် ယင်းအကွေ့အနီး၌ ယာဉ်ကြောပိတ်ဆို့မှုများလည်း ဖြစ်ပေါ်နိုင်သဖြင့် မူလအတိုင်း ယာဉ်လမ်းကြောင်းသတ်မှတ်ပေးရန် ဒေသခံပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၅-၄-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၅၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၁၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၇၀ / ၅၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀ / ၅၄၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၆၈.၀ |
| ဥရောပ | တစ်ယူရို | ၁၃၁၁.၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၆၂.၂၅ |
| ထိုင်း | တစ်ဘတ် | ၃၃.၃၀၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၅၁၀ |
| တရုတ် | တစ်ယွမ် | ၁၇၉.၆၇ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈.၆၁ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊
Fax- ၀၁-၈၆၀၄၅၄၆

# အိန္ဒိယ - မြန်မာ မီဒီယာကဏ္ဍ ဖွံ့ဖြိုးရေးအစီအစဉ်များနှင့် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များဆွေးနွေး



**နေပြည်တော် ဧပြီ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး Mr. Gautam Mukhopadhaya သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် လည်းကောင်း **(ယာပုံ)**၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုအဖွဲ့အစည်း (OECD) မှ ညွှန်ကြားရေးမှူး Mr. Pete Silvester သည် မွန်းလွဲ ၂ နာရီ တွင်လည်းကောင်း အဆိုပါဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အိန္ဒိယနိုင်ငံ သံအမတ်ကြီးတို့ တွေ့ဆုံစဉ် အိန္ဒိယ-မြန်မာ မီဒီယာကဏ္ဍ ဖွံ့ဖြိုးရေး အစီအစဉ်များနှင့် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို လည်းကောင်း၊ OECD မှ ညွှန်ကြားရေးမှူးနှင့် တွေ့ဆုံစဉ် ပြန်ကြားရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော မီဒီယာကဏ္ဍနှင့်ပတ်သက်၍ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု ရှိသည့် မီဒီယာကဏ္ဍ ပိုမိုဖြစ်ထွန်းရေးအတွက် လိုအပ်သလို ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို လည်းကောင်း ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

---

*✱ ရှေ့ဖုံးမှ*

၂၀၁၆ ခုနှစ် မိုးလယ်ကာလနှင့် ဆောင်းရာသီကာလတွေမှာ အလေးထားသင့်တဲ့ ထူးခြားရာသီဥတုဖြစ်စဉ်ကာလ လာနီညာရာသီဥတုဖြစ်တယ်။ လက်ရှိ ပစိဖိတ်သမုဒ္ဒရာရဲ့ လေထု၊ ရေထု၊ အညွှန်းကိန်းတွေအရ အယ်နီညိုဖြစ်စဉ်ဟာ တဖြည်းဖြည်း အားလျော့လာခဲ့ပြီး ၂၀၁၆ ခုနှစ် မိုးလယ်ကာလနှင့် ဆောင်းရာသီကာလတွေမှာ လာနီညာဖြစ်ဖို့ အခြေအနေဟာ ၅၀ ရာခိုင်နှုန်းထိ တိုးတက်လာနေတယ်။ လာနီညာဖြစ်စဉ်ကြောင့် သက်ရောက်လာမယ့် ရာသီဥတုအခြေအနေဟာ အယ်နီညိုရာသီဥတုနဲ့ ဆန့်ကျင်ဘက် အခြေအနေဖြစ်လို့ မိုးများတာတွေ၊ အအေးလွန်ကဲတာတွေ စတဲ့ အစွန်းရောက်ရာသီဥတုဖြစ်စဉ်တွေကို ခံစားရနိုင်ပါတယ်။ ဒါ့ကြောင့် ဒီဆွေးနွေးပွဲမှာ မိုးလေဝသနဲ့ ဇလဗေဒဆိုင်ရာတွေ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အခြေအနေတွေ၊ ခန့်မှန်းချက်တွေနဲ့ သုံးသပ်ချက်တွေကို အသေးစိတ် ဆွေးနွေးသွားမှာ ဖြစ်တယ်”ဟု ဒေါက်တာ ဟာရင်နိုင်တီယမ်းက ဆက်လက်ပြောကြားသည်။

(၁၆)ကြိမ်မြောက် အမျိုးသားအဆင့် မုတ်သုံဖိုရမ်ဆွေးနွေးပွဲကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန ထိုင်းနိုင်ငံအခြေစိုက် ဒေသတွင်း ဘက်စုံသဘာဝဘေး ကြိုတင်ကာကွယ်ရေးဌာနနှင့် အာရှနှင့် ပစိဖိတ်ဒေသ၊ စီးပွားရေးနှင့် လူမှုရေးကော်မရှင်တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ဒေသဆိုင်ရာ ဘက်စုံ သဘာဝဘေး ကြိုတင်သတိပေးစနစ် မြှင့်တင်ရေးအဖွဲ့မှ ပညာရှင်များ၊ အမေရိကန်နိုင်ငံ အမျိုးသားသမုဒ္ဒရာနဲ့ လေထုဆိုင်ရာ စီမံခန့်ခွဲရေးဌာနမှ ပညာရှင်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ ဖိုရမ်ကို ဧပြီ ၂၅ ရက်မှ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ၁၅ ကြိမ်မြောက် မုတ်သုံဖိုရမ်တွင် တင်ပြခဲ့သည့် ဆောင်းရာသီကာလ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ ခန့်မှန်းချက်များ ပြန်လည်သုံးသပ်ခြင်း၊ ၂၀၁၆ ခုနှစ် မုတ်သုံရာသီကာလ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ ခန့်မှန်းချက်များ ဆွေးနွေးခြင်း၊ ၂၀၁၆ ခုနှစ် မုတ်သုံကာလအတွက် ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်မှုအခြေအနေများ ဆွေးနွေးခြင်း၊ ရာသီအလိုက် ကြိုတင်ပြင်ဆင်မှုအခြေအနေများ ဆွေးနွေးခြင်း၊ မိုးလေဝသ ခန့်မှန်းချက်များ ထုတ်ပြန်ရာတွင် နည်းပညာအသုံးချမှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ရန် မဟာဗျူဟာများ ချမှတ်ခြင်းနှင့် သဘာဝ ဘေးအန္တရာယ်များနှင့် ပတ်သက်သည့် ထုတ်ပြန်ချက်များကို ဆွေးနွေးကြမည် ဖြစ်သည်။

**(သတင်းစဉ်)**

---

# မော်လမြိုင်နှင့် သထုံမြို့တို့တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၅**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ ဦးဆောင်၍ မော်လမြိုင်မြို့၌ ဧပြီ ၂၄ ရက် နံနက် ၆ နာရီခွဲက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၏ ကြီးကြပ်မှုဖြင့် ဒုတိယပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သောင်းဝင်း ဦးစီးသည့် ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ ပြည်နယ် ရဲအကူတပ်ဖွဲ့ခွဲ၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် ခရိုင် လုံခြုံရေးတပ်ခွဲ၊ အမှတ်(၁၂) ယာဉ်ထိန်းဒုတိယရဲတပ်ဖွဲ့ခွဲနှင့် မြို့နယ်ရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင် အရာရှိ/အခြားအဆင့် စုစုပေါင်း ၁၅၈ ဦးတို့က မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် မြိုင်ရတနာဈေးပတ်ဝန်းကျင် သာသနာ့ဗိမာန်လမ်းတစ်လျှောက်နှင့် အနောက် တပ်မြေလမ်းတစ်လျှောက်ရှိ ချုံနွယ်များ၊ အမှိုက်များနှင့် စွန့်ပစ်ပစ္စည်းများအား စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြရာ အဆိုပါ စုပေါင်းသန့်ရှင်းရေးပြုလုပ်ရာသို့ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ ထိန်လင်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နိုင်သောင်းညွှန့်တို့ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

အလားတူ ယင်းနေ့ နံနက် ၆ နာရီမှစ၍ မွန်ပြည်နယ် သထုံမြို့ရှိ ရွှေစာရံစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ စေတီတော်ပတ်ဝန်းကျင်နှင့် သထုံမြို့မဈေးတို့၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးအောင်ကျော်သူနှင့် ဒေါ်လဲ့လဲ့ခိုင်တို့ဦးဆောင်သည့် ပြည်သူ ၁၀၀၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နန္ဒဝင်း ဦးစီးသည့် ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် အမှတ်(၇၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စုတို့မှ တပ်ဖွဲ့ဝင်/ မိသားစုဝင်များ စုစုပေါင်း ၈၉ ဦးတို့က စည်ပင်အမှိုက်သိမ်း ယာဉ်နှစ်စီးဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကိုရဲ**



---

*❒ ကျောဖုံးမှ*

ယင်းတွေ့ဆုံဆွေးနွေးပွဲတွင် လှိုင်သာယာရွှေလင်ပန်း စက်မှုဇုန်ဥက္ကဋ္ဌ ဦးသောင်းအေး တင်ပြသည့် စက်မှုဇုန်များအတွင်း နေထိုင်လျက်ရှိသော ကျူးကျော်များ၊ စက်မှုဇုန်များအတွင်းရှိ စက်ရုံများတွင် လျှပ်စစ်လိုအပ်ချက်များ၊ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအတွက် လိုအပ်မှုများ စသည့် အခက်အခဲပြဿနာများ တင်ပြခဲ့မှုအပေါ် ဝန်ကြီးချုပ်က ကျူးကျော်များနှင့်ပတ်သက်၍ လည်းကောင်း၊ လျှပ်စစ်နှင့်ပတ်သက်၍လည်းကောင်း၊ ကျန်လိုအပ်လျက်ရှိသည့် အခက်အခဲများကို သက်ဆိုင်ရာ အစိုးရအနေဖြင့် တတ်နိုင်သရွေ့ အစွမ်းကုန်နှင့် အမြန်ဆုံးဖြစ်အောင် စွမ်းဆောင်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း သီလဝါ အထူးစီးပွားရေးဇုန်မှလွဲ၍ ကျန်စက်မှုဇုန်များအားလုံးကိုလည်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများအား ဇုန်များဖွံ့ဖြိုးတိုးတက်စေရန် တာဝန်ခွဲဝေချထားပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

“ကျွန်တော်တို့ ကျူးကျော်တွေနဲ့ ပတ်သက်လို့ကတော့ အချိန်ယူပြီး အခြေအနေတစ်ရပ်အဖြစ် ဖြေရှင်းပေးရမှာပါ။ ဒါပေမယ့် အဲဒီအချိန်ဟာ ပြေလည်သွားရမယ့် အခြေအနေဖြစ်စေချင်တယ်။ ပြဿနာကို ပိုတိုးပွားလာတဲ့ အခြေအနေမျိုးလည်း မဖြစ်စေချင်ဘူး။ ဘူဒိုဇာအစိုးရလည်း မဖြစ်စေချင်ဘူး။ ဆင်းရဲပြီး နေစရာမရှိတဲ့သူတွေကို ခုတုံးလုပ်ပြီး လုပ်စားနေတဲ့သူတွေရဲ့ကြားမှာ ရွှေ့ပြောင်းအလုပ်သမားတွေက ကျူးကျော်အဖြစ်ကိုရောက်နေတဲ့ အခြေအနေမျိုးတွေလည်း ရှိတယ်။ ဒီအခြေအနေမျိုးတွေကို မှန်မှန်ကန်ကန်ဆောင်ရွက်ဖို့ အချိန်နည်းနည်း ပေးရပါမယ်။ အမှန်တကယ်ကျူးကျော်တွေအတွက် အကောင်းဆုံးဖြစ်အောင်တော့ ဇုန်လုပ်ငန်းရှင်တွေနဲ့ ပူးပေါင်းဖြေရှင်းရမှာပါ”ဟု ဝန်ကြီးချုပ် ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များအတွင်းနှင့် ဝန်းကျင်ဒေသများတွင် ပြဿနာအများဆုံးမှာ ရွှေ့ပြောင်းလုပ်သားများ၏ ကျူးကျော်ကိစ္စများပင် ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်စပြုလာသည့် စက်မှုဇုန်များတွင် ထိုပြဿနာမှာ ပိုမိုများပြားလျက်ရှိသည်။ အဆိုပါပြဿနာ အရင်းခံမှာ အခွင့်အရေးတစ်ရပ်ကို လက်ကိုင်ထားကြသည့် လူတချို့က ရွှေ့ပြောင်းလုပ်သားများ၏ မှီခိုရာမဲ့ အားနည်းချက်ကို အခွင့်ကောင်းယူကာ ကျူးကျော်တဲများကို အခွင့်အရေးရသည်နှင့် ဆောက်၍ ရွှေ့ပြောင်းလုပ်သားများအား တန်ဖိုးတစ်ခုသတ်မှတ်ကာ အသုံးချရောင်းစားခဲ့သည်။ ယင်းဖြစ်ရပ်မှ ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန်များနှင့် ဝန်းကျင်ဒေသများတွင် ကျူးကျော်ပြဿနာများ ပေါ်ပေါက်တိုးပွားလာခြင်းဖြစ်သည်။

“ကျူးကျော်ကိစ္စဟာ စာရင်းပြုစုဖို့လိုမယ်။ ဒီတိုင်းရောချလိုက်တာမျိုး မလုပ်ချင်ဘူး။ တကယ် ဘဝကို တိုးတက်ရာတိုးတက်ကြောင်း လုပ်ချင်တယ်။ အခြေအနေအကြောင်းကြောင်းကြောင့် ဒီလိုဖြစ်နေတယ်ဆိုရင် ကျွန်တော်တို့အစိုးရမှာတာဝန်ရှိတယ်။ ဒီကျူးကျော်နဲ့ ပတ်သက်လို့ ကျွန်တော်တို့တစ်တွေ နယ်မြေတွေထဲထိ အောင်ဆင်းပြီး ပူးပေါင်းဆောင်ရွက်ပါမယ်။ ရွှေ့ပြောင်းလုပ်သား တော်တော်များအတွက် ဒီပြဿနာဖြေရှင်းရမှာပါ။ တိုက်ခန်းဆောက်ပေး၊ ငှားပေးလို့လည်း အဆင်မပြေနိုင်ဘူး။ သူတို့ဟာ စက်ရုံတွေအတွက်လည်း အသုံးတည့်တဲ့ အလုပ်သမားတွေဖြစ်သလို ကျွန်တော်တို့ နိုင်ငံသားတွေလည်း ဖြစ်နေတယ်။ ဖြေရှင်းနိုင်တဲ့ နည်းလမ်းတစ်ရပ်ရှာရမယ်။ အစိုးရဘက်က မြေရအောင်လုပ်မယ်။ မြေကို ထိုက်တန်တဲ့ အခြေအနေတစ်ခုနဲ့ ညှိလိုက်မယ်။ သူတို့ကို စက်မှုဇုန်နဲ့ အဝေးထားလို့မရဘူး။ လမ်းစရိတ်ပြဿနာလည်းရှိတယ်”ဟု ဝန်ကြီးချုပ်က လုပ်သားကျူးကျော်များနှင့် ပတ်သက်၍ ဆက်လက်ပြောကြားသည်။




**ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း**

ယနေ့အစည်းအဝေးတွင် ဝန်ကြီးချုပ်နှင့် စက်မှုဇုန်မှ တာဝန်ရှိသူများသည် ကျူးကျော်ကိစ္စများအပြင် စက်မှုဇုန်များအတွင်း အခက်အခဲဖြစ်ပေါ်နေသော လျှပ်စစ်မီး မလုံလောက်မှုကိစ္စများ၊ လမ်းပန်းဆက်သွယ်ရေးကိစ္စများ၊ ကျွမ်းကျင်လုပ်သားရှားပါးမှုကိစ္စရပ်များနှင့် အခြားသော စိန်ခေါ်မှုကိစ္စရပ်များကို တိုင်းဒေသကြီးအစိုးရအနေဖြင့် တာဝန်နှင့် လုပ်ပိုင်ခွင့်ဘောင်အတွင်းမှ အတတ်နိုင်ဆုံးနှင့် အလျင်မြန်ဆုံးဖြစ်အောင် စွမ်းဆောင်ပေးနိုင်ရန်နှင့် လိုအပ်သည်များကို အထက်သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆွေးနွေးခဲ့ကြသည်။

---

## ပြင်ဆင်ဖတ်ရှုပါရန်

ဧပြီ ၂၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၃ တွင် ဖော်ပြခဲ့သော “တစ်ပါးသူကို မထိခိုက်စေခြင်းသာ အဓိကဟူသော အခြေခံမူနှင့် ဥပဒေပြုမှု” အတွေးအမြင်ကဏ္ဍ၏ နောက်ဆုံးစာပိုဒ် စာကြောင်းရေ (၂)နှင့် (၄)တို့တွင် “အကျုံးဝင်ဆက်တိုင်အစား အကျုံးဝင်သက်ဆိုင်” ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(စာတည်း)**

---

## ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

# ရွှေ့ပြောင်းလုပ်သားများ၏ အခွင့်အရေးရရှိရေးအတွက် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် မေ ၂၅**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ရန်ကုန်မြို့အခြေစိုက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ဌာနေကိုယ်စားလှယ် Mr.Giuseppe de Vincentiis နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး ဝန်ကြီးဌာနနှင့် UNHCR တို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုး၍ လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေ၊ UNHCR ၏ လုပ်ငန်းစဉ်များ ရှင်းလင်းညှိနှိုင်း ဆောင်ရွက်ပြီးပါက MoU သက်တမ်းတိုးခြင်းနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။

အလားတူ ညနေ ၃ နာရီတွင် ဥရောပသမဂ္ဂအဖွဲ့ရုံးမှ သံအမတ်ကြီး Mr.Roland Kobia နှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ပင် ဆက်လက်တွေ့ဆုံ၍ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ ဖြစ်စဉ်များ၌ နည်းပညာ အကူအညီပေးရေး၊ ရွှေ့ပြောင်းလုပ်သားများ၏ အခွင့်အရေးရရှိရေးအတွက် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ဖြတ်ကျော်သွားလာမှုများတွင် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **(ယာပုံ)**

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် အမြဲတမ်းအတွင်းဝန်များဖြစ်ကြသည့် ဦးမျိုးအောင်နှင့် ဦးမြင့်ကြိုင်၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



◆ *ရှေ့ဖုံးမှ*

"မြေယာကိစ္စတွေက လက်ရှိပြည်သူ့အစိုးရအတွက် အဓိက စိန်ခေါ်မှုကြီးပဲ။ ဒါကိုကိုင်တွယ်ဖို့က ပထမဆုံး ကျူးကျော်တွေအတွက် နေထိုင်ဖို့ သင့်တင့်တဲ့အိမ်ရာတွေကို စီစဉ်ပေးပြီး အရင်ဆုံးဖြေရှင်းရမယ်။မန္တလေးမှာက အရပ်လေးမျက်နှာတင်မက အရပ်ရှစ်မျက်နှာအထိ ကျူးကျော်နေထိုင်သူတွေ အများကြီးရှိနေတယ်။ ဒါကြောင့် အိမ်ရာတွေကို အရပ်ရှစ်မျက်နှာအထိ ဆောက်ပေးပြီး လမ်းဘေးကျူးကျော်တွေကို အရင်ရှင်းပစ်ရမယ်လို့ ထင်ပါတယ်" ဟု ၎င်းက ပြောသည်။

ထို့အပြင် မြေဈေးနှုန်းကြီးမြင့်မှုသည် ငွေကြေးဖောင်းပွမှုဖြစ်ခြင်းကြောင့် ငွေကြေးကွာဟမှုကို ထိန်းချုပ်ပေးသင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ "အမှန်တကယ်က ငွေဈေးကြီးတာ မဟုတ်ဘူး။ငွေကြေးကွာဟမှုကြောင့် ဖြစ်နေတာပါ။ ကျွန်တော်တို့ မြန်မာငွေက တရုတ်ငွေတန်ဖိုးနဲ့ဆို အဆ ၂၀၀၊ ထိုင်းနဲ့ဆို အဆ ၄၀၊ ဒေါ်လာနဲ့ဆို အဆထောင်ကျော် ကွာဟနေတဲ့အတွက် မြန်မာငွေနဲ့တွက်ရင် မြေဈေးကကြီးတယ်လို့ ထင်စရာဖြစ်နေတာပါ။ ငွေဈေးညီမျှမှုရှိရင် ဒီပြဿနာ ပြေလည်သွားမှာပါ" ဟု ၎င်းကဆိုသည်။

လက်ရှိမန္တလေးမြို့၌ ဧရာဝတီမြစ်ကမ်းတစ်လျှောက် ကျူးကျော်နေထိုင်ကြသည့် အခြေခံလူတန်းစားများအတွက် အငှားအိမ်ရာများကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက တည်ဆောက်ပေးခဲ့ပြီး တစ်လလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ငှားရမ်းနေထိုင်ခွင့်ပြုခဲ့ကြောင်း သိရသည်။

## လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

**စစ်တွေ မေ ၂၅**

မေ ၂၅ ရက် နံနက် ၉ နာရီက ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်း၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ မြောက်ဦးမြို့နယ် သံချောင်းသစ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော အိမ်ထောင်စုဝင်များအားတွေ့ဆုံကာ အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေနှင့်ထောက်ပံ့ ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းသို့ ထောက်ပံ့ငွေများပေးအပ်ရာတွင် လေဘေးသင့်ပြည်သူများ၏ လုံးဝပျက်စီးသွားသောအိမ်များအတွက် ငွေကျပ် ငါးသိန်းစီ၊ ပြန်လည် ပြုပြင်ရန်လိုအပ်သောအိမ်များအတွက် ငွေကျပ်နှစ်သိန်းစီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ ထို့အပြင် ပျက်စီးခဲ့သော ဘုန်းတော်ကြီးကျောင်း၊ ကျေးလက်ဆေးပေးခန်း၊ စာသင်ကျောင်းများကိုလည်း မိုးမကျမီ အမြန်ဆုံးပြန်လည်ပြုပြင်တည်ဆောက်ပေးနိုင်ရန် စီစဉ်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မေ ၂၄ ရက်က မြောက်ဦးမြို့နယ် သံချောင်းသစ်ကျေးရွာနှင့် မောင်ရွှိကန်ကျေးရွာတို့တွင် လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် ဆုံးရှုံးမှုခန့်မှန်းတန်ဖိုး စုစုပေါင်း ငွေကျပ် ၂၇၂ သိန်းခန့်ရှိကြောင်း သိရသည်။

**မြတ်ဝေ**




❖ *ကျောဖုံးမှ*

သွားလာတဲ့အခါ ဘေးကင်းဖို့ဌာနက အခါအားလျော်စွာ ရေလမ်း သတိပေးချက်တွေ ထုတ်ပြန်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

သို့ဖြစ်ရာ ရာသီဥတုပြောင်းလဲမှုကြောင့် ရုတ်တရက် လေပြင်းတိုက်ခတ်မှုများနှင့် မိုးမှောင်ကျမှုများဖြစ်ပေါ်လာသည့်အခါ ရေယာဉ်များ အန္တရာယ်ကင်းစေရေးအတွက် အထူးဂရုပြုမောင်းနှင်ကြရန်နှင့် ရေယာဉ်များ လိုက်နာရမည့်နည်းဥပဒေများကို လေးစားလိုက်နာသွားကြရန်လိုကြောင်း သတိပေးချက်ကို သက်ဆိုင်သူအားလုံးသို့ ထုတ်ပြန်ပေးထားကြောင်း သိရသည်။

**အောင်ရဲသွင်**

● *ကျောဖုံးမှ*

မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဇာနည်ဝင်းက အဆိုပါအခမ်းအနားတွင် ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး(ငြိမ်း)၊ ကိုရီးယားသံအမတ်ကြီး ကီဗင်ဆွန်၊ INNO ကုမ္ပဏီဥက္ကဋ္ဌ ဆောင်ဆွန်ဆမ်းအစရှိသော ကိုရီးယားနိုင်ငံမှ ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

ယင်းစီမံကိန်းသည် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်ပိုင်မြေ ၇ ဒသမ ၆၂၉ ဧကပေါ်တွင် တောင်ကိုရီးယားနိုင်ငံမှ INNO ကုမ္ပဏီက အမေရိကန် ဒေါ်လာသန်း ၁၂၀ ရင်းနှီးမြှုပ်နှံကာ လူနေအိမ်ခန်းပေါင်း ၂၁၆ ခန်းပါ အထပ် ၃၀ မြင့် အဆောက်အအုံနှစ်လုံး၊ လူနေအိမ်ခန်း ၁၀၄ ခန်းပါ ၂၉ ထပ်မြင့် အဆောက်အအုံ သုံးလုံး၊ ၁၃ ထပ်မြင့် ဟိုတယ်တစ်လုံး၊ အဝေးပြေးယာဉ် ရပ်နားစခန်း၊ convertion centre,Shopping mall တို့ကို တည်ဆောက်သွားမည်ဖြစ်ကြောင်း ယင်းတည်ဆောက်ရေးစီမံကိန်းကို ၂၀၁၈ ခုနှစ်အကုန် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းပြီးစီးသွားပါက လူဦးရေ ၅၀၀၀ နေထိုင်နိုင်မည့် သီးသန့်မြို့ငယ်တစ်ခုအဖြစ် နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) တို့၏ခွင့်ပြုချက်ရယူကာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအောက်ရှိ ဌာနများ၊ မီးသတ်ဦးစီးဌာနတို့ ညှိနှိုင်းပေါင်းစပ်၍ စီမံကိန်းလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယင်းစီမံကိန်းတွင် ကိုရီးယားကုမ္ပဏီများက BOT စနစ်နှင့်လည်းကောင်း JV စနစ်နှင့်လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ**

### ပြင်ဆင်ဖတ်ရှုပါရန်

မေ ၂၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၄ ပါ roodstocks **အစား** Broodstock (မျိုးငါး) ဟုလည်းကောင်း၊ GAP လို့ခေါ်တဲ့ Factory **အစား** GAP လို့ခေါ်တဲ့ hatchery (သားဖောက်စခန်း) ဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

**(စာရေးသူ)**

# မိုးမိတ်နှင့် မဘိမ်းမြို့နယ်အတွင်း လေပြင်းဒဏ်ခံရသည့် ကျေးရွာများ အပျက်အစီးရှင်းလင်းရေးလုပ်ငန်းများ ကူညီဆောင်ရွက်



**နေပြည်တော် ဧပြီ ၂၅**
ရှမ်းပြည်နယ် မြောက်ပိုင်း မိုးမိတ်မြို့နယ်နှင့် မဘိမ်းမြို့နယ်တို့တွင် ဧပြီ ၂၂ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်မှုနှင့်အတူ မိုးသည်းထန်စွာရွာသွန်းပြီး မိုးသီးများကြွေကျခဲ့ရာ မိုးမိတ်မြို့ပေါ်ရပ်ကွက် လေးခုနှင့် ပတ်ဝန်းကျင်ရှိကျေးရွာ ၁၅ ရွာခန့်မှ လူနေအိမ် အလုံး ၁၅၀၀ ခန့်နှင့် မဘိမ်းမြို့ပေါ်ရပ်ကွက် သုံးခုနှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာ ၁၀ ရွာခန့်မှ လူနေအိမ် အလုံး ၆၅၀ခန့်မှာ သွပ်မိုးများ ပေါက်ပြဲပျက်စီးခြင်း၊ အမိုးများလန်ခြင်း၊ သစ်ပင်ကြီးများကျိုးကျ၍ လမ်းများပိတ်ဆို့ခြင်းနှင့် တယ်လီဖုန်းတိုင်၊ မီးတိုင်များ ပြိုလဲခြင်းတို့ဖြစ်ပွားခဲ့သည်။

အဆိုပါနေရာများသို့ တပ်မတော်သားများက သွားရောက်၍ အပျက်အစီးများ ရှင်းလင်းဖယ်ရှားခြင်း၊ ယာယီနေထိုင်နိုင်ရန် အမိုးအကာများ ပြုလုပ်ပေးခြင်းနှင့် လမ်းပိတ်ဆို့နေသော သစ်ပင်များအား ရှင်းလင်းဖယ်ရှားခြင်းစသည့် ကူညီစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။**(ယာပုံ)**
**(မြဝတီ)**



# လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များလဲကျ ကားလမ်းပိတ်ဆို့နေမှုအား ဖယ်ရှားရှင်းလင်း

**နေပြည်တော် ဧပြီ ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်တွင် ဧပြီ ၂၄ ရက် မွန်းလွဲပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် ရွှေဘို-မုံရွာကားလမ်းဘေးဝဲယာမှ သစ်ပင်ကြီးများ ကားလမ်းပေါ်သို့လဲကျပြီး ကားလမ်းပိတ်ဆို့မှုဖြစ်ပေါ်ခဲ့ရာ နယ်မြေခံ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများစုပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

ထိုသို့ ဆောင်ရွက်မှုအခြေအနေအား အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သန်းလှိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရာ ယခုအခါ ကားလမ်းပေါ်ရှိ အပင်ကြီးများရှင်းလင်းပြီးဖြစ်၍ ယာဉ်များပုံမှန်သွားလာနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။
**(မြဝတီ)**

# ကဝမြို့နယ်၌ စစ်တောင်းမြစ်ဝ ကမ်းဘေးရွာများ ဒီလှိုင်းဒဏ်ကြောင့် ကျေးရွာနှင့် လယ်ယာမြေဧက ထောင်ချီပျက်စီးဆုံးရှုံး၍ အကူအညီများလိုအပ်

**ပဲခူး ဧပြီ ၂၅**
ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ်အတွင်းရှိ စစ်တောင်းမြစ်ဝ ကမ်းဘေးရွာများ ဒီလှိုင်းဒဏ်ကြောင့် ကမ်းများပြိုကျကာ ရွာမြေများ၊ လယ်ယာမြေများ ပျက်စီးဆုံးရှုံးရသည့် သဘာဝဘေးအန္တရာယ် ကျရောက်ခံစားနေရသည်ကို တွေ့ရသည်။ **(အောက်ပုံ)**

ကဝမြို့နယ် တံတားဦးကျေးရွာအုပ်စုတွင်ပါဝင်သည့် သမ္ဘာန်ဆိပ်ကျေးရွာ၏ အိမ်ခြေ ၇၀ ကျော်နှင့် လယ်ယာမြေများ ကမ်းပြိုပျက်စီးခြင်း၊ ရေငန်များ ဝင်ရောက်ဖုံးလွှမ်းခြင်းကြောင့် ရွာလုံးကျွတ်ပြောင်းရွှေ့သွားသည်ကို တွေ့ရသည်။ "သမ္ဘာန်ဆိပ်ကတော့ ကုန်သွားပါပြီ။ အားလုံး ပြောင်ကုန်ပြီ၊ ဖျက်ပြီး ရွှေ့နိုင်တာရှိသလို ရေထဲပါသွားတာ များတယ်။ ကျန်တဲ့မြေကလည်း ရေငန်ဝင်ပြီး သုံးမရတော့ဘူး။ ပြောင်းကြတာ။ တချို့က မွန်ပြည်နယ်ဘက်၊ တချို့က နီးစပ်ရာမှာ အဆင်ပြေသလို ပြောင်းနေကြပါတယ်"ဟု တံတားဦးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်မန်းက ပြောသည်။

တံတားဦး ကျေးရွာအုပ်စုတွင် တံတားဦး၊ စာဖြူစုနှင့် သမ္ဘာန်ဆိပ်ကျေးရွာတို့ပါဝင်ပြီး အိမ်ခြေ ၄၀၀ ခန့်နှင့် လယ်ယာမြေဧက ၅၆၀၀ ခန့်ရှိသည့်အနက် ကမ်းပြိုကျမှုကြောင့် ဧက ၄၀၀၀ ကျော်ဆုံးရှုံးခဲ့ရပြီး နေအိမ်များဖြိုဖျက်ပြောင်းရွှေ့နေကြသည်ကို တွေ့ရသည်။ ရွာသစ်တည်ရန် မြေနေရာလိုအပ်နေကြောင်းသိရပြီး သက်ဆိုင်ရာ အစိုးရအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များ၏ အကူအညီများ လိုအပ်နေကြောင်း ဒေသခံများထံမှ သိရသည်။

ပင်လယ် ဒီရေလှိုင်းဒဏ်ကို ကာကွယ်ရန် အောက်ခြေ ၁၂ ပေ၊ အမြင့်ခြောက်ပေ၊ အရှည်ပေ ၄၀၀၀ ခန့်ရှိသည့် ရေကာတာတစ်ခုကို ရွာသားများစုပေါင်းပြီး သိန်း ၆၀ ခန့် အကုန်အကျခံ ကိုယ့်အားကိုယ်ကိုး တည်ဆောက်ထားသည်ကိုလည်း တွေ့မြင်ရသည်။

မိုးမကျမီ ယခုတာထက် ပိုမိုကြီးမားသည့် တာတစ်လုံးနှင့် မြို့နှင့်ဆက်သွယ်ရန် အမာခံလမ်းမကြီးတစ်ခု၊ ရွာမြေနေရာသစ်တစ်ခုတို့ လိုအပ်လျက်ရှိကြောင်း၊ ဒေသခံများက သက်ဆိုင်ရာသို့ တင်ပြ အကူအညီ တောင်းခံနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။
**(၁၃၁)**



# မိတ္ထီလာမြို့နယ်၌ ၂၀၁၃ ခုနှစ်က မီးလောင်မှုဖြစ်စဉ်အတွင်း ဆုံးရှုံးသွားသော မီတာများကို ပြန်လည်တပ်ဆင်ပေးမည်

**မိတ္ထီလာ ဧပြီ ၂၅**
မိတ္ထီလာမြို့နယ်၌ ၂၀၁၃ ခုနှစ်က မီးလောင်မှုဖြစ်စဉ်အတွင်း နန်းတော်ကုန်းရပ်ကွက် ချမ်းအေးသာယာနယ်မြေအတွင်းရှိ အိမ်ထောင်စုများမှ ဆုံးရှုံးသွားသောမီတာများကို ပြန်လည်တပ်ဆင်ပေးနိုင်ရန် ညှိနှိုင်းစည်းဝေးကို ဧပြီ ၂၅ ရက် နံနက် ၉ နာရီက နန်းတော်ကုန်းအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။

ထိုသို့ တွေ့ဆုံညှိနှိုင်းရာတွင် မီးလောင်မှုဖြစ်စဉ်အတွင်း နန်းတော်ကုန်းရပ်ကွက် ချမ်းအေးသာယာနယ်မြေအတွင်းရှိ အိမ်ထောင်စုများမှ ပျက်စီးခြင်းမရှိသော မီတာ ၅၄ လုံးအား မြို့နယ်လျှပ်စစ်မှ တာဝန်ရှိသူများနှင့် နန်းတော်ကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က စိစစ်ပြီး မီတာတပ်ဆင်ခ ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် မတ်လပိုင်းက တပ်ဆင်ဆောင်ရွက်ပြီးဖြစ်၍ မီးလောင်မှုဖြစ်စဉ်အတွင်း အဆိုပါနယ်မြေအတွင်းရှိ အိမ်ထောင်စုများမှ ပျက်စီးသွားသည့် မီတာ ၁၁၂ လုံးကို ပြန်လည်တပ်ဆင်ပေးနိုင်ရန်အတွက် ဧပြီ ၂၅ ရက်မှ စတင်၍ မီတာကြွေးကျန်ရှိ/ မရှိ စစ်ဆေးပြီး မီတာကြွေးကျန်ရှိပါက ကျန်ရှိသောငွေ ပေးဆောင်ပြီးမှ တပ်ဆင်ပေးမည် ဖြစ်ကြောင်းနှင့် စိစစ်ပြီးပါက အလုံး ၅၀ စီခွဲ၍ တပ်ဆင်ပေးမည်ဖြစ်ကြောင်း၊ ထိုသို့ တပ်ဆင်ပေးရာတွင်လည်း တပ်ဆင်ခအဖြစ် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် တပ်ဆင်ပေးမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်မှ တာဝန်ရှိသူများနှင့် နန်းတော်ကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်းတို့က ပြောကြားသည်။
**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# မုံရွာ၌ ဘီပိုး၊ စီပိုးစစ်ဆေးခြင်းနှင့် ဘီပိုးကာကွယ်ဆေး အခမဲ့ထိုးပေး

**မုံရွာ ဧပြီ ၂၅**
လောကအလင်း လူမှုကူညီရေးအသင်း(ရန်ကုန်)၊ မြန်မာနိုင်ငံဆရာဝန်များအသင်း(မုံရွာ)၊ မြို့နယ်သွေးလှူရှင်အသင်းများ ကွန်ရက်တို့ပူးပေါင်း၍ မြို့နယ်အတွင်းရှိ သွေးလှူရှင်အသင်းများ၊ ပြည်သူများအား အသည်းရောင်အသားဝါ (ဘီ)ပိုး၊ (စီ)ပိုး စစ်ဆေးခြင်းနှင့် (ဘီ)ပိုး ကာကွယ်ဆေး အခမဲ့ထိုးနှံခြင်းကို ဧပြီ ၂၅ ရက် နံနက် ၈ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမ၌ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

"မြို့နယ်သွေးလှူရှင်အသင်းများကွန်ရက်အနေနဲ့ အခုပွဲက ပထမဆုံးလုပ်ဆောင်တဲ့ပွဲပါ။ လူမှုကူညီရေးအသင်းသား၊ အသင်းသူတွေ၊ သွေးလှူရှင် အသင်းသား၊ အသင်းသူတွေနဲ့ တစ်ဦးချင်း သွေးလှူရှင်တွေကို ဦးစားပေးပြီး အသည်းရောင်အသားဝါ (ဘီ)ပိုး၊ (စီ)ပိုး စစ်ဆေးတာရယ်၊ ကာကွယ်ဆေးကို အခမဲ့ထိုးနှံပေးသွားမှာပါ။ ပြည်သူတွေအနေနဲ့ ထိုးနှံချင်တယ်ဆိုရင်တော့ အသည်းရောင်အသားဝါ (ဘီ)ပိုး၊ (စီ)ပိုး စစ်ဆေးခြင်းမှာအသုံးပြုတဲ့ ပစ္စည်းတွေအတွက် ငွေကျပ် ၁၀၀၀ ကုန်ကျပါမယ်။ ကာကွယ်ဆေးကိုတော့ အခမဲ့ထိုးနှံပေးပါတယ်။ တစ်လကို တစ်ကြိမ်နဲ့ သုံးလဆက်တိုက် ထိုးနှံပေးမှာပါ။ ဧပြီ ၃ ရက်က သလ္လာရပ်ကွက်မှာ လူမှုကူညီရေးအသင်းနှင့် သွေးလှူရှင် အသင်းသား၊ အသင်းသူတွေ၊ ရပ်ကွက်နေပြည်သူတွေ စုစုပေါင်း ၁၀၀၀ ကို ဘီပိုးကာကွယ်ဆေး ထိုးနှံပေးနိုင်ခဲ့ပါတယ်"ဟု မြို့နယ်သွေးလှူရှင်အသင်းများကွန်ရက်မှ ဥက္ကဋ္ဌ ဦးထွန်းနောင်က ပြောသည်။

အဆိုပါ အသည်းရောင်အသားဝါ (ဘီ)ပိုး၊ (စီ)ပိုး စစ်ဆေးခြင်းနှင့် (ဘီ)ပိုးကာကွယ်ဆေး အခမဲ့ထိုးနှံခြင်းကို မြို့နယ်ပုဂ္ဂလိကဆေးရုံများအသင်းမှ ဆရာဝန်များနှင့် သူနာပြုများက ဆေးစစ်ခြင်းနှင့် ဘီပိုးကာကွယ်ဆေးများကို ထိုးနှံပေးခဲ့ကြောင်း သိရသည်။
**ဖိုးချမ်း(မုံရွာ)**

## နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

**နေပြည်တော် ဧပြီ ၂၅**
နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်အတွက် ယနေ့ညနေအထိ ခန့်မှန်းချက်မှာ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် ယနေ့ညနေအထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။
**(မိုး/ဇလ)**

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာ ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (စာတည်းအဖွဲ့)*

# မန္တလေးမှာ လူထုဥယျာဉ်နှင့် ပြတိုက်ရှိရမယ့်နေရာ

## ဆူးငှက်



ကုန်းဘောင်ခေတ် မင်းခမ်းမင်းနားဖြစ်သည့် ရေခင်းသဘင် သရုပ်ဖော်ပုံ

မန္တလေးက ဘုရင့်မင်းနေပြည်တော်ဖြစ်ခဲ့တယ်။ မန္တလေးကို နေပြည်တော်အဖြစ် တည်ထောင်ကတည်းက မြို့တည်နန်းတည် ခုနစ်ဌာနမှာ ကျုံးတော်၊ ရွှေမြို့တော်. . . ဆိုတာ နိုင်ငံနှင့်အဝန်း အာဏာသုံးရပ်တည်ရှိရာ အဓိကအမြင့်မားဆုံးနေရာပဲဖြစ်တယ်။ သက်ဦးဆံပိုင်ပဒေသရာဇ်နှင့်အတူ အာဏာသုံးရပ်ကို ကိုင်စွဲထားတဲ့ မှူးကြီးမတ်ရာ၊ စစ်သူကြီးသေနာပတိတို့ရဲ့ စိုးစံ၊ ရုံးစိုက်ရာဖြစ်တယ်။ အာဏာရဲ့ အထွတ်အထိပ်ဖြစ်တဲ့ ရာဇပလ္လင်ကိုးရပ်ရှိတဲ့ နန်းတော်ကြီးတွေနှင့်အတူ လွှတ်တော်ရုံးလည်းရှိတယ်။ ကိုယ့်အရှင်ကိုယ့်သခင် လက်ထက်တော်ကာလ အချိန်အခါကဖြင့် မန္တလေးနန်းမြို့ဟာ တစ်တိုင်းတစ်ပြည်လုံးရဲ့ အထွတ်အထိပ်၊ အမြင့်အမြတ်နေရာပါပဲ။

"အုတ်၊ ကျစ်၊ ကျော်၊ အေး - မန္တလေး" ဆိုတဲ့ ရာဇဝင် သင်္ကေတအရ ၁၂၂၁ ခုနှစ် ကဆုန်လပြည့်ကျော် ၇ ရက်နေ့မှာ ခုနစ်ဌာနနှင့် တစ်ပြိုင်နက်တည်ခဲ့တဲ့ မန္တလေးမြို့တော်ဟာ "အင်း၊ ဂ၊ လိပ်၊ တက်၊ မန်းမြို့ပျက်"ဆိုတဲ့ ဥဒါန်းစကားနှင့် ၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်(၁၈၈၅ ခုနှစ် နိုဝင်ဘာ ၂၉ ရက်)နေ့မှာ ပျက်သုဉ်းခဲ့ရပါတယ်။ ဒီအချိန်ကစပြီး မြန်မာတစ်ပြည်လုံး သူ့ကျွန်လက်အောက်ရောက်ရတာပဲ မဟုတ်လား။

နယ်ချဲ့စစ်တပ်က မန္တလေးနေပြည်တော်ကို သိမ်းပိုက်၊ ရှင်ဘုရင်နှင့်တကွ မိဖုရားအခြွေအရံတွေ ဖမ်းဆီးပြီး အိန္ဒိယပို့၊ လွှတ်တော်ကို ဖျက်သိမ်း၊ အချုပ်အခြာအာဏာပိုင်မှုအမှတ်အသား ရတနာပုံက ဒေါင်းအလံကို ဖြုတ်ချပြီး ယူနီယံဂျက်အလံ လွှင့်ထူလိုက်တာနှင့် တစ်ပြိုင်နက် "ရွှေမှန်ကင်း အစစ်က၊ ထင်းဖြစ်ခဲ့" ရတာပါပဲ။ တစ်ချိန်က လုံခြုံရေးရဲမက်အဆင့်ဆင့်ကို ဖြတ်သန်းခွင့်ပြုမှ ရှေ့တော်မှောက် ခစားရောက်ရတာ၊ မော်ဖူးစေဆိုမှ မျက်နှာမော့ခွင့်ရတဲ့ သီဟာသနပလ္လင်ရှေ့မှာ နယ်ချဲ့စစ်ဗိုလ်ချုပ်တွေ ဖန်ခွက်ချင်းတွေ့အောင်ပွဲခံပြီး တံခါးမရှိ ဓားမရှိ ဖြစ်သွားတာပါပဲ။ မြနန်းစံကျော် ရွှေနန်းတော်ကြီးဟာ နယ်ချဲ့တို့ရဲ့ ပါတီပွဲကျင်းပရာ နေရာကြီးဖြစ်သွားတယ်။ စောင်းညှင်းပတ်သာနဲ့ ဘုန်းတော်ဘွဲ့ သီချင်းသံအစား၊ အင်္ဂလိပ်ဘင်ခရာအဖွဲ့က "နေမဝင်အင်ပါယာအရှင်၊ ဝိတိုရိယဘုရင်မကြီး"ကို ချီးမွမ်း ထောမနာပြုတဲ့ သီချင်းသံတွေ ခြိမ့်ခြိမ့်ညံသွားတော့တယ်။



နယ်ချဲ့အင်္ဂလိပ်အစိုးရခေတ် မန္တလေးနန်းတွင်းရှိ အင်္ဂလိပ်စစ်တပ်

မန္တလေးနန်းမြို့တွင်း အဆောင်ဆောင် အနန်းနန်း၊ ကြငှန်းပြာသာဒ်များဟာ အုပ်ချုပ်ရေးရုံး၊ စစ်ရုံးစိုက်ရာ အဆောက်အအုံတွေ၊ ပါတီပွဲကျင်းပရာ အဆောက်အအုံတွေ ဖြစ်သွားတယ်။ ဒါ့အပြင် ၄၈ ရပ် ပြာသာဒ်ရှိတဲ့အနက် မြို့ရိုးမြောက်ဘက်ခြမ်း၊ ဘုံငါးဆင့်နဲ့ စည်သာတံခါး ပြာသာဒ်တော်ကြီးကို အတွင်းကနေ ပြန်လည်မွမ်းမံပြင်ဆင်ပြီး ဘုရင်ခံအိမ်တော်အဖြစ်ပင် အခြေစိုက်လိုက်ကြတယ်။ တကယ်တော့ ရှင်ဘုရင်ကို ကြက်ကလေး၊ ငှက်ကလေးများသဖွယ် လွယ်လင့်တကူ ဖမ်းဆီးကာ တစ်ပြည်လုံး သိမ်းပိုက်လိုက်ပေမယ့် တကယ့်တိုင်းသူပြည်သား အများစုကြီးကတော့ ဒီသိမ်းပိုက်မှုကို လွယ်လွယ်ကူကူ လက်မခံပါဘူး။ မန္တလေးနေပြည်တော်အပါအဝင် တစ်ပြည်လုံးအတိုင်းအတာနဲ့ ရရာလက်နက်ဆွဲကိုင်ပြီး ပြန်လည်တော်လှန် ပုန်ကန်ကြတယ်။ တပ်ဖွဲ့တပ်စု အလုံးအရင်းအနေနှင့်ရော၊ ပြောက်ကျားပုံစံနဲ့ပါ ပုန်ကန်ကြလို့ အင်္ဂလိပ်စစ်တပ်အနေနှင့် နှစ်ပေါင်းဆယ်ချီပြီး နှိမ်နင်းခဲ့ရသတဲ့။ ဒီတော့ သူတစ်ပါးတိုင်းပြည်ကိုလာပြီး မတရားသိမ်းပိုက်ထားသူများအဖို့ သူတို့လုံခြုံရေးဟာ ရတက်မအေးဖွယ်ရာပါပဲ။

ဒီလိုခေါင်းငုံ့မခံ၊ အခွင့်အရေးရရင်ရသလို ပြန်လည်ပုန်ကန်တဲ့ အခြေအနေမှာ မန္တလေးနန်းမြို့ကြီးဟာ အင်္ဂလိပ်အုပ်စိုးသူ၊ အင်္ဂလိပ်စစ်တပ်အတွက်တော့ "ရေကန်အသင့်၊ ကြာအသင့်"ဆိုရလောက်တဲ့ ခံတပ်ကြီးပါပဲ။ တစ်ဖက်ကို ၁မိုင်၂ ဖာလုံ၊ ၅၅ ကိုက် အရှည်ရှိတဲ့ လေးထောင့်စပ်စပ် နန်းမြို့ကြီးဟာ အမြင့်ပေ ၃၀ နီးပါး ထု ၁၀ ပေကျော်ရှိတဲ့ အုတ်မြို့ရိုးကြီးလည်း ပတ်ရံထားတယ်။ ဒီအုတ်မြို့ရိုးကြီးကိုပဲ အကျယ်ပေ ၂၀၀နီးပါး၊ အနက်ပေ ၂၀ ဝန်းကျင်ရှိတဲ့ ရေကျုံးကြီးနဲ့လည်း လေးဖက်လေးတန် ဆီးရံထားသေးရဲ့။ အုတ်မြို့ရိုးကြီး လေးထောင့်စပ်စပ်မှာ အဝင်အထွက်အတွက် တံခါးမကြီး လေးပေါက်၊ မလွယ်ပေါက် ရှစ်ပေါက်ပဲရှိတယ်။ ကျုံးကြီးကိုဖြတ်ဖို့အတွက်လည်း အရေးပေါ်ရင် အလယ်က အခင်းနင်းကြမ်းတွေ လွယ်လင့်တကူ ဖြုတ်လို့ရတဲ့ တံတားငါးစင်းပဲရှိတယ်။ ဒီတော့ မန္တလေးနန်းမြို့ဟာ လုံခြုံရေးအတွက် စိတ်ချရပြီပေါ့။ ဒါကြောင့် နယ်ချဲ့ အင်္ဂလိပ်က အုပ်ချုပ်ရေးရုံးတွေ အပါအဝင် သူ့ရဲ့စစ်တပ်တွေကို မန္တလေးနန်းမြို့တွင်းမှာပဲ နေရာချပေးလိုက်တော့တယ်။ အဲဒီကာလ နယ်ချဲ့စစ်တပ်ဆိုတာ ပြည်သူကို ကာကွယ်စောင့်ရှောက်ဖို့မဟုတ်ဘူး။ သူတို့ အစိုးရအဖွဲ့၊ သူတို့အာဏာပိုင်အဖွဲ့အစည်း၊ သူတို့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ဖို့ဖြစ်တယ်။ နယ်ချဲ့စစ်တပ်ဆိုတာ ပြည်သူ့အကျိုးစီးပွား ထိခိုက်မယ့်၊ ပြည်သူကို ထိပါးမယ့် အန္တရာယ်ရန်စွယ်ကို တိုက်ခိုက်တွန်းလှန်ဖို့ မဟုတ်ဘူး။ သူတို့အစိုးရ၊ သူတို့ အာဏာ၊ သူတို့အကျိုးစီးပွားကို ထိခိုက်မယ့်၊ အန္တရာယ်ရှိနိုင်မယ့်၊ သူတို့ မတရားဖိနှိပ်အုပ်ချုပ်မှုအပေါ် ပြန်လည်ခုခံတွန်းလှန်ပုန်ကန်မယ့် မြန်မာပြည်သူကိုပဲ နှိမ်နင်းဖို့၊ ဖြိုခွင်းဖို့ဖြစ်တယ်။ ဒါကြောင့် သူတို့အတွက် လုံခြုံရေးကိုပဲ အဓိကထားတယ်။ သူတို့လုံခြုံမယ့် မန္တလေးနန်းမြို့တွင်းမှာပဲ၊ ရေကျုံးတစ်တန်၊ မြို့ရိုးတစ်တန်၊ အဝင်အထွက် အစစ်အဆေးအကွပ်အညှပ် အတန်တန်နဲ့ မတရားသိမ်းပိုက်နေထိုင်ခဲ့ကြတယ်။ ဒါဟာ သူ့ကျွန်ဘဝတုန်းက ကျွန်တော်တို့ ပြည်သူလူထု ရရှိခဲ့တဲ့ အမွေဆိုးတစ်ခုပါပဲ။

ဒီအမွေဆိုးဟာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်သော သမ္မတနိုင်ငံအဖြစ် ကမ္ဘာကို ကြေညာပြီး ကိုယ့်အမျိုးသားအလံလွှင့်ထူပြီးချိန်အထိ ကျွန်တော်တို့ပြည်သူလူထုဆက်ခံရဆဲပါပဲ။ အုပ်စိုးသူကိုယ့်အမျိုးသားအစိုးရရဲ့ သဘောထားနှင့်အတူ အချင်းချင်း မညီညွတ်မှုများကြောင့် လွတ်လပ်ရေးရပြီး မကြာခင်မှာပဲ ပြည်တွင်းစစ်မီးကြီး ဟုန်းဟုန်းထ၍ တောက်လောင်တော့၊ အစိုးရအာဏာနှင့် အစိုးရအုပ်ချုပ်မှု ယန္တရားကို ကာကွယ်ဖို့ အမျိုးသားတပ်မတော်ကလည်း အင်္ဂလိပ်ရဲ့ အမွေကိုဆက်ခံကာ မန္တလေးနန်းတွင်းမှာပဲ အခိုင်အမာ တပ်စွဲထားဆဲပါပဲ။ ပြည်သူလူထုကို ကာကွယ်ရမယ့်အစား လက်နက်ကိုင်ထားတဲ့ စစ်တပ်က ကျုံးလေးတန်ကာဆီးပြီး အုတ်မြို့ရိုးကြီး အခိုင်အမာနဲ့ နန်းတွင်းမှာပဲ လုံခြုံစွာနေထိုင်တော့တယ်။ လေးဖက်လေးတန် မြို့ရိုးမှာရှိတဲ့ အဝင်အထွက် တံခါးမကြီးလေးပေါက်ကိုသာ အစစ်အဆေး၊ အမေးအမြန်းထူထပ် ကျပ်တည်းစွာနှင့် နေ့ပိုင်းအချိန်တွေမှာသာ ဖွင့်လှစ်ပေးထားတယ်။ ကျန်တဲ့ မလွယ်ပေါက်တံခါးရှစ်ပေါက်ကိုတော့ အသေပိတ်လိုက်တယ်။ ကျုံးကူးတံတားကြီးငါးစင်း အနက် လေးစင်းကိုပဲ ပြန်လည်ပြင်ဆင်အသုံးပြုခဲ့တယ်။ အသုံးမပြုတဲ့ ရှေးဟောင်းတံတားကြီး တစ်စင်းဖြစ်တဲ့ စည်ရှည်တံတားကို လွန်ခဲ့တဲ့ နှစ်နှစ်ခန့်က အုတ်မြစ်ပါမကျန် ဖျက်ဆီးပစ်လိုက်ပါသေးတယ်။

ဒီတော့ မြန်မာတစ်မျိုးသားလုံးရဲ့ အမျိုးသားလက္ခဏာအသွင် အထင်အရှားကျန်ရစ်ကာ တန်ဖိုးထားအပ်တဲ့ မန္တလေးနန်းမြို့ကြီးအတွင်း အင်္ဂလိပ်က စစ်တပ်များနေရာပေး ချထားတပ်စွဲခဲ့ခြင်းကို အကြောင်းပြချက်များနှင့် နိုင်ငံလွတ်လပ်ရေးရခဲ့သော်လည်း မြန်မာ့တပ်မတော်က ကျေနပ်စွာ လက်လွှဲခံယူခဲ့တယ်။ နောက်ပိုင်း ဖဆပလ ခေတ်၊ အိမ်စောင့်အစိုးရခေတ်၊ တော်လှန်ရေး အစိုးရခေတ်၊ လမ်းစဉ်ပါတီခေတ်၊ တပ်မတော်အစိုးရခေတ်ထိ ခေတ်တစ်မျိုးမျိုး စံနစ်အမျိုးမျိုးပြောင်းခဲ့ပြား၊ ဒီအမွေဆိုးကို ကျေနပ်စွာ ထွေးပိုက်ထားဆဲပါပဲ။ ရှစ်လေးလုံး အရေးတော်ပုံအပြီး တပ်မတော်အာဏာသိမ်း နန်းတွင်းမှာရှိတဲ့ စစ်တပ်များရဲ့ လုံခြုံရေးကို ပိုပြီးဆောင်ရွက်လာပါတယ်။ ၁၉၅၈ ခုနှစ်ကတည်းက တည်ဆောက်ခဲ့တဲ့ တောင်ဘက်ကျုံးနှင့် မြို့ရိုးကြားက "မန်းသီတာ"အမည်ရှိ လူထုအပန်းဖြေဥယျာဉ်ကြီးကို ဖျက်သိမ်းလိုက်တယ်။ နန်းတွင်းကဖြတ်တဲ့ မတ္တရာရထားလမ်းကို ဖျက်သိမ်းလိုက်တယ်။ အပန်းဖြေပေါင်းကူးတံတားတွေလည်း ဖျက်သိမ်းလိုက်တယ်။ ကျုံးကိုပြန်လည်တူးဖော်ပြီး သံပန်းအကာအရံတွေကာလိုက်တယ်။ နန်းမြို့တွင်း အဝင်အထွက်တွေကို ကျပ်တည်းစွာ ကန့်သတ်လိုက်တယ်။

စာမျက်နှာ ၇ သို့

# အာဆီယံ-ရုရှားကာကွယ်ရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးတက်ရန် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း လေကြောင်းခရီးဖြင့်ထွက်ခွာ

**နေပြည်တော်  မေ  ၂၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် ကျင်းပမည့် အာဆီယံ-ရုရှားကာကွယ်ရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေး(Informal Meeting between the Head of Defence Services of Russia –ASEAN member Countries )သို့ တက်ရောက်ရန် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၆ နာရီ ၁၀ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာန နိုင်ငံတကာနှင့် ပြည်တွင်းရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ဟန်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြပြီး အာဆီယံ-ရုရှား ကာကွယ်ရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးကို မေ ၂၆ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(မြဝတီ)**



# လူသားချင်းစာနာထောက်ထားမှု ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော်  မေ  ၂၅**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်အား ဥရောပကော်မရှင် လူသားချင်းစာနာထောက်ထားရေးဆိုင်ရာရုံး (ECHO) မှ Director of Operation Mr. Jean-Louis de Brouwer သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ECHO တို့အကြား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများ ဆက်လက်စစ်ဆေး

**နေပြည်တော်  မေ  ၂၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများအား ဆက်လက်စစ်ဆေးလျက်ရှိရာ ယနေ့နံနက် ၁၁ နာရီခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ရွေးကောက်ပွဲခုံရုံးတရားခွင်၌ ရွေးကောက်ပွဲခုံအဖွဲ့(၄) ဥက္ကဋ္ဌ ဦးလှတင့်၊ အဖွဲ့ဝင် ဦးခင်မောင်ဝင်းနှင့် ဦးကျော်သူတို့က ရွေးကောက်ပွဲကန့်ကွက်လွှာမှု အမှတ် (၁၀/၂၀၁၅)၊ (၁၁/၂၀၁၅)၊ (၃၉/၂၀၁၅)၊ (၄၂/၂၀၁၅)၊ (၄၃/၂၀၁၅) နှင့် (၄၄/၂၀၁၅) တို့အား ဆက်လက်စစ်ဆေးခဲ့ပြီး အမှုရုံးချိန်းများ ချိန်းဆိုခဲ့သည်။

**(သတင်းစဉ်)**

*စာမျက်နှာ ၆ မှ*

အခု. . . ပြည်သူက ရွေးကောက်တင်မြှောက်လိုက်တဲ့ ပြည်သူ့အစိုးရခေတ်ရောက်ပြီလို့ ကမ္ဘာ့အလယ်မှာ ကြေညာရပ်တည်နေပါပြီ။ ပြည်သူ့တပ်မတော်က ပြည်သူကို ကာကွယ်စောင့်ရှောက်ဖို့ ပိုမိုပီပြင်လာစေရပါတော့မယ်။ ဒါကြောင့် ၁၈၈၅ ခုနှစ် နိုဝင်ဘာ ၂၉ ရက်ကတည်းက မန္တလေးနန်းမြို့တော်တွင်းမှာ အခိုင်အမာတပ်စွဲခဲ့တဲ့ အင်္ဂလိပ်စစ်တပ်မှသည် မြန်မာ့တပ်မတော်အထိ လာမယ့် ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၉ ရက်ရောက်ရင် နှစ်ပေါင်း ၁၃၁ နှစ် တင်းတင်းပြည့်ပါပြီ။

တကယ်တော့ မန္တလေးနန်းမြို့တော်ဆိုတာကလည်း နောက်ဆုံးမင်းနေပြည်တော်ဖြစ်ခဲ့တဲ့ ကုန်းဘောင်ခေတ်ရဲ့ မင်းခမ်းမင်းနား ပြကွက်တွေ၊ လွှတ်တော်ရုံးတက်ပြကွက်တွေ၊ ညီလာခံသဘင်ပြကွက်တွေ၊ သံခင်းတမန်ခင်းအခမ်းအနားတွေ၊ ရေခင်းတော် မြင်းခင်းတော်နှင့် ထွက်တော်မူကြီး တပ်အင်္ဂါအခင်းအကျင်းတွေ၊ မင်္ဂလာ ၁၂ ခန်းပြကွက်တွေ၊ ဘုရားပွဲ ကျောင်းပွဲ ရှင်ပြု အလှူအတန်းပြကွက်တွေ၊ ၁၂ ရာသီပွဲခင်းတွေ၊ ရိုးရာလက်မှုနှင့် အစားအသောက်ပွဲဈေးတန်းတွေ၊ ဗလာဆိုင်း မြေဝိုင်း ဇာတ်ရုပ်စုံအမြင့်သဘင် အငြိမ့်တော် ဇာတ်ပွဲ သီဆိုတီးမှုတ်ကပြဖျော်ဖြေမှုတွေ၊ မင်းမိဖုရား မှူးကြီးမတ်ရာ သေနာပတိ သူဌေးသူကြွယ် လက်လုပ်လက်စား ဆင်းရဲသားအလွှာအသီးသီးတို့နေထိုင်မှု လူမှုစရိုက်တွေ၊ ရိုးရာကစားနည်းတွေ၊ တိုင်းရင်းသားယဉ်ကျေးမှုတွေ . . . စတဲ့ ပြကွင်းပြကွက်တွေနှင့် ငါးမိုင် တစ်ဖာလုံမျှ လေးဖက်လေးတန်ပတ်လည်လေးထောင့်စပ်စပ်ထဲမှာ အမျိုးသားပြတိုက်ကြီး မဖြစ်သင့်ပေဘူးလား။ သဘာဝအတိုင်း တည်ရှိနေတဲ့ သစ်ကြီးဝါးကြီးတွေ၊ ရေရှင် စမ်းချောင်းတွေ၊ ရှေးဟောင်းအမွေအနှစ်တွေနှင့် အပန်းဖြေဥယျာဉ်ကြီးမဖြစ်သင့်ပေဘူးလား။ ဒီအမျိုးသားပြတိုက်ကြီးနှင့် အပန်းဖြေဥယျာဉ်ကြီးအတွင်းကို ပြည်တွင်းသာမက ပြည်ပဧည့်သည်တွေပါ လွတ်လွတ်လပ်လပ် ဝင်ထွက်လေ့လာစေပေါ့ဗျာ. . .။

အခုတော့---။



ပျဉ်းမနားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းအောင် ကြီးကြပ်မှုဖြင့် မေ ၂၅ ရက်က ပျဉ်းမနားမြို့ပေါ်ရှိ ကုန်းမြင့်ပိုင်းရပ်ကွက်များဖြစ်သော ရန်အောင်(၁)ရပ်ကွက်အတွင်း ရေဂါလန် ၈၀၀ ဆံ့ ကားများဖြင့် ရေဂါလန် ၅၀၀၀ ကို ဖြန့်ဝေပေးစဉ်

စိုးမိုး(ပြန်/ဆက်)

# တပ်မတော်သားများ ရေရှားပါးသည့်ဒေသများသို့ ရေလှူဒါန်း

**ဒလ  မေ  ၂၅**

သောက်သုံးရေရှားပါးမှုနှင့် ကြုံတွေ့နေရသည့် ဒလမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများသို့ ဧရာဝတီရေတပ်စခန်းဌာနချုပ်မှ တပ်မတော်သားများက သောက်သုံးရေများအား မေ ၂၄ ရက်နှင့် ၂၅ ရက်တွင် လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဧရာဝတီရေတပ်စခန်းဌာနချုပ် ဗိုလ်ကြီးချစ်ဝမ်း ဦးဆောင်၍ တပ်မတော်သားများက သောက်သုံးရေဂါလန်ပေါင်း ၂၅၀၀၀ ကို သောက်သုံးရေရှားပါးမှုနှင့် ကြုံတွေ့နေရသည့် ကျန်စစ်သားရပ်ကွက်၊ တာကြီးရပ်ကွက်၊ ဆာပါချောင်းကျောင်းစုရပ်ကွက်၊ ရဲချောင်းကြီးကျေးရွာ၊ ကြာဖြူကန်ကျေးရွာနှင့် စံပြတံတားချောင်းကျေးရွာများသို့ ဖြန့်ဝေလှူဒါန်းပေးခဲ့သည်။

**မောင်ယဉ်ဦး(ဒလ)**





ရခိုင်ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနရုံးမှ တာဝန်ရှိသူများ ပုဏ္ဏားကျွန်းမြို့နယ် နတ်ဆိပ်ကျေးရွာသို့ သောက်သုံးရေများ ဖြန့်ဝေပေးစဉ် (ဝဲပုံ)

(မြန်မာ့အလင်း)

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ ခတ္တကန်(မ) ကျေးရွာသို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မေ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် မော်တော်ယာဉ်ဖြင့် ရေသန့်ဘူးကြီးများ ကျေးရွာအရောက် ဖြန့်ဝေပေးစဉ် (အပေါ်ပုံ)

ဖိုးချမ်း(မုံရွာ)



မေ ၂၅ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် မုံရွာမြို့ ရွှေဇလုပ်ရပ်ကွက် ဇလုပ်ဆီဆိုင်တန်း ဝဲ/ယာတွင်ရှိသော လက်ပံပင်ကြီးပြိုလဲရာ မုံရွာမြို့ ဗဟိုမီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ ဖယ်ရှားရှင်းလင်းစဉ်

မင်းမင်း(မုံရွာ)

# ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြှင့်သင်တန်းများ စတင်ဖွင့်လှစ်

နေပြည်တော် ဧပြီ ၂၅

**၂၀၁၆ ခုနှစ် နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ်များ၏ အသိပညာများဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များတွင် အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့်ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြှင့်သင်တန်းများ၊ တပ်မတော်(လေ)က လေကြောင်းလူငယ်အခြေခံနှင့် တန်းမြှင့်သင်တန်းများကို ယနေ့တွင် သက်ဆိုင်ရာမြို့နယ်အသီးသီး၌ တစ်ပြိုင်တည်း ဖွင့်လှစ်ခဲ့ကြသည်။**



ရေကြောင်းလူငယ်အခြေခံသင်တန်းနှင့် အဆင့်မြှင့်သင်တန်းရှိ ကျောင်းသား ကျောင်းသူများအား သင်ကြားပို့ချစဉ်

အဆိုပါ ရေကြောင်းလူငယ် အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၁၆) ကို သင်တန်းသား သင်တန်းသူ ၆၃ ဦးဖြင့် လည်းကောင်း၊ ရေကြောင်းလူငယ်တန်းမြှင့်သင်တန်း အမှတ်စဉ်(၁/၂၀၁၆) ကို သင်တန်းသား သင်တန်းသူ ၂၇ ဦးဖြင့် လည်းကောင်း ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီရေတပ်စခန်းဌာနချုပ် ရတနာပုံခန်းမ၌ဖွင့်လှစ်ရာ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ် မိုးအောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။

ထို့ပြင် သင်တန်းများကို ကျောက်ဖြူမြို့၊ ပုသိမ်မြို့၊ မော်လမြိုင်မြို့၊ မြိတ်မြို့၊ ကျွန်းစုမြို့နှင့် ဟိန်းဇဲတို့ရှိ ရေကြောင်းလူငယ်စခန်းများတွင် စုစုပေါင်းသင်တန်းသား သင်တန်းသူ ၃၀၀ ဖြင့် အသီးသီးဖွင့်လှစ်ခဲ့ရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ နှင့် ရေတပ်စခန်းဌာနချုပ်မှူးများ တက်ရောက်၍ ဖွင့်လှစ်ပေးခဲ့ကြသည်။

ရေကြောင်းလူငယ် အခြေခံ သင်တန်းတွင် ရေကြောင်းလမ်းညွှန် အခြေခံသဘောတရားများ၊ နက္ခတ္တဗေဒနှင့် ဂျီပီအက်စ်အပါအဝင် ရေကြောင်းသွားလာရေးဆိုင်ရာများ၊ အခြေခံအချက်ပြ ဆက်သွယ်ရေးဆိုင်ရာနှင့် အခြေခံလှေလှော်ရွက်တိုက်နည်းတို့ကို သင်ကြားပေးမည်ဖြစ်ပြီး တန်းမြှင့်သင်တန်းတွင် အသုံးချရေကြောင်းလမ်းညွှန်ဆိုင်ရာများ၊ နက္ခတ္တဗေဒနှင့် ဂျီပီအက်စ်အပါအဝင် ရေကြောင်းသွားလာရေးဆိုင်ရာများ၊ အချက်ပြဆက်သွယ်ရေးဆိုင်ရာနှင့် လှေလှော်ရွက်တိုက်နည်းတို့ကို သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

အလားတူ လေကြောင်းလူငယ် အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၁၆) နှင့် လေကြောင်းလူငယ် တန်းမြှင့်သင်တန်းအမှတ်စဉ် (၁/၂၀၁၆) တို့ကို အင်အား ၄၀ စီဖြင့် စုစုပေါင်းသင်တန်းသား ၈၀ အား ယနေ့နံနက်ပိုင်းတွင် မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ် အားကစားခန်းမ၌ဖွင့်လှစ်ရာ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်မှူးချုပ် မောင်မောင်ကျော် တက်ရောက်၍ အမှာစကားပြောကြားကာ ဖွင့်လှစ်ပေးသည်။

ထို့ပြင် သင်တန်းဖွင့်ပွဲများကို မြစ်ကြီးနားမြို့၊ နမ့်စန်မြို့၊ မြိတ်မြို့၊ ပုသိမ်မြို့၊ ဟုမ္မလင်းမြို့၊ မိတ္ထီလာမြို့၊ မကွေးမြို့နှင့် တောင်ငူမြို့တို့ရှိ သင်တန်းစခန်းများတွင် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၂၀ ဖြင့် အသီးသီးဖွင့်လှစ်ခဲ့ကြရာ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် လေတပ်စခန်းဌာနချုပ်မှူးများတက်ရောက်၍ ဖွင့်လှစ်ပေးကြသည်။

လေကြောင်းလူငယ် အခြေခံ သင်တန်းတွင် ပျံသန်းရေးဆိုင်ရာနှင့် လေယာဉ်တည်ဆောက်ရေးဆိုင်ရာ သိသင့်သိထိုက်သည်များကို သင်ကြားပေးမည်ဖြစ်ပြီး လေကြောင်းလူငယ် တန်းမြှင့်သင်တန်းတွင် လက်တွေ့လေယာဉ်တည်ဆောက်မှု၊ အဝေးထိန်းလေယာဉ်ပျံသန်းမှုနှင့် လေယာဉ်ပျံသန်းမှု လက်တွေ့ဆောင်ရွက်ချက်များအား သင်ကြားပေးသွားမည်ဖြစ်ကြောင်းနှင့် ရေကြောင်းလူငယ် အခြေခံသင်တန်းနှင့် တန်းမြှင့်သင်တန်းများကို ဧပြီ ၂၅ ရက်မှ မေ ၂၀ ရက်ထိ ရက်သတ္တလေးပတ်ကြာဖြင့် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(မြဝတီ)**

# ဦးပိန်တံတားရှိ တိုင်များနှင့် ဇရပ်များကို သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

**မန္တလေး ဧပြီ ၂၅**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ နှစ်ပေါင်း ၁၆၀ ကျော်သက်တမ်းရှိသည့် ဦးပိန်တံတားကြီး၏တိုင်များနှင့် ဇရပ်များအား ဧပြီ ၂၄ ရက်က ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဦးပိန်တံတား အချို့တိုင်များ၏အခေါင်းပေါက်အတွင်း စွန့်ပစ်ထားသည့်အမှိုက်များကို ဖယ်ရှားရှင်းလင်းခြင်း၊ တံတားတိုင်များတွင် ရေးခြစ်ထားသည့်ရုပ်ပုံများနှင့်စာတမ်းများကို ဓာတုဆေးများဖြင့် ဖယ်ရှားသန့်စင်ခြင်းနှင့် တံတားပေါ်ရှိဇရပ်များအား သန့်ရှင်းစင်ကြယ်အောင်ဆေးကြောခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း အဆိုပါဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းက ပြောသည်။

"တံတားပေါ် လာရောက်လေ့လာကြသူတချို့က အမှိုက်တွေကို တိုင်အခေါင်းပေါက်ထဲ စွန့်ပစ်ရုံသာမက သောက်လက်စ ဆေးလိပ်တိုတွေကို မီးမငြိမ်းဘဲ ပစ်ထည့်သွားတဲ့အတွက် အချို့တိုင်တွေမီးစွဲထားတဲ့ အနေအထားတွေရှိနေပါတယ်။ သင်္ကြန်တွင်းကာလမှာလည်း တိုင်ခေါင်းထဲကို စီးကရက်မီးပစ်ထည့်သွားတဲ့အတွက် အခန်းအမှတ် (၃၃) နဲ့ (၃၇) မှာရှိတဲ့ တိုင်တွေမှာ မီးလန့်မှုတွေဖြစ်ခဲ့ပါသေးတယ်။ ဒီသင်္ကြန်တွင်းကာလမှာ ကျွန်တော်တို့ဌာနက ဝန်ထမ်း ရှစ်ဦးနဲ့အတူ အမရပူရမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက စီစဉ်တာဝန်ချထားပေးတဲ့ ဌာနအသီးသီးကဝန်ထမ်းတွေနဲ့ ဒေသခံရပ်မိရပ်ဖတွေပူးပေါင်းပြီး တံတားကြီးကို အချိန်ပြည့်စောင့်ကြည့်နေခဲ့ပါတယ်" ဟု ၎င်းကပြောသည်။

အဆိုပါ ဦးပိန်တံတားကြီးကို အလှူရှင် Myanmar Teakwood ကုမ္ပဏီမှ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပညာရှင်များနှင့်ပူးပေါင်း၍ ပြန်လည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို မတ် ၂၅ ရက်မှစတင်ဆောင်ရွက်လျက်ရှိရာ လတ်တလောတွင် သင်္ကြန်တွင်းကာလ တံတားကြံ့ခိုင်ရေးအတွက်ကိုသာ ဦးစားပေးလုပ်ဆောင်ခဲ့ပြီး ဧပြီ၂၇ ရက်မှစ၍ တံတားကြီးအစိတ်အပိုင်းအားလုံးကို ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မြောက်ဥက္ကလာခြောက်ကွေ့ ဂက်စ်ဆိုင်ဝန်းကျင် လမ်းဘေးဈေးဆိုင်ခန်းများ ရှင်းလင်းဖယ်ရှား

**ရန်ကုန် ဧပြီ ၂၅**

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ခြောက်ကွေ့မီးပွိုင့်အနီးရှိ စွမ်းအင်ဝန်ကြီးဌာန CNG ဂက်စ်ဆိုင်ပတ်ဝန်းကျင်သုမ္မောလမ်း ဝေဘာဂီလမ်းပေါ်ရှိ စည်းကမ်းမဲ့ အခိုင်အမာဆောက်လုပ် အခြေချနေထိုင်လျက်ရှိသည့် လူနေဆိုင် ၁၉ ဆိုင်ကို အရှေ့ပိုင်းခရိုင် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၏ စီစဉ်မှုဖြင့် စည်းကမ်းထိန်း ဖျက်သိမ်းရေးလုပ်ငန်းကို ဧပြီ ၂၅ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အင်အား ၅၀ ကျော်ဖြင့် ဆောင်ရွက်ခဲ့သည်။

ထိုသို့ လုပ်ငန်းဆောင်ရွက်ရာတွင် "မြို့တော်စည်ပင်သာယာရေးကော်မတီအဆက်ဆက် ခေါင်းရွက်ဗျပ်ထိုး၊ ရွှေ့လျား စားဝတ်နေရေးအတွက် ဈေးရောင်းချတဲ့ဈေးသည်တွေကို ဖမ်းဆီးတာမရှိခဲ့ပါဘူး။ ယာဉ်ကြောပိတ်ဆို့မှု၊ ပြည်သူများလမ်းအသုံးချသွားလာမှုအခက်အခဲ ဖြစ်တဲ့အခါ စည်းကမ်းထိန်းသိမ်းပေးတယ်။ အရှေ့ပိုင်းခရိုင် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်တွေက အဓိကလမ်းမကြီးတွေနဲ့ လမ်းဆုံလမ်းခွတွေမှာ သန့်ရှင်းသပ်ရပ်မှုကို အရုပ်ဆိုး အကျည်းတန်စေတဲ့ စည်းကမ်းမဲ့ အခိုင်အမာဆောက်ပြီး လူနေဆိုင်များအဖြစ် အခြေချနေထိုင်တဲ့ဆိုင်တွေကို စည်းကမ်းထိန်းဖျက်သိမ်းရေးလုပ်ငန်းဆောင်ရွက်နေတာပါ" ဟု ခရိုင်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးတင့်လွင်က ပြောသည်။

**ထွန်းဝင်း**

# လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

နေပြည်တော် ဧပြီ ၂၅

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ ရခိုင်ကမ်းရိုးတမ်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အနောက်-အနောက်တောင်ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။**

(မိုး/ဇလ)



# အင်းလေးခေါင်တိုင် လူငယ်အပန်းဖြေစခန်း တစ်ဖန်ပြန်လည်သက်ဝင်လှုပ်ရှားလာတော့မည်

သတင်းဆောင်းပါး-တင်မောင်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မောင်မွေး



ဘက်စုံပညာထူးချွန်လူငယ်များ တည်းခိုမည့် အင်းလေးခေါင်တိုင် ဟူပင်ဟိုတယ်ကို တွေ့ရစဉ်

"ကျွန်မတို့ လူရည်ချွန်ဖြစ်ခဲ့စဉ်က မိဘပြည်သူတွေ ကြိုဆိုကြတဲ့ မြင်ကွင်းလေးကို ပြန်လည်မြင်ယောင်မိတော့ ငယ်ဘဝကို ပြန်လည်ရောက်သွားသလို သက်ဝင်ခံစားရတယ်။ လူရည်ချွန်တွေတည်းခိုတဲ့ ဟူပင် ဟိုတယ်အဝင်ပေါက်လမ်းနဲ့ တစ်ဖြောင့်တည်းရှိနေတဲ့ တောင်ထိပ်က ရွှေရောင်တဝင်းဝင်း သပ္ပာယ်လှတဲ့ ရွှေမြင်ထင်ဘုရားကို ဖူးမြင်တွေ့ရတော့မှ ဒီနေရာက တစ်ချိန်က နိုင်ငံတော်ပိုင် အင်းလေးခေါင်တိုင် အပန်းဖြေစခန်းဝင်းကြီးပါလားလို့ သိခဲ့ရတယ်။

"ဟိုတယ်အဆောင်တွေပေါ်ကနေ လှပတဲ့ အင်းလေးကန် ရေပြင်နဲ့ သဘာဝရှုခင်းတွေကို သူငယ်ချင်းတွေနဲ့အတူ လွမ်းတသသနဲ့ လှမ်းမျှော်ကြည့်ခဲ့ရတဲ့ ပျော်ရွှင်ဖွယ်ရာအဖြစ်လေးကို ပြန်လည်အောက်မေ့သတိရတယ်" ဟု လူရည်ချွန်ဟောင်းတစ်ဦးဖြစ်ခဲ့ဖူးသူ တောင်တွင်းကြီးမြို့နယ် ဆတ်သွားအထကမှ အထက်တန်းပြဆရာမ ဒေါ်အဆွေက လွန်ခဲ့သည့် နှစ်ပေါင်း ၂၅ နှစ်ကျော်က သူတွေ့ကြုံခဲ့သည့် လူရည်ချွန်ဘဝ ခံစားချက်များနှင့်ပတ်သက်၍ သမင်လည်ပြန် နောက်ကြောင်းတစ်ဖန်ပြန်လှည့်၍ ဝမ်းသာမျက်ရည်များစီးကျရင်း အပြုံးမပျက်ပြောပြခဲ့သည်ကို ကျွန်တော့်ရင်ထဲ ယနေ့အထိ မမေ့နိုင်သေးပေ။

ယခုအခါ ပညာသစ်နှစ် တစ်နှစ်ပြည့်ပြီးနောက် နောက်တစ်ခါ ပြန်လည်ရောက်ရှိလာပြီမို့ မနှစ်ကနည်းတူ မကြာမီအချိန်တွင်လည်း ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်လေးရှိ သမိုင်းဝင် အင်းလေးခေါင်တိုင် လူရည်ချွန်အပန်းဖြေစခန်း၌ မျိုးဆက်သစ် ဘက်စုံပညာထူးချွန်လူငယ်မောင်ငယ်များဖြင့် လှုပ်ရှားသက်ဝင်လာတော့မည့်မြင်ကွင်းကို ကြိုတင်မြင်ယောင်မိပြန်သည်။

ဘက်စုံပညာထူးချွန်လူငယ်စီမံကိန်းကို ပညာရေးဝန်ကြီးဌာနက ငွေကြေးမြောက်မြားစွာ အကုန်အကျခံ၍ ပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ရာ ယခုနှစ်ဆိုလျှင် စတုတ္ထအကြိမ်မြောက်အဖြစ် ရောက်ရှိလာခဲ့ပြီဖြစ်သည်။

ယခု ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် မြန်မာတစ်နိုင်ငံလုံး တိုင်းဒေသကြီးများနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာအဆင့် အဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းတို့မှ ၁၇၆ ဦးစီဖြင့် ပညာရေးဝန်ကြီးဌာနက စိစစ်ရွေးချယ်ထားသည့် ဘက်စုံပညာထူးချွန်လူငယ် ၅၂၈ ဦးသည် ဧပြီ ၂၇ ရက်တွင် စတင်ပြီး သတ်မှတ်ထားသည့် သက်ဆိုင်ရာအပန်းဖြေစခန်းများသို့ သွားရောက်တော့မည်ဖြစ်သည်။

အဌမတန်း ဘက်စုံပညာထူးချွန်လူငယ်များအတွက် ပုဂံအပန်းဖြေစခန်း၊ နဝမတန်း ဘက်စုံပညာထူးချွန်လူငယ်များအတွက် အင်းလေးခေါင်တိုင် အပန်းဖြေစခန်း၊ ဒသမတန်း ဘက်စုံပညာထူးချွန်လူငယ်များအတွက် ငွေဆောင်အပန်းဖြေစခန်းတို့ကို ဧပြီ ၂၇ ရက်မှ မေ ၂ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။ စခန်းဝင်စဉ်ကာလအတွင်း လူရည်ချွန်ဟောင်းများနှင့် တွေ့ဆုံခြင်း၊ ဒေသအတွင်း ထူးခြားနေရာများသို့ လှည့်လည်လေ့လာပြီး ဒေသန္တရဗဟုသုတများ ရှာမှီးစေခြင်း၊ ဒေသခံများ၏ နေ့စဉ်လှုပ်ရှားရုန်းကန်နေရသည့် လူမှုဘဝများအား ကွင်းဆင်းလေ့လာခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အင်းလေးခေါင်တိုင်အပန်းဖြေစခန်းသို့ လာရောက်အပန်းဖြေမည့် နဝမတန်း ထူးချွန်လူငယ်များသည် ဧပြီ ၂၇ ရက်တွင် မန္တလေးစုရပ်မှ စတင်ထွက်ခွာပြီး ယင်းနေ့ ညနေပိုင်းတွင် တည်းခိုမည့် အင်းလေး ဟူပင်ဟိုတယ်သို့ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။ အင်းလေးအပန်းဖြေစခန်းမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် စခန်းမှူး ဦးမြင့်အောင်က "ကျွန်တော်တို့ ကြီးကြပ်ဆရာ ဆရာမ ၁၈ ဦးနဲ့အတူ နဝမတန်း ဘက်စုံပညာထူးချွန်လူငယ်အဖွဲ့အနေနဲ့ ဧပြီ ၂၇ ရက်မှာ မန္တလေးစုရပ်ကနေ အင်းလေးကို ထွက်ခွာမယ်။ နေ့လယ်စာကို ကလောမြို့ ရွှေရေယားမှာစားဖို့စီစဉ်ထားပါတယ်။ ၂၈ ရက် နံနက်ပိုင်းမှာ ဌာနဆိုင်ရာဟောပြောပွဲလုပ်မယ်။ ၂၈ ရက် ညနေပိုင်းမှာ လူရည်ချွန်ဟောင်းကြီးတွေနဲ့ တွေ့မှာဖြစ်ပါတယ်။ ၂၉ ရက်နံနက် ၈ နာရီမှာ ကျွန်တော်တို့ အင်းလေးခေါင်တိုင် လူရည်ချွန်အပန်းဖြေ စခန်းဖွင့်ပွဲလုပ်မှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်ဝန်ကြီးချုပ် တက်ရောက်မှာဖြစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးတွေကိုလည်း ဖိတ်ထားတာရှိပါတယ်" ဟု ပြောသည်။

ထူးချွန်လူငယ်များ တည်းခိုနေထိုင်ရေး၊ စားသောက်ရေးနှင့်လေ့လာရေး စသည်တို့အတွက် တာဝန်ရှိသူများအနေဖြင့် အစစအရာရာအဆင်ပြေစေရန် စနစ်တကျ ကြိုတင်ပြင်ဆင်ထားကြောင်း သိရသည်။

ထူးချွန်လူငယ်များ နေထိုင်စားသောက်မှုနှင့်ပတ်သက်ပြီး "ကျွန်တော်တို့ ဟူပင်ဟိုတယ်မှာ အခုနှစ် အင်းလေးလေ့လာရေးခရီးစဉ်အဖြစ် ကြီးကြပ်ဆရာ ဆရာမ ၁၈ ဦးအပါအဝင် ဘက်စုံပညာထူးချွန်ကျောင်းသား ၁၇၆ ဦး စုစုပေါင်း ၂၀၀ နီးပါး တည်းခိုနေထိုင်မှာဖြစ်ပါတယ်။ ဧပြီ ၂၇ ရက်ကနေ ၃၀ ရက်အထိ လေးည တည်းခိုနေထိုင်မှာဖြစ်ပါတယ်။ တည်းခိုဖို့ အခန်းပေါင်းကတော့ ၆၀ ကျော် စီစဉ်ထားပါတယ်။ အားလုံးအဆင်ပြေအောင်ဆိုပြီး နှစ်ယောက်ခန်းကို သုံးဦးအထိ နေထိုင်နိုင်အောင် စီစဉ်ထားတယ်။ ရေပေါ်ဟိုတယ်အခန်းတွေပါ အားလုံးစီစဉ်ထားပါတယ်။ ငွေကြေးကတော့ ညောင်ရွှေရုံးချုပ်နဲ့ သက်ဆိုင်တဲ့ ဌာနဆိုင်ရာတာဝန်ရှိသူတွေ ညှိနှိုင်းနေကြပါတယ်။ အသက်သာဆုံးဖြစ်အောင် စီစဉ်ထားပါတယ်လို့ သိရပါတယ်။ စားသောက်ဖို့အတွက် တစ်ရက်ကို နံနက်၊ နေ့လယ်၊ ညနေ သုံးနပ်စလုံး သူတို့ကြိုက်တာစားလို့ရအောင် ဘူဖေးပဲ စီစဉ်ထားတယ်။ အသီးအနှံ၊ အရွက်၊ သားငါး အားလုံးပါပါတယ်။ တစ်ချိန်က လူရည်ချွန်ဟောင်းနေရာဖြစ်တဲ့ သမိုင်းအစဉ်အလာရှိတဲ့ ကျွန်တော်တို့ ဟူပင်ဟိုတယ်ကို အခုလို လာရောက်တည်းခိုတာဟာ ကျွန်တော်တို့အတွက် မင်္ဂလာသတင်းဖြစ်လို့ ဝမ်းသာတယ်။ ကြိုလည်းကြိုဆိုတယ်။ ဂုဏ်လည်းယူပါတယ်" ဟု ဟူပင်ဟိုတယ်မန်နေဂျာ ဦးစိန်ထွန်းက မြန်မာ့အလင်းသို့ ပြောသည်။

ဘက်စုံပညာထူးချွန်အဖွဲ့အား ကြိုဆိုခြင်း၊ ဖွင့်ပွဲကျင်းပခြင်းတို့အတွက် ကြိုတင်ပြင်ဆင်ထားမှုအခြေအနေနှင့် ပတ်သက်ပြီး အထကခေါင်တိုင်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းလွင်က "လူရည်ချွန်အဖွဲ့တွေက ၂၇ ရက်နေ့မှ စလာမယ်ဆိုတော့ အဲဒီနေ့ညနေ ၃ နာရီ ၄ နာရီဝန်းကျင်လောက် ရောက်မယ်ခန့်မှန်းထားပါတယ်။ မြို့နယ်အတွင်းမှာရှိတဲ့ သက်ဆိုင်ရာလူမှုအဖွဲ့အစည်းတွေ၊ ကျောင်းသား ကျောင်းသူတွေ၊ ကျောင်းသားမိဘတွေ၊ ဆရာ ဆရာမတွေနဲ့ ဒေသခံတိုင်းရင်းသားပြည်သူတွေနဲ့ စည်စည်ကားကား ကြိုဆိုဖို့ စီစဉ်ထားပါတယ်။ ဖွင့်ပွဲအခမ်းအနားကိုလည်း ဧပြီ ၂၉ ရက် နံနက်တွင် အထကခေါင်တိုင်မှာပဲ မနှစ်ကလို ကျင်းပပြုလုပ်မှာပါ။ ဧပြီ ၂၈၊ ၂၉၊ ၃၀ ရက်နေ့ ညတွေမှာ တိုင်းရင်းသားရိုးရာအကပဒေသာများနဲ့ ဖျော်ဖြေဖို့ စီစဉ်ထားပါတယ်"ဟု ပြောသည်။

ထို့အပြင် ထူးချွန်လူငယ်အဖွဲ့များ သွားရေး၊ လာရေးအဆင်ပြေစေရန်အတွက် ကြိုဆို၊ ပို့ဆောင်ရေးလုပ်ငန်းများကို ကားကောင်း၊ ကားသန့်များဖြင့် စီစဉ်ဆောင်ရွက်ထားကြောင်း၊ အင်းလေးကန်အတွင်း သွားရောက်လေ့လာရန်အတွက် လုံခြုံစိတ်ချရသည့်စက်လှေများကို လုံလုံလောက်လောက် စီစဉ်ထားကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ပြည်နယ်ကျန်းမာရေးဦးစီးဌာနနှင့် ဆက်သွယ်ကာ ဆေးပေးခန်းတစ်ခု ဖွင့်လှစ်ထားရန်စီစဉ်ထားပြီး လေ့လာရေးခရီးစဉ်တိုင်းတွင် ဆရာဝန်တစ်ဦးနှင့် သူနာပြုဆရာမ သုံးဦးတို့က အလှည့်ကျတာဝန်ယူပြီး လိုက်ပါစောင့်ရှောက်သွားရန် စီစဉ်ထားကြောင်း၊ အပန်းဖြေစခန်းလုံခြုံရေးနှင့် လေ့လာရေးခရီးစဉ်အတွက် ညောင်ရွှေနှင့် တောင်ကြီးမြို့တို့မှ ရဲတပ်ဖွဲ့မှူးများ ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထူးချွန်လူငယ်များ လေ့လာရေးခရီးစဉ်အနေဖြင့် ဧပြီ ၃၀ ရက်တွင် အင်းလေးကန်အတွင်းရှိ ရေပေါ်စိုက်ခင်း ကေလာရေခြံ၊ ဟဲယားရွာမရှိ ငွေထည်လုပ်ငန်း(စိန်သမာဓိ)၊ အင်းလေးရိုးရာ ရက်ကန်းရုံများကို သွားရောက်လေ့လာမည်ဖြစ်ကြောင်း၊ ဆက်လက်ပြီး အင်းလေး တန်ခိုးကြီးဘုရားများဖြစ်သည့် ဖောင်တော်ဦးနှင့် အလိုပေါက်ဘုရားများအား သွားရောက်ဖူးမြော်ပြီးနောက် ညနေပိုင်းတွင် ဟူပင်ဟိုတယ်သို့ ပြန်လည် တည်းခိုကာ အနားယူမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်ပြီး ထူးချွန်ကျောင်းသားလူငယ်များနှင့် ကြီးကြပ်ဆရာ ဆရာမများသည် မေ ၁ ရက်တွင် ပင်းတယမြို့နယ် ဓနုဒေသ လေ့လာရေးခရီးစဉ်အဖြစ် ရွှေဥမင်သဘာဝလိုဏ်ဂူ၊ ကုံလုံဆရာတော်စံကျောင်းတော်တို့အား သွားရောက်ဖူးမြော်ပြီးနောက် ပင်းတယမြို့နယ်အတွင်းရှိ ထီးလုပ်ငန်းကို သွားရောက်လေ့လာမည်ဖြစ်ကြောင်း၊ ထို့နောက် တောင်ကြီးမြို့ပေါ်ရှိ အေးသာယာစက်မှုဇုန်ကို ဆက်လက်လေ့လာပြီး ယင်းနေ့ညတွင် တောင်ကြီးမြို့၌ ညအိပ်တည်းခိုရန်စီစဉ်ထားကြောင်း၊ မေ ၂ ရက်တွင် ပအိုဝ်းရိုးရာယဉ်ကျေးမှုနှင့် ရှေးဟောင်းအမွေအနှစ်များလေ့လာရေးအဖြစ် ဟိုပုံးမြို့နယ်ရှိ ထမ်စမ်းဂူအား သွားရောက်လေ့လာကြမည်ဖြစ်ပြီး အပြန်တွင် တောင်ကြီးမြို့နယ်ရှိ မွေတော်ကက္ကူ ရွှေဘုန်းပွင့်၊ မြို့ပေါ်ရှိ စူဠမုနိဘုရားအား ဖူးမြော်ကြည်ညိုကာ ညနေပိုင်းတွင် တောင်ကြီးမြို့မဈေးကို လေ့လာရန်စီစဉ်ထားကြောင်း၊ ယင်းနေ့ညပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့၏ ဂုဏ်ပြုညစာစားပွဲ တက်ရောက်ကြမည်ဖြစ်ကြောင်း၊ မေ ၃ ရက်တွက် သက်ဆိုင်ရာ နေရာဒေသအသီးသီးသို့ ပြန်လည်ထွက်ခွာရန် အောက်မြန်မာပြည်အတွက် ကားနှစ်စီး၊ အထက်မြန်မာပြည်အတွက် ကားနှစ်စီးဖြင့် စီစဉ်ထားပြီး ထူးချွန်လူငယ်များနှင့် ကြီးကြပ်ဆရာ ဆရာမများအား ပြန်လည်ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်း သိရသည်။

အနာဂတ် မြန်မာနိုင်ငံတော်နှင့် မြန်မာပြည်သူတို့အတွက် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်ခေါင်းဆောင်လူငယ်များကို သမိုင်းအစဉ်အဆက် မွေးထုတ်ပေးခဲ့သည့် လူရည်ချွန်စီမံကိန်းသည် ၁၉၆၄ ခုနှစ်က စတင်ခဲ့ခြင်းဖြစ်ပြီး ခေတ်ပြောင်းစနစ်ပြောင်းကာလဖြစ်သည့် ၁၉၈၈ ခုနှစ်တွင် အကြောင်းအမျိုးမျိုးကြောင့် ရပ်နားသွားခဲ့ရာမှ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှ စတင်ကာ ဘက်စုံပညာထူးချွန်လူငယ်အစီအစဉ်ဖြင့် ပြောင်းလဲ၍ ပြန်လည်အသက်သွင်းခဲ့ခြင်းဖြစ်သည်။

အင်းလေးခေါင်တိုင် အပန်းဖြေစခန်းသည် ညောင်ရွှေမြို့ ခေါင်တိုင်ကျေးရွာ တောင်ဘက်တွင်တည်ရှိပြီး လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ က လူရည်ချွန်အပန်းဖြေစခန်းဟောင်းဖြစ်သောကြောင့် လူတော်လူကောင်းများကို မွေးထုတ်ပေးခဲ့သည့် သမိုင်းဝင်နေရာတစ်ခုအဖြစ် ထင်ကျန်နေဆဲဖြစ်သည်။ တစ်ချိန်က လူရည်ချွန်ဟောင်းများနေခဲ့သည့် အဆောင်များ၊ အလံတိုင်နေရာများနှင့် အဆောက်အအုံတချို့မှာ ယနေ့တိုင် ဟူပင်ဟိုတယ်နေရာတွင် မပျက်စီးဘဲ ကျန်ရှိနေသေးသဖြင့် ဒေသခံများနှင့် ယခင်လူရည်ချွန်ဟောင်းများက မဖျက်ဆီးဘဲ အမှတ်တရအဖြစ် ဆက်လက်ထားစေလိုကြကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ၁၉၆၄ ခုနှစ်က စတင်ခဲ့သည့် လူရည်ချွန်စီမံကိန်းအတွက် ကနဦးတွင် ငပလီရွှေဝါချိုင် အပန်းဖြေစခန်းတစ်ခုသာရှိခဲ့ကြောင်း၊ ပထမဆုံး လူရည်ချွန်စီမံကိန်းအရ ထူးချွန်လူငယ်များအပန်းဖြေအနားယူနိုင်ရန်အတွက် နိုင်ငံတော်အစိုးရက ၁၉၆၅ ခုနှစ်တွင် အင်းလေးခေါင်တိုင်အပန်းဖြေစခန်းအဖြစ် သတ်မှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း လေ့လာသိရှိရသည်။ မည်သို့ပင်ဖြစ်စေ ဒီမိုကရေစီအစိုးရလက်ထက် ၂၀၁၃ ခုနှစ်တွင် ဘက်စုံပညာထူးချွန် လူငယ်စီမံကိန်းအဖြစ် ပြန်လည်အသက်သွင်းလိုက်သောကြောင့် အင်းလေးခေါင်တိုင် လူငယ်အပန်းဖြေစခန်းဟောင်းသည်လည်း ၂၀၁၅ ခုနှစ်မှစတင်ကာ ပြန်လည်အသက်ဝင်လာခဲ့သည်။

မကြာမီအချိန်တွင် ထူးချွန်လူငယ်လေးများ အင်းလေးခေါင်တိုင်အပန်းဖြေစခန်းဟောင်း(ယခုဟူပင်ဟိုတယ်)နေရာသို့ ရောက်ရှိလာတော့မည်ဖြစ်သည့်အတွက် တစ်ခါတုန်းက ထိုနေရာတွင် အင်လေးကန်အတွင်းရှိ တန်ခိုးကြီးဖောင်တော်ဦးဘုရားသို့ သွားရောက်ဖူးမြော်ကြရန် စက်လှေများဖြင့် ပို့သည့်အခါ ကန်ရေစပ်ကုန်းမြင့်တွင် သူငယ်ချင်းမိတ်ဆွေများနှင့် တစ်ဦးနှင့်တစ်ဦး လက်တွဲကူညီဖေးမခဲ့ဖူးသည်များကို လူရည်ချွန်ဟောင်း ဆရာမ ဒေါ်အဆွေ တစ်ယောက်လည်း ပြန်လည်မြင်ယောင် အောက်မေ့သတိရနေလိမ့်မည်ဟု ကျွန်တော်ယုံကြည်နေမိသည်။



၂၀၁၅ ခုနှစ်က ဟူပင်ဟိုတယ်ဝင်းအတွင်း ဘက်စုံပညာထူးချွန်လူငယ်မောင်မယ်များကို တွေ့ရစဉ်

# နီပေါငလျင် တစ်နှစ်ပြည့် အခမ်းအနားကျင်းပ



**နီပေါ ဧပြီ ၂၅**

လွန်ခဲ့သောနှစ်က ပြင်းအား ၇ ဒသမ ၈ မဂ္ဂနီကျုရှိသည့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် သေဆုံးခဲ့ရသူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်နှင့် ဆုတောင်းပွဲ တစ်နှစ်ပြည့်အခမ်းအနားသို့ နီပေါဝန်ကြီးချုပ် ကေပီရှာမာအိုလီ တနင်္ဂနွေနေ့က တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ငလျင်ဒဏ်ကြောင့် သေဆုံးသူများ၊ ဒဏ်ရာရရှိသူများ၊ အိုးအိမ်ဆုံးရှုံးခဲ့ရသူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်သည့် အစီအစဉ်ကို ဝန်ကြီးချုပ်က ဦးဆောင်၍ပြုလုပ်ခဲ့သည်။

နီပေါနိုင်ငံ၌ အဆိုပါငလျင်ကြောင့် လူပေါင်း ၉၀၀၀ အသက်ဆုံးရှုံးခဲ့ရသည်။ အခမ်းအနားသို့ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အစိုးရအဖွဲ့အကြီးအကဲများ၊ သံရုံးများမှ ကိုယ်စားလှယ်များ၊ လုံခြုံရေးအရာရှိများ တက်ရောက်ခဲ့ကြသည်။ အဆိုပါအခမ်းအနားကို ငလျင်လှုပ်ခတ်စဉ်အတွင်း ပြိုကျခဲ့သည့် သမိုင်းဝင် ဒါရာဟာရာ အမည်ရှိ ကိုးထပ်တာဝါ၌ ကျင်းပခဲ့သည်။ ဒါရာဟာရာတာဝါပြိုကျမှုကြောင့် လူ ၁၀၀ ကျော်သေဆုံးခဲ့ရသည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများလုပ်ဆောင်ရန် အမေရိကန်ဒေါ်လာ ၇ ဘီလီယံလိုအပ်သည်ဟု သဘာဝဘေးအန္တရာယ်စောင့်ကြည့်အကဲဖြတ်ရေးအဖွဲ့၏ အစီရင်ခံစာအရ သိရသည်။ နိုင်ငံတကာမှ အလှူရှင်များက နိုင်ငံအတွင်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဒေါ်လာ ၄ ဒသမ ၁ ဘီလီယံထောက်ပံ့ပေးမည်ဟု ကတိပြုထားသည်။

**(ဆင်ဟွာ)**

# ၂၀၂၀ တိုကျို အိုလံပစ်အားကစားပြိုင်ပွဲအတွက် လိုဂိုပုံစံများရွေးချယ်သတ်မှတ်




**တိုကျို ဧပြီ ၂၅**

၂၀၂၀ တိုကျို အိုလံပစ်အားကစားနှင့် မသန်စွမ်းအားကစားပြိုင်ပွဲအတွက် သင်္ကေတ (လိုဂို)နှစ်ခုကို တရားဝင်ရွေးချယ်လိုက်ပြီဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဧပြီ ၂၄ ရက်က ဖော်ပြသည်။

တိုကျို အားကစားပြိုင်ပွဲကျင်းပရေးကော်မတီက တနင်္လာနေ့တွင် အိုလံပစ်အားကစားပြိုင်ပွဲအတွက် မဲနယ်ရောင်နှင့် အဖြူရောင်သုံးထားသော စက်ဝိုင်းပုံအကွက်ပါ သင်္ကေတကို ထောက်ခံအတည်ပြုရွေးချယ်ခဲ့ပြီး မသန်စွမ်းအားကစားပြိုင်ပွဲအတွက် ခြင်းတောင်းပုံပါသင်္ကေတကို ရွေးချယ်အတည်ပြုခဲ့သည်။

ရွေးချယ်ရေးအဖွဲ့များက ပြည်သူ ၄၀၀၀၀၀ ကျော်က ပေးပို့သော အကြံပြုချက်များကို ထည့်သွင်းစဉ်းစားပြီးနောက် ထိုပုံစံကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ရွေးချယ်ထားသော သင်္ကေတ (လိုဂို)ပုံစံများကို ကြော်ငြာနှင့် အခြားစီးပွားရေးစပွန်ဆာ ကုမ္ပဏီများက အသုံးပြုလိမ့်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ၂၀၂၀ တိုကျိုအိုလံပစ်အားကစားနှင့် မသန်စွမ်းအားကစားပြိုင်ပွဲကို မြှင့်တင်ရန်ရည်ရွယ်ချက်ဖြင့် တရားဝင်ကုန်ပစ္စည်းများတွင်လည်း ယင်းလိုဂိုကို အသုံးပြုလိမ့်မည်ဖြစ်ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# အိန္ဒိယနိုင်ငံ အာသံပြည်နယ်တွင် ရေလွှမ်းမိုးမှုကြောင့် လူပေါင်း ၁၀၀၀၀၀ နီးပါး ဒုက္ခခံစားနေရ

**နယူးဒေလီ ဧပြီ ၂၅**

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း အာသံပြည်နယ်တွင် ရေလွှမ်းမိုးမှုကြောင့် လူပေါင်း ၁၀၀၀၀၀ နီးပါး ဒုက္ခခံစားခဲ့ရကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဧပြီ ၂၅ရက်ကဖော်ပြခဲ့သည်။

ယင်းပြည်နယ်တွင် ရေလွှမ်းမိုးမှုကြောင့် လူနှစ်ဦးသေဆုံးခဲ့ကြောင်း တနင်္ဂနွေနေ့တွင် အရာရှိများက ပြောခဲ့သည်။ မိုးသီးမုန်တိုင်းကြောင့် တင်ဆူကီယာဒေသတွင် လူတစ်ဦးသေဆုံးခဲ့ကြောင်းသိရပြီး ချာရေဒီယိုမြစ်ရေမြင့်တက်မှုကြောင့် အခြားလူတစ်ဦးမှာ မြစ်ရေထဲမျောပါသေဆုံးခဲ့ကြောင်း အရာရှိတစ်ဦးက ပြောသည်။

မြစ်ရေထိုးတက်လွှမ်းမိုးလာသောကြောင့် လယ်ယာမြေ ၂၀၀၀ ဟက်တာပျက်စီးခဲ့ကြောင်း အရာရှိများကပြောခဲ့သည်။ အောလ်အိန္ဒိယရေဒီယို (အေအိုင်အာရ်)တွင် ပြည်နယ်အကြီးအကဲက ရေလွှမ်းမိုးမှုအခြေအနေများကို ကြည့်ရှုပြီး ဒုတိယရဲမင်းကြီးအား ရေဘေးဒုက္ခခံစားနေရသူများအတွက် ကူညီပေးရန် တိုက်တွန်းခဲ့သည်ဟု ပြောကြားခဲ့သည်။

ယင်းပြည်နယ်တွင် ရက်သတ္တပတ်ကျော်ကြာအောင် မိုးအဆက်မပြတ်ရွာသွန်းမှုသည် ဆယ်စုနှစ်များအတွင်း အမြင့်ဆုံးဖြစ်ပြီး သာမန်ပြည်သူများအပေါ် ထိခိုက်မှုအဖြစ်ဆုံးဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# အသက် ၁၂ နှစ်အရွယ်ရှိ ပါလက်စတိုင်း အကျဉ်းသူတစ်ဦးကို အစ္စရေးတို့လွှတ်ပေး

**ဂျေရုဆလင် ဧပြီ ၂၅**

အစ္စရေးတို့ဖမ်းဆီးထားသည့် အသက်အငယ်ဆုံး ပါလက်စတိုင်း အကျဉ်းသူ အသက် ၁၂ နှစ်အရွယ်ရှိ ဒီမာအယ်ဝါဝိုင်ကို တနင်္ဂနွေနေ့က အစ္စရေးအကျဉ်းထောင်မှ လွှတ်ပေးခဲ့သည်။

အစ္စရေး အာဏာပိုင်များက အယ်ဝါဝိုင်ကို အနောက်ဘက်ကမ်းရှိ တက်ခ်အယ်ရမ်မြို့အနီးတွင် လွှတ်ပေးခဲ့ပြီးနောက် အနောက်ဘက်ကမ်း တောင်ဘက်ပိုင်းရှိ ၎င်း၏ဇာတိမြို့သို့ ပြန်သွားခဲ့သည်ဟု ပါလက်စတိုင်းထိန်းသိမ်းခံထားရသူများ လွတ်မြောက်ရေး အကူအညီပေးရေးအဖွဲ့မှ အက်စာကွာရက်က ဆင်ဟွာသို့ ပြောသည်။

အစ္စရေးနိုင်ငံသည် ကလေးသူငယ်များနှင့် အသေးအဖွဲအမှုကိစ္စများကို တရားဥပဒေအရ အရေးယူသော တစ်ခုတည်းသောနိုင်ငံဖြစ်သည်ဟု ၎င်းကဆက်ပြောသည်။

လွန်စွာ အားနည်းနေပြီး ကြောက်ရွံ့လျက်ရှိသော အယ်ဝါဝိုင်ကို ၎င်း၏ မိသားစုဝင်များနှင့် ပါလက်စတိုင်း အာဏာပိုင်များက နွေးထွေးစွာ ကြိုဆိုခဲ့ကြသည်။

အယ်ဝါဝိုင်ကို ဖေဖော်ဝါရီ ၉ ရက်က ၎င်း၏ ကျောင်းဝတ်စုံအတွင်းမှ ဓားတစ်ချောင်း ရှာဖွေတွေ့ရှိခဲ့သည်ဟု အစ္စရေးတပ်ဖွဲ့ဝင်များက ပြောသည်။ အစ္စရေး စစ်ခုံရုံးက ၎င်းအား ထောင်ဒဏ် လေးလခွဲ ချမှတ်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၀၀၀ ဒဏ်ရိုက်ခဲ့သည်။

ပါလက်စတိုင်း ကလေးငယ် ၄၀၀ ကျော်မှာ အစ္စရေးအကျဉ်းထောင်များအတွင်း ဖမ်းဆီးခံထားရသည်ဟု ပါလက်စတိုင်း အကျဉ်းသားများအဖွဲ့က ပြောသည်။

**(ဆင်ဟွာ)**



# ဒါကာအကျဉ်းထောင်၌ သေနတ်သမားတစ်ဦးက ထောင်စောင့်အားပစ်သတ်

**ဒါကာ ဧပြီ ၂၅**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာဆင်ခြေဖုံးရှိ အကျဉ်းထောင်ရှေ့တွင် တနင်္လာနေ့က သေနတ်သမားတစ်ဦးက ထောင်စောင့်တစ်ဦးကို ပစ်သတ်လိုက်ကြောင်း ရဲအရာရှိတစ်ဦးက ပြောသည်။

မော်တော်ဆိုင်ကယ်စီးလာသူတစ်ဦးက လက်ဖက်ရည်ဆိုင်တွင် မတ်တတ်ရပ်လျက်ရှိနေသူ ကာရှင်ပါးရ်ထောင်ကြီးကြပ်ရေး တပ်ကြပ်ကြီး ရစ်တွန် (အသက် ၆၀)ကို ပစ်ခတ်သွားကြောင်း၊ သေနတ်သမားသည် ပစ်ခတ်ပြီးနောက် မြင်ကွင်းမှ ချက်ချင်းပျောက်ကွယ်သွားကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

သေနတ်ဖြင့် ပစ်သတ်ရခြင်းထိဖြစ်ပွားအောင် ကြောက်စရာကောင်းလောက်သော နောက်ကွယ်ကဖြစ်ရပ်ကို ယခုချိန်ထိမသိရသေးပေ။

အကြမ်းဖက်သမားဟု သံသယရှိသူများက ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရာဂျ်ရှာဟီဒေသရှိ တက္ကသိုလ်ပါမောက္ခတစ်ဦးကို ပစ်သတ်ပြီးနောက် ယခုကဲ့သို့ ထောင်စောင့်အား သေနတ်ဖြင့် ပစ်သတ်ခြင်းအမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**(ဆင်ဟွာ)**

# အကျဉ်းသားများ ဘဝသစ်ပြန်လည်ထူထောင်နိုင်ရေး အခွင့်အလမ်းများ

**ခြူးစန္ဒီနွေး**

**“ထောင်” ဟူသောစကားလုံးသည် နှစ်မြို့ဖွယ်ရာ စကားလုံးမဟုတ်ပေ။ ရာဇဝတ်မှုကျူးလွန်သူများကိုထိန်းသိမ်းထားရာ နေရာဖြစ်သည့်အတွက် ကောင်းမွန်သောနေရာတစ်ခုလည်း မဟုတ်ပေ။ ကမ္ဘာပေါ်ရှိအကျဉ်းထောင်အချို့တွင် အကျဉ်းသားအချင်းချင်း နှိပ်စက်မှုများ၊ ထောင်ဝါဒါတို့၏ ညှဉ်းပန်းနှိပ်ကွပ်မှုများ ရှိနေသေးသည်ဟု လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများက ဝေဖန်မှုများရှိနေသည်။ မည်သို့ပင်ဆိုစေကာမူ ပြစ်မှုကျူးလွန်မိသည့်အတွက် ပြစ်ဒဏ်ပေးဆပ်ရန် ရောက်ရှိနေရသော နေရာ၌ စိတ်လက်ပေါ့ပါးစွာ၊ သက်သောင့်သက်သာ အဆင်ပြေစွာ နေထိုင်နိုင်ရန်မှာ မဖြစ်နိုင်ပေ။ သို့သော် ဘယ်လ်ဂျီယံနိုင်ငံ Antwerp မြို့ရှိ Beveren အကျဉ်းထောင်မှာမူ ကမ္ဘာပေါ်ရှိ အကျဉ်းထောင်များနှင့်မတူ ကွဲပြားခြားနားသည့်အိပ်မက်သဖွယ် ဆန်းကြယ်လှသည့် ပြောင်းလဲမှုတစ်ရပ်ကို စတင်အကောင်အထည်ဖော်နေပြီဖြစ်သည်။**



အဆိုပါအကျဉ်းထောင်၌ကမ္ဘာပေါ်တွင် ပထမဦးဆုံးအဖြစ် အကျဉ်းသားများကို အင်တာနက်အသုံးပြုခွင့်နှင့် ဖုန်းခေါ်ဆိုခွင့် စတင်ခွင့်ပြုခဲ့သည်။ ထို့ပြင် မိမိကိုယ်ပိုင်ဆဲလ်ဖုန်းသို့ ရုပ်ရှင်ဇာတ်ကားများ ဒေါင်းလုပ်ဆွဲယူခွင့်ပါရရှိမည်ဖြစ်သည်။ ဤသို့သော အခွင့်အရေးများပေးခြင်းဖြင့် မည်သို့သောအကျိုးကျေးဇူးတွေရရှိလာမည်နည်း။

“ကျွန်တော်လူသတ်မှုနဲ့ ဒီအကျဉ်းထောင်ကို ရောက်ရှိလာတာပါ။ ထောင်ဒဏ်နှစ် ၂၀ ကျခံရမှာဖြစ်ပါတယ်”ဟု Beveren အကျဉ်းထောင်တွင်းမှ အကျဉ်းသားတစ်ဦးဖြစ်သူ အိုင်ဗန်ကပြောသည်။ ယခုအခါ ကမ္ဘာပေါ်ရှိမည်သည့်အကျဉ်းသားမျှ ရရှိခြင်းမရှိသည့် အခွင့်အရေးများဖြစ်သည့် အင်တာနက်သုံးစွဲခွင့်နှင့် ဆဲလ်ဖုန်းသုံးစွဲခွင့်များကို အိုင်ဗန်ရရှိနေပြီဖြစ်သည်။

Beveren အကျဉ်းထောင်သည် ထောင်တွင်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများဆောင်ရွက်ခဲ့သည်မှာ နှစ်နှစ်နီးပါးရှိလာပြီဖြစ်သည်။ အကျဉ်းသားများသည် စာကြည့်တိုက်မှ စာအုပ်များရှာဖွေပေးရန် တောင်းဆိုနိုင်ပြီး အကျဉ်းထောင်ဝန်ထမ်းများနှင့် ဆက်သွယ်မှုပြုလုပ်နိုင်ကာ ၎င်းတို့၏ ပြစ်မှုမှတ်တမ်းကို ကြည့်ရှုနိုင်သည်။ ထို့ပြင် သီချင်းများနားထောင်ခြင်းနှင့် ကွန်ပျူတာဂိမ်းများပါဆော့နိုင်သည်။

ထိုသို့သော ကိစ္စရပ်များအတွက် အကျဉ်းထောင်လား၊ ဟိုတယ်လားဟူ၍ လှောင်ပြောင်မေးခွန်းထုတ်မှုများလည်း ရှိလာသည်။

ဘယ်လ်ဂျီယံလူမှုအသိုင်းအဝိုင်းမှ အကျဉ်းထောင်၌ ယင်းကဲ့သို့ အခွင့်အရေးပေးသည့်ကိစ္စနှင့်ပတ်သက်၍ အကျဉ်းထောင်သည် ဟိုတယ်မဟုတ်ဟု ဝေဖန်မှုများရှိလာသော်လည်း အကျဉ်းထောင် ဒုတိယအုပ်ချုပ်ရေးမှူး အက်ရီယာအန်ဆန်ကမူ ယခုကိစ္စမှာ လုပ်သင့်လုပ်ထိုက်သည့် ကိစ္စဖြစ်သည့်အတွက် နောင်တမရဟု ပြန်လည်ဖြေရှင်းခဲ့သည်။

ထောင်သားများသည် ဝက်ဆိုက်မှတစ်ဆင့် အလုပ်အကိုင်များရှာဖွေလာနိုင်မည်ဖြစ်သည်။ ဖတ်ရှုလိုသည့် စာအုပ်စာပေများကိုလည်း ဖတ်ရှုလေ့လာနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပြင်ပကမ္ဘာနှင့် အဆက်အသွယ်ပြတ်တောက်ခြင်းလည်းမရှိတော့ပေ။ အကောင်းဘက်မှကြည့်လျှင် အကျိုးကျေးဇူးများနိုင်သည်ဟု ၎င်းက ဆက်လက်ပြောသည်။

အက်ရီယာအန်ဆန်သည် ဤကိစ္စနှင့်ပတ်သက်၍ လူအများ မနှစ်မြို့ဒေါသထွက်မည်ကို သိသော်လည်း ၎င်း၏ လုပ်ရပ်မှာမှန်ကန်သည်ဟု ယူဆဆဲပင်ဖြစ်သည်။

အကျဉ်းသားများအား အင်တာနက်အသုံးပြုခွင့်ပေးကဲ့သို့သော အခွင့်အရေးပေးမှုများ ဗြိတိန်နိုင်ငံတွင် ကျင့်သုံးရန် အစီအစဉ်မရှိသော်လည်း ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ၎င်းသည် ၂၁ ရာစုနှင့် ကိုက်ညီမှုရှိသည့် ခေတ်မီပြီး အကျိုးသက်ရောက်မှုများသည့် အကျဉ်းထောင်စနစ် အသက်သွင်းရန်ဆန္ဒရှိသည်ဟု ပြောကြားခဲ့သည်။ တိုးတက်သည့် နည်းပညာသည် အကျဉ်းထောင်၏လုံခြုံရေးအခြေအနေနှင့်ပတ်ဝန်းကျင်ကို ထိခိုက်လာနိုင်သည်။ အကျဉ်းထောင်လုံခြုံရေးကို ချိုးဖောက်လာနိုင်သည်။ ပြစ်မှုကျူးလွန်မှုကြောင့် ပြစ်ဒဏ်ပေးဆပ်ရန် ရောက်ရှိလာသူများကို ဤကဲ့သို့သော အခွင့်အရေးမျိုးပေးခြင်းမှာ မတင့်တယ်သောကိစ္စရပ်တစ်ခုပင်ဖြစ်သည်။

မိုဘိုင်းဖုန်းများ၊ စမတ်ဖုန်းများကို အကျဉ်းထောင်အတွင်း တရားဝင်အသုံးပြုခွင့်ပေးထားခြင်းမရှိပေ။ ထိခိုက်ခံစားရသူများ အဖွဲ့အစည်းတွင် အလုပ်လုပ်ကိုင်နေသူ ကီဗင်ဟော့ခ်က အကျဉ်းသားများ၊ ထောင်သားများသည် အကျဉ်းထောင်အတွင်း ကန့်သတ်မှုများစွာနှင့် ရင်ဆိုင်နေရသည်ဟုဆိုသည်။ ထို့ကြောင့် အကျဉ်းသားများသည် နည်းပညာနှင့်ပတ်သက်၍ စိုးရွံ့ထိတ်လန့်မှုများ ရှိလာနိုင်သည်။ ထောင်မှထွက်လျှင် ပြင်ပလောက၌ နည်းပညာကို အသုံးပြု၍ ဆက်လက်ရှင်သန်ရန် အခက်အခဲရှိလာနိုင်သည်။

အကျဉ်းသားများအား ထောင်အတွင်း၌ အင်တာနက်အသုံးပြုခွင့်ပေးခြင်းဖြင့် စာကောင်းစာမွန်များ ဖတ်ရှုခွင့်ရလာခြင်း၊ အပြင်လောကနှင့်အဆက်အသွယ်မပြတ်ခြင်း၊ အလုပ်အကိုင်များရှာဖွေနိုင်ခြင်း အစရှိသည့် အကျိုးကျေးဇူးများ ရရှိလာနိုင်သည်ဟု ဆိုနိုင်သော်လည်း လုံခြုံရေးစနစ်ကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ထို့ပြင် ပြစ်ဒဏ်ခံယူရန် လာရောက်ကြသူများသည် ဂိမ်းဆော့ခြင်း၊ သီချင်းနားထောင်ခြင်း၊ ဇာတ်ကားများ ဒေါင်းလုပ်ဆွဲခွင့်ပြုခြင်းတို့မှာမူ တစ်ဖက်စွန်းရောက်လွန်းလှသည်ဟု ဆိုသည်။

အကျဉ်းထောင်များအတွင်း ထောင်သားများကို နှိပ်စက်ညှဉ်းပန်းမှုမှာ မရှိသင့်သောကိစ္စရပ်ဖြစ်သည်။ အကျဉ်းထောင်အတွင်း ပြုပြင်ပြောင်းလဲရေးများ ပြုလုပ်ခြင်းမှာကောင်းသော လက္ခဏာရပ်ပင်ဖြစ်သည်။

ထောင်သားများထောင်မှ လွတ်မြောက်ပြီးနောက် ဘဝအသစ်ပြန်လည်ထူထောင်နိုင်ရန် အခွင့်အလမ်းများ၊ လမ်းကြောင်းမှန်ပေါ်သို့ ပြန်လည်ပို့ဆောင်နိုင်သည့်နည်းလမ်းများကို အထောက်အကူပြုမည့် ပြုပြင်ပြောင်းလဲမှုမျိုးသာဖြစ်သည်။ ထို့ကြောင့် အလွန်အကျွံ တစ်ဖက်စွန်း ရောက်သည့် ပြုပြင်ပြောင်းလဲမှုမျိုးမဟုတ်ဘဲ ညီညွတ်မျှတသည့် သဘာဇာတဖြစ်မည့် ပြုပြင်ပြောင်းလဲမှုမျိုးကိုသာ လုပ်ဆောင်သင့်သည်ဟု ထင်မြင်မိပါကြောင်း။

**(ကိုးကား-ဘီဘီစီ)**

**အကျဉ်းသားများအား အင်တာနက်အသုံးပြုခွင့်ပေးကဲ့သို့သော အခွင့်အရေးပေးမှုများ ဗြိတိန်နိုင်ငံတွင် ကျင့်သုံးရန် အစီအစဉ်မရှိသော်လည်း ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ၎င်းသည် ၂၁ ရာစုနှင့် ကိုက်ညီမှုရှိသည့် ခေတ်မီပြီး အကျိုးသက်ရောက်မှုများသည့် အကျဉ်းထောင်စနစ် အသက်သွင်းရန်ဆန္ဒရှိသည်ဟု ပြောကြားခဲ့**

## ဆေးကုသမှုထောက်ပံ့မှုများပြုလုပ်နိုင်ရန် တပ်ဖွဲ့ဝင် ၂၅၀ ဆီးရီးယားသို့ စေလွှတ်မည်

**ဝါရှင်တန် ဧပြီ ၂၅**

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် ဆီးရီးယားရှိ စစ်သွေးကြွများနှင့် အိုင်အက်စ်အဖွဲ့ကို နှိမ်နင်းရာတွင် အထောက်အကူပြုရန် တပ်ဖွဲ့ဝင် ၂၅၀ ကို ဆီးရီးယားသို့ စေလွှတ်မည်ဖြစ်သည်ဟု အာဏာပိုင်များက ပြောသည်။

ဆီးရီးယားနိုင်ငံအရှေ့မြောက်ဘက်ရှိ ကာဒ့်များနှင့်ပူးပေါင်း၍ ဆွန်နီအာရပ်များကို ပိုမိုအထောက်အကူပြုနိုင်ရေးရည်ရွယ်၍ စေလွှတ်ခြင်းဖြစ်သည်။ ယခုအစီအစဉ်၌ ဆီးရီးယားရှိ စစ်မက်ဖြစ်ပွားမှုမရှိသောနေရာများတွင် အမေရိကန်တပ်ဖွဲ့ဝင် ၃၀၀ ကို တပ်ဖြန့်ချထားမည်ဖြစ်သည်။

ဘီဘီစီနှင့် အင်တာဗျူးတွင် မစ္စတာအိုဘားမားက မြေပြင်တပ်ဖွဲ့ဝင်များ ဆီးရီးယားသို့ ထပ်မံစေလွှတ်မည်ဟု ပြောသည်။ ယင်းအင်တာဗျူး၌ အိုဘားမားက ဆီးရီးယားသို့ စစ်ရေးအရ အကူအညီပေးခြင်းမှာ ရှုပ်ထွေးလှပြီး ဆီးရီးယားပဋိပက္ခကို ဖြေရှင်းနိုင်မည်မဟုတ်ဟု ပြောသည်။ ယခုစေလွှတ်မည့်အဖွဲ့မှာ ဆေးကုသမှုနှင့် ထောက်ပံ့ရေးဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်မည့်တပ်ဖွဲ့ဖြစ်ကြောင်း သိရသည်။ တရားဝင်ကြေညာချက်ကိုမူ သမ္မတအိုဘားမား ဟန်နိုဗာသို့ တနင်္လာနေ့၌ သွားရောက်စဉ် ကြေညာမည်ဟု မျှော်လင့်ရသည်။ ဟန်နိုဗာ၌ ဗြိတိန်၊ ဂျာမနီ၊ ပြင်သစ်နှင့် အီတလီနိုင်ငံများမှ ခေါင်းဆောင်များနှင့်အတူ ဆီးရီးယားအရေး ဆွေးနွေး ကြမည်ဖြစ်သည်။

**(ဘီဘီစီ)**



**ဧပြီ ၂၄ ရက်က အီတလီမြို့တော် ရောမရှိ ရိုမန်ဖိုရမ်စစ်ရေးပြအခမ်းအနား၌ စစ်သားများဝင်ရောက်ပါဝင်သရုပ်ပြခဲ့ကြသည်။ ဘီစီ ၇၅၃ ခုနှစ်က ရိုမျူလက်စ်တည်ထောင်ခဲ့သော ရောမပြည်သည် ၂၇၆၉ ခုနှစ်ထဲသို့ ဝင်ရောက်လာခဲ့ပြီဖြစ်သည်။ ရောမပြည်မွေးဖွားလာခြင်းကို ဝတ်စုံများဝတ်ဆင်ခြင်း၊ ကြီးမြတ်သော ရောမအင်ပါယာအဆောင်အယောင်များ ဆင်ယင်ထုံးဖွဲ့ခြင်းဖြင့် ပြည်သူများက ဝင်ရောက်ဆင်နွှဲခဲ့ကြစဉ်။**

(ဆင်ဟွာ)

# တောတိုက်ဓမ္မရိပ်သာဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်းကျောင်း ကွန်ပျူတာသင်တန်းဖွင့်

**နေပြည်တော် ဧပြီ ၂၅**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် တာဝန်ရှိသူများနှင့်အတူ ဧပြီ ၂၃ ရက်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် တောတိုက်ဓမ္မရိပ်သာဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်းကျောင်း ပဓာနနာယကဆရာတော် နိုင်ငံတော်သြဝါဒါစရိယ၊ ရန်ကုန်တိုင်းဒေသကြီး ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဓမ္မသာရအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် တောတိုက်ဓမ္မရိပ်သာဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်းကျောင်း စာသင်ဆောင်များကို လှည့်လည်ကြည့်ရှုပြီး နွေရာသီကျောင်းပိတ်ရက်၌ ကွန်ပျူတာသင်တန်း ဖွင့်လှစ်သင်ကြားနေသည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား အားပေးစကားပြောကြားသည်။

အဆိုပါ ဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်းကျောင်းတွင် မူလတန်း၌ သာမဏေ၊ သီလရှင်နှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၆၀ ပါး/ဦးနှင့် အလယ်တန်း၌ သာမဏေ၊ သီလရှင်နှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၃၀၂ ပါး/ဦးတို့ တက်ရောက်ပညာသင်ကြားလျက်ရှိပြီး ဆရာ၊ ဆရာမ စုစုပေါင်း ၄၆ ဦးတို့က မူလတန်း၊ အလယ်တန်းပညာများကို သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



# မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဆောင်သော ဂေါက်သီးရိုက်အားကစားအဖွဲ့ ကိုရီးယားနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် ဧပြီ ၂၅**

ကိုရီးယားနိုင်ငံ Jeju Island မြို့တွင်ကျင်းပမည့် The 38th QUEEN SIRIKIT CUP Asia Pacific Amateur Ladies Golf Team Championships ပြိုင်ပွဲကို ဧပြီ ၂၇ ရက်မှ ၂၉ ရက်ထိ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေး ဦးဆောင်သော မြန်မာဂေါက်သီးအားကစားသမားများသည် ဧပြီ ၂၃ ရက် ညပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။

အဆိုပါဂေါက်သီးရိုက်အားကစားအသင်းတွင် ဥက္ကဋ္ဌ ဦးကိုကိုအေးနှင့်အတူ အမျိုးသမီးအားကစားသမားများဖြစ်ကြသော မေဦးခိုင်၊ အေးအေးအောင်၊ ဖူးပွင့်နဒီခိုင်၊ သင်းဝေခိုင်တို့နှင့် အားကစားသမားများ၏ မိဘများလိုက်ပါသွားရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လိုက်ပါပို့ဆောင်နှုတ်ဆက်ခဲ့ကြ ကြောင်းသိရသည်။

**ဖိုးသော်ဇင်**

# မူးယစ်ဆေးဝါးပပျောက်ရေး ငြိမ်းချမ်းစွာထောက်ခံဆန္ဒဖော်ထုတ်

**မူဆယ် ဧပြီ ၂၅**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်ခရိုင်၌ Kachin Anti Drug Day ကို ကြိုဆိုဂုဏ်ပြုခြင်းအားဖြင့် မူးယစ်ဆေးဝါး လုံးဝအမြစ်ပြတ်တိုက်ဖျက်ချေမှုန်းရေးကို ငြိမ်းချမ်းစွာ ထောက်ခံဆန္ဒဖော်ထုတ်ပွဲကို ဧပြီ ၂၅ ရက် နံနက် ၈ နာရီက လူထုအင်အား ၁၈၀၀ ကျော်ခန့်ဖြင့် ငြိမ်းချမ်းစွာ ထောက်ခံဆန္ဒဖော်ထုတ်ခဲ့ကြသည်။

အဆိုပါ ထောက်ခံပွဲသို့ ဦးဆောင်သူ ကချင်လူထုခေါင်းဆောင် ဦးဇော်ရာ(Kachin Baptish Churh) က ဦးဆောင်ပြီး ခရိုင်အတွင်းရှိ ကချင်ကျေးရွာပေါင်း ၂၁ ရွာနှင့် မြို့ပေါ်နေ ကချင်လူထု စုစုပေါင်း လူဦးရေ ၁၈၀၀ ကျော်တို့က ကချင်လူငယ် နှစ်ခြင်းခရစ္စယာန်အသင်းတော်မှ စတင်ပြီး မြို့ပေါ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် မြန်မာ-တရုတ်နယ်စပ် ဝင်/ထွက်ပေါက် (နန်းတော်ဂိတ်)ထိ ထိုမှတစ်ဆင့် မူဆယ်မြို့ ပြည်ထောင်စုလမ်းမကြီးအတိုင်း လေယာဉ်ကွင်းဟောင်း၊ ကချင်နှစ်ခြင်းကျောင်းသို့ နံနက် ၁၁ နာရီ ၂၀ မိနစ်အထိ စီတန်းလှည့်လည် ထောက်ခံ ဆန္ဒဖော်ထုတ်ခဲ့ကြရာ ကချင်ဘာသာစကားဖြင့် ထောက်ခံသည့် ဆောင်ပုဒ်များဖြင့် လည်းကောင်း၊ 'ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးလုံးဝကင်းစင်ရေး'၊ 'မူးယစ်ဆေးဝါးကို ဘုံရန်သူအဖြစ် တိုက်ဖျက်ရေး'၊ 'မူးယစ်ဆေးဝါး အမြစ်ပြတ်ချေမှုန်းရေး' စသည့် ဆောင်ပုဒ် ၂၂ မျိုး ငြိမ်းချမ်းစွာ ကြွေးကြော်ထောက်ခံ ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။

**အယ်လ်စိုး(ပြန်/ဆက်)**



# လမစေ့ဘဲမွေးသည့် မွေးရာပါအူထွက်ဝေဒနာရှင် ခွဲစိတ်မှုအတွက် ကုသိုလ်ပါဝင်လှူဒါန်းနိုင်



**တာချီလိတ် ဧပြီ ၂၅**

တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု နမ့်တွန်းကူလောင်းရွာနေ မလုထသည် ဧပြီ ၂၄ ရက် ည ၁၀ နာရီ ၅ မိနစ်ခန့်က တာချီလိတ်ပြည်သူ့ဆေးရုံကြီးတွင် လမစေ့ဘဲမွေးဖွားခဲ့သည့် ရင်သွေးလေးမှာ (Neonatal Gastroschisis)ခေါ် မွေးရာပါအူထွက်သည့် ရောဂါခံစားနေရပြီး ငွေကြေးမပြည့်စုံ၍ခွဲစိတ်ကုသစရိတ်အတွက် အလှူရှင်များလိုအပ်နေကြောင်း သိရသည်။

"ကလေးက လမပြည့်ဘဲ ခုနစ်လခွဲနဲ့မွေးလာတာရယ်၊ နောက်ပြီးမွေးရာပါအူထွက်လာတာရယ်ဆိုတော့ အမြန်ဆုံးခွဲစိတ်ကုသဖို့တော့လိုတယ်။ ကလေးရဲ့အခြေအနေကိုကြည့်ပြီး ဒီမှာခွဲစိတ်ဖို့မဖြစ်နိုင်ဘူး။ ခွဲစိတ်မယ်ဆို ရန်ကုန်၊ မန္တလေးတို့မှာ ခွဲမှရမှာ။ အမြန်ဆုံးခွဲစိတ်မှရမှာဆိုတော့ အနီးဆုံး ထိုင်းနိုင်ငံ ချင်းရိုင်မှာ တရားဝင်သွားရောက်ပြီး ခွဲစိတ်ဖို့လိုအပ်ပါတယ်။ ကာယကံရှင်တွေက ငွေကြေးမပြည့်စုံတော့ အလှူရှင်တွေလိုအပ်နေပါတယ်။ ဖြစ်နိုင်ရင် အမြန်ဆုံးပို့ဆောင်ရင် ပိုကောင်းပါတယ်"ဟု တာချီလိတ်ပြည်သူ့ဆေးရုံမှ ကလေးအထူးကု ဒေါက်တာကျော်စွာမြင့်က ပြောသည်။

ကလေးငယ်၏ ကိုယ်အလေးချိန်မှာ ၁ ဒသမ ၅ ကီလိုသာရှိပြီး ကလေးငယ်အား အမြန်ဆုံးခွဲစိတ်မည်ဆိုပါက ရာနှုန်းပြည့်အသက်ရှင်နိုင်ရန် မျှော်လင့်ချက်ရှိသော်လည်း မိဘနှစ်ပါးဖြစ်သည့် ကိုအိုက်ပီးနှင့်မလုထတို့မှာ တောင်ယာလုပ်ကိုင်စားသောက်ရသည့် ပလောင်တိုင်းရင်းသား ချို့တဲ့နွမ်းပါးသူများဖြစ်ကြသည့်အပြင် မိခင်ဖြစ်သူ မလုထမှာလည်း ငယ်ရွယ်သည့် အိမ်ထောင်ရှင်မဖြစ်ကာ သားဦးကိုယ်ဝန်လည်းဖြစ်ကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

# မန္တလေးအိုးပင်းဖလား အလွတ်တန်းနှင့် အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ ပွဲစဉ်ရေးဆွဲ

**မန္တလေး ဧပြီ ၂၅**

ပထမအကြိမ် နိုင်ငံတကာအဆင့်မီ မန္တလေးအိုးပင်းဖလားအလွတ်တန်းနှင့် အသက် ၂၀ အောက် အမျိုးသားဘတ်စကတ်ဘောပြိုင်ပွဲ ပွဲစဉ်မဲနှိုက်ရေးဆွဲရေးကို ဧပြီ ၂၄ ရက်က မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီး ဘတ်စကက်ဘောဆပ်ကော်မတီအတွင်းရေးမှူး ဦးသန်းထွေးက အမှာစကားပြောကြားပြီး တွဲဖက်အတွင်းရေးမှူး ဦးအောင်နိုင်ထူး( ဦးစီးအရာရှိ)က ပြိုင်ပွဲစည်းကမ်းများနှင့်ပတ်သက်၍ ရှင်းလင်းကာ တက်ရောက်ကြသည့် ပြိုင်ပွဲဝင်အသင်းတာဝန်ခံများနှင့်အတူ အသက် ၂၀ အောက်နှင့် အလွတ်တန်းအမျိုးသားဘတ်စကတ်ဘောပြိုင်ပွဲ ပွဲစဉ်များကို မဲနှိုက်ရေးဆွဲကြသည်။

အသက် ၂၀ အောက် အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲတွင် မန္တလေး၊ တောင်ကြီး၊ ကယား၊ လားရှိုး၊ မြစ်ကြီးနား၊ ပြင်ဦးလွင်၊ မူဆယ်၊ မိုးကုတ်၊ စစ်ကိုင်းတို့မှ ဘတ်စကက်ဘောလူငယ် အားကစားသမားများပါဝင်ကြပြီး ဧပြီ ၂၅ ရက်မှ မေ ၃ ရက်အထိ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ၊ ဒုတိယအဆင့်အုပ်စုပတ်လည်နှင့် အကြိုဗိုလ်လုပွဲ၊ ဗိုလ်လုပွဲများအလိုက် ဗထူးအားကစားခန်းမ၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# သင်္ကြန်အပြီးကာလ အရောင်းအဝယ်သွက်နေသော ကြည့်မြင်တိုင်ငါးဈေး

**ရန်ကုန် ဧပြီ ၂၅**

သင်္ကြန်မတိုင်မီ ပုံမှန်ဈေးနှုန်းအတိုင်း ရောင်းချနေသော ကြည့်မြင်တိုင်ငါးဈေး၌ ဧပြီ ၂၄ ရက်တွင် အဝယ်များ၍ အရောင်းအဝယ်များ သွက်နေပြီး ဈေးကောင်းရနေကြောင်း မအူပင်မြို့ ခနီကျေးရွာနေ ဧက ၃၀၀ ငါးမွေးမြူရေးကုန်ပို့ကိုယ်စားလှယ်ထံမှ သိရသည်။

ကုန်ပို့ကိုယ်စားလှယ် ဦးကျော်လှက "ကျွန်တော်တို့ ငါးမွေးမြူရေးကန်ဧက ၃၀၀မှာ ငါးမြစ်ချင်း၊ ငါးခေါင်းပွ၊ ငါးကြင်း၊ ငါးကြင်းရွှေဝါ၊ ငါးတန်၊ ငါးရံ့၊ငါးတွေကို မွေးပါတယ်။ ငါးတွေသားချပြီး မွေးမြူလာခဲ့ရာ ငါးပေါက်လေးတွေကို ကိုးလဆယ်လကြာမှ ဖော်ရောင်းတာပါ။ အခု ရာသီဥတုကပူပြင်းတော့ ငါးတွေလည်းသေတယ်။ ဒါကြောင့် အမြန်ဖော်ရောင်းတော့လည်း သင်္ကြန်မတိုင်မီပုံမှန်ရောင်းဈေးထက်ပိုရလို့ ဝယ်လက်များတာကြောင့် ရန်ကုန်လာရတာ ပင်ပန်းရကျိုးနပ်တာပေါ့ဗျာ"ဟု ပြောသည်။

ရန်ကုန်ကြည့်မြင်တိုင်ငါးဈေးကို မွေးမြူရေးငါး အများဆုံးနှင့်ရေချိုငါးအများဆုံးဝင်ရောက်ကြောင်း ငါးရံ့၊ ငါးခူ၊ ငါးကျည်း၊ ငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးခေါင်းပွ၊ ငါးသလောက်၊ ကတ်သပေါင်း၊ ငါးပြေမများမှာ အမြင့်ဆုံးပိဿာဈေး ငွေကျပ် ၈၀၀၀၊ ငွေကျပ် ၇၀၀၀၊ အနိမ့်ဆုံးပိဿာဈေးမှာ ငွေကျပ် ၂၅၀၀ ရှိကြောင်း၊ ပုစွန်ဖော့ချိတ် ငွေကျပ် ၈၅၀၀၊ ပုစွန်ကျော့ ငွေကျပ် ၄၅၀၀ အရောင်းအဝယ်ဖြစ်၍ ရောင်းသူဝယ်သူများ ကြည့်မြင်တိုင်ငါးဈေးတွင် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



ကြည့်မြင်တိုင်ငါးဈေးဆိပ်ကမ်းနှင့် အဝယ်ဒိုင်များမှ သယ်ယူပို့ဆောင်နေသော လုပ်သားများ။

# သိမ်ဖြူလမ်း ပီတိဆေးခန်းမီးလောင်ရခြင်းမှာ မီးစက်ဆီပိုက်ပြုတ်၍ ဓာတ်ဆီကျရာမှ စတင်လောင်ကျွမ်းရခြင်းဖြစ်

**ရန်ကုန် ဧပြီ ၂၅**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်လေးရပ်ကွက် သိမ်ဖြူလမ်းရှိ ပီတိဆေးခန်း မီးလောင်ရခြင်းမှာ လျှပ်စစ်မီးပျက်စဉ် မီးစက်နှိုးရာမှဆီပိုက်ပြုတ်၍ အိတ်ဇောပေါ်သို့ ဓာတ်ဆီများကျရာမှ မီးစတင်လောင်ရခြင်းဖြစ်ကြောင်း တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှ သိရသည်။

မီးလောင်မှုကြောင့် ဆေးခန်းအထွေထွေလုပ်သားဖြစ်သူ အသက် ၂၀ အရွယ်ရှိ ကိုအောင်မြင့်မြတ်အား မင်္ဂလာတောင်ညွန့်မြို့နယ် မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

ဧပြီ ၂၄ ရက်က တိုင်းဒေသကြီးအတွင်း တစ်ရက်တည်း မီးလောင်မှုမှာ မြို့နယ် ငါးခုအတွင်း ဖြစ်ပွားခဲ့သည်။ မြောက်ဥက္ကလာပမြို့နယ်၌ တည်းခိုခန်းမီးလောင်မှု၊ မင်္ဂလာတောင်ညွန့်မြို့နယ်၌ ဆေးခန်းမှစတင်မီးလောင်မှု၊ ဒဂုံမြောက်ပိုင်းမြို့နယ်၌ အမှိုက်ပုံမှ စတင်မီးလောင်မှု၊ လှိုင်သာယာမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့တွင် မြက်ခြောက်များ မီးလောင်မှုတို့ဖြစ်ပွားခဲ့သည်။

မီးလောင်မှုများနှင့်ပတ်သက်၍ "ယခုအခါ နေ့အပူအချိန် လွန်ကဲမှုတွေဖြစ်နေတယ်။ ဒါ့အပြင် လျှပ်စစ်မီးပြတ်တောက်မှုတွေကလည်း နေ့တိုင်းနီးပါးဖြစ်နေတယ်။ လောင်တဲ့မီးအားလုံးနီးပါးက ပေါ့ဆမီးတွေပဲ။ မိုးမလာခင်အထိတော့ မီးဘေးအန္တရာယ်ကို ပိုဂရုစိုက်ရမယ်"ဟု အငြိမ်းစားယူသွားခဲ့သော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အရာရှိကြီးတစ်ဦးက သုံးသပ်ပြောကြားသည်။

**သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)**

**ဓာတ်ပုံ-ကိုကြီးတင်**



**ပီတိဆေးခန်းမီးလောင်မှု၌ မီးသတ်တပ်ဖွဲ့ဝင်များ ဝိုင်းဝန်းငြိမ်းသတ်ကြစဉ်**

# ဒလမြို့နယ်ရှိ သီရိဟာသ်သဘော်ကျင်းမှ ဝရိန်ချောင်းများ ခိုးယူသူအား ဖမ်းဆီးရမိ

**ဒလ ဧပြီ ၂၅**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်ရဲတပ်ဖွဲ့ မြို့မရဲစခန်းမှ ဒုရဲအုပ်မြတ်ခိုင်ဦးခေါင်းဆောင်သော နယ်ထိန်းရဲတပ်ဖွဲ့က လွန်ခဲ့သောငါးရက်က ဒလမြို့ရှိ သီရိဟာသ်ာ သဘော်ကျင်းမှ ငွေကျပ် ၂၄ သိန်းကျော်တန်ဖိုးရှိ ဝရိန်ချောင်းအထုပ်များ ခိုးယူရောင်းချပြီး ထွက်ပြေးသွားသူ တစ်ဦးကို ရန်ကုန်ဘက်ကမ်း ပန်းဆိုးတန်းသဘော်ဆိပ် လက်မှတ်ရုံအနီးတွင် စောင့်ဆိုင်းကာ ဧပြီ ၂၄ ရက် နံနက် ၁၁ နာရီခွဲက ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

"အဲဒီလူက မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ဝက်ချုပ်ကျေးရွာကပါ။ ဒီသဘော်ကျင်းမှာနေပြီး အလုပ်လုပ်နေတာ သုံးလလောက်ပဲရှိပါ သေးတယ်"ဟု ဒုရဲအုပ် မြတ်ခိုင်ဦးက ပြောပြသည်။

ဖြစ်စဉ်မှာ ဒလမြို့ အောင်မင်္ဂလာရပ်ကွက် သီရိဟာသ်ာသဘော်ကျင်းမှ ပစ္စည်းများ ခိုးသွားကြောင်း တိုင်တန်းချက်အရ ဒုရဲအုပ် မြတ်ခိုင်ဦးသည် ဧပြီ ၁၉ ရက် နံနက်ပိုင်းက သွားရောက်စစ်ဆေးခဲ့ရာ ဆိုက်ဂိုဒေါင်အတွင်းရှိ KOBE အမှတ်တံဆိပ် ဝရိန်ချောင်း ၄၉ ထုပ်နှင့် J-38 အမှတ်တံဆိပ်ဝရိန်ချောင်း ၂၉ ထုပ် စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၂၄၈၂၀၀၀ ပျောက်ဆုံးနေကြောင်းနှင့် အဆိုပါ သဘော်ကျင်း၏ လုံခြုံရေးဝန်ထမ်းဖြစ်သူ မျိုးသူ(၂၃ နှစ်)က ခိုးယူထွက်ပြေးသွားခြင်းဖြစ်ကြောင်း သိရသည်။

ဆက်စပ်ဖော်ထုတ်ခဲ့ရာ ယင်းဝရိန်ချောင်းအထုပ်များကို လက်ခံဝယ်ယူခဲ့သူမှာ သိန်းထွန်း(ခ) ဝတုတ်(၂၀ နှစ်) အမှတ်(၁၂) အောင်မင်္ဂလာ(၃) လမ်းနေသူဖြစ်ကြောင်း၊ သိန်းထွန်းက သယ်ဆောင်ထားသော မြို့မ(၄)ရပ်ကွက် သီဟသူလမ်း အမှတ်(၆/၈၃၂) ဦးကျော်ကျော်ဝင်း(ခ)ဖိုးကျော်၏နေအိမ်ခြံဝင်းမှ J-38 အမှတ်တံဆိပ် ဝရိန်ချောင်းအထုပ်ကြီး ၂၆ ထုပ်နှင့် အသေးခုနစ်ထုပ်တို့ကိုလည်းကောင်း၊ သိန်းထွန်းက ရောင်းချထားသော ဒေါပုံမြို့နယ် မြို့သစ်ရပ်ကွက် အောင်သီရိလမ်း အမှတ်(၁၈၂)ရှိ ကောင်းဆာအောင်လျှပ်စစ်နှင့်ကုန်မာပစ္စည်းဆိုင်ရှင် ဦးဝင်းဇော်ထံမှ KOBE အမှတ်တံဆိပ် ဝရိန်ချောင်း ၅၁ ထုပ်တို့ကိုလည်းကောင်း လိုက်လံသိမ်းဆည်းပြီး သိန်းထွန်း(ခ)ဝတုတ်အား ဖမ်းဆီးအရေးယူထားသည်။

အဆိုပါအမှုအား ဒလမြို့မရဲစခန်းက ဝရိန်ချောင်းများခိုးယူသူမျိုးသူနှင့် လက်ခံဝယ်ယူရောင်းချသူ သိန်းထွန်း(ခ)ဝတုတ်တို့ကို အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဌေး(ဒလ)**

# လေပြင်းတိုက်၍ မိုးသီးကြွေကျမှုကြောင့် လူ၊ တိရစ္ဆာန်နှင့် နေအိမ်အချို့ပျက်စီး

**ကနီ**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်၊ ကနီမြို့နယ် ယင်းကျေးရွာအုပ်စုတွင် ဧပြီ ၂၅ ရက် ညနေ ၃ နာရီခန့်က မိုးသက်လေပြင်းများ တိုက်ခတ်ခဲ့ပြီး ယင်းကျေးရွာအုပ်စုအတွင်းမှ ကုန်းသာကျေးရွာတွင် စာသင်ကျောင်းဆောင်နှင့် လူနေအိမ်အချို့ ပျက်စီးခဲ့ကြောင်း သိရသည်။ အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် ကုန်းသာကျေးရွာအထကကျောင်း(ခွဲ)မှ မျက်နှာကြက်များ ပျက်စီးခဲ့ပြီး လူနေအိမ်များနှင့် နွားတင်းကုပ်များ အမိုးများလန်ကျကာ နွားတစ်ကောင် မိုးကြိုးထိမှန်သေဆုံးခဲ့ကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

---

**အရာတော်**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ဧပြီ ၂၄ ရက် မွန်းလွဲ ၂ နာရီခန့်က လေပြင်းများတိုက်ခတ်ခဲ့ပြီး မိုးသီးများနှင့်အတူ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စာသင်ကျောင်းများ၊ လူနေအိမ်နှင့် သီးနှံစိုက်ခင်းများ၊ ဓာတ်တိုင်များ ပျက်စီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လေပြင်းတိုက်ခတ်ပြီး မိုးသီးများ ကြွေကျမှုကြောင့် အရာတော်မြို့နယ် ဝါးတန်းကျေးရွာအုပ်စု ထူးရာကျေးရွာ အခြေခံပညာမူလတန်းကျောင်းခွဲ၊ ဆင်တလည်ကျေးရွာအုပ်စု ဆင်တလည်ကျေးရွာ စာသင်ကျောင်း အမိုးများလန်ထွက်ပျက်စီးခြင်း၊ မိုးသီးကြွေကျမှုကြောင့် ဘောင်းကျကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းနှင့်စာသင်ကျောင်းသွပ်မိုးများ ပေါက်ထွက်ပျက်စီးခြင်း၊ အရာတော်-ရွှေဘို ကားလမ်းမပေါ်ရှိ လျှပ်စစ်မီးတိုင်များ လဲကျခြင်းများ ဖြစ်ပွားခဲ့သည်။ ထို့အပြင် ပေါက်ပင်ဆိပ်ကျေးရွာ အလကခွဲ ၊ အုတ်ရှင်းကြီးကျေးရွာ အလကခွဲ၊ တပ်တွင်းအမကကျောင်း၊ ကြွေပုဂံကျေးရွာ မူလွန်ကျောင်း၊ ကူးတို့ကိုင်းကျေးရွာ အမကကျောင်း၊ ဒိုဒစ်ကျေးရွာ အလကခွဲကျောင်း၊ ရှောက်ခါးကျေးရွာ မူလွန်ကျောင်း၊ ကျောက်ပျောက်ကျေးရွာ အလကခွဲကျောင်း၊ ခင်သာကျေးရွာ အလကခွဲနှင့် ကံသာ(လှ)ကျေးရွာ အမကကျောင်းတို့တွင်လည်း မိုးသီးကြွေကျမှုကြောင့် ခေါင်မိုးများ ပေါက်ပြဲပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းနှင့် မိုးသီးကျမှုဖြစ်စဉ်များကြောင့် လူနှင့် တိရစ္ဆာန်များ အသေးအပျောက်မရှိကြောင်းနှင့် ဖြစ်စဉ်ဖြစ်ပွားရာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းတို့က အပျက်အစီးများကို ဝိုင်းဝန်းရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

---

**ပင်လည်ဘူး**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် ကနီအုပ်စုဆားတောင်ပုံကျေးရွာတွင် ဧပြီ ၂၅ ရက် ညနေ ၆ နာရီခန့်က ဖြစ်ပေါ်ခဲ့သောမုန်တိုင်းကြောင့် ပန်းကန်လုံးခန့်ရှိသော မိုးသီးများကြွေကျရာ သစ်ပင်များပြိုလဲခြင်း၊ အိမ်များပြိုကျခြင်းများဖြစ်ပြီး သစ်ပင်ပိမိသဖြင့် လူတစ်ဦးသေဆုံးခဲ့သည်။

ထို့ပြင် ကျေးရွာတွင်းရှိအိမ်ခြေ ၁၃၈ အိမ်တွင် ရွာလုံးကျွတ် အိမ်ခြေများ ပျက်စီးဆုံးရှုံးမှုနှင့် ကြုံတွေ့ရပြီး မှန်တပ်ထားသောအိမ်များမှာ မှန်ကွဲခြင်း၊ သွပ်မိုး၊ ပျဉ်ကာ၊ ထရံကာများ ပျက်စီးခြင်းနှင့် ကြုံတွေ့ရလျက်ရှိရာ အရေးပေါ်အခြေအနေနှင့် ကယ်ဆယ်ရေးအကူအညီများ လိုအပ်လျက်ရှိကြောင်း သိရသည်။

**ရွှေလင်းပြည့်စုံ**

---

**ညောင်ရွှေ**

ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ် မိုင်းသောက်ကျေးရွာအုပ်စုအတွင်း ဧပြီ ၂၄ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများတိုက်ခတ်မှုကြောင့် မိုင်းသောက်အင်းရွာတွင် နေအိမ်လေးလုံး ပြိုလဲပြီး ကိုးလုံးအမိုးလန်ပျက်စီးခဲ့ကြောင်း၊ အလားတူ ကြံပုန့်ငယ်ရွာတွင် နေအိမ်တစ်လုံးပြိုလဲပြီး အမကကျောင်းနှင့်နေအိမ်နှစ်လုံး အမိုးလန်ပျက်စီးခဲ့ကြောင်း၊ ထို့ပြင် တပ်ကုန်းရွာတွင် နေအိမ်နှစ်လုံးပြိုလဲပြီး နေအိမ်တစ်လုံး အမိုးလန်ပျက်စီးခဲ့ကြောင်းနှင့် လူထိခိုက်မှုမရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မိုင်းရယ်၌ လေပြင်းတိုက်ခတ်၊ မိုးသီးများကြွေ၍ အဆောက်အအုံအချို့ပျက်စီး

**လားရှိုး ဧပြီ ၂၅**

ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးခရိုင် မိုင်းရယ်မြို့၌ ဧပြီ ၂၅ ရက် ညနေ ၃ နာရီ မိနစ်၂၀ က လေပြင်းတိုက်ခတ်ကာ မိုးသီးများကြွေကျခဲ့ကြောင်း သိရသည်။

လေပြင်း တိုက်ခတ်မှုကြောင့် မိုင်းရယ်မြို့၌ အဆောက်အအုံများ၊ လူနေအိမ်ခြေများ အမိုးသွပ်လန်ခြင်းများနှင့် သစ်ပင်ကြီးများ ကျိုးကျခြင်းကြောင့် လမ်းဘေးဓာတ်အားလိုင်းတိုင်များ ကျိုးကျပျက်စီးခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းလျက်ရှိကြောင်း သိရသည်။



မိုင်းရယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသည် လေပြင်းတိုက်ခတ်ပြီး မိုးသီးများကြွေကျခြင်းကြောင့် သွပ်မိုးများ ပေါက်ပြဲခဲ့ကာ မြေစိုက်နံရံကပ်ဘုတ်မှာလည်း ပြိုလဲခဲ့ကြောင်း သိရသည်။

ပျက်စီးဆုံးရှုံးသော အဆောက်အအုံအရေအတွက် တန်ဖိုးတို့ကို အသေးစိတ်သိရှိရခြင်းမရှိဘဲ စိစစ်လျက်ရှိကြောင်း သိရသည်။

**ဟန်ဌေး(လားရှိုး)**

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၅**

မူးယစ်တပ်ဖွဲ့စု(၄၀) ရန်ကုန်(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၄ ရက်က လှိုင်သာယာမြို့နယ် (၁၂)ရပ်ကွက် အောင်သိဒ္ဓိ(၄) လမ်း အမှတ်-၂၄၂(က) လေးခန်းတွဲ တတိယအခန်းနေ ဇော်မိုးလတ်၏ နေအိမ်ခန်းကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၁ ပြား သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ လှိုင်သာယာမြို့နယ်၊ (၉)ရပ်ကွက်၊ ပတ္တမြားရတနာလမ်းတွင် မသန်းသန်းမူကို စောင့်ဆိုင်းရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ သိမ်းဆည်းရမိပြီး စစ်ဆေးချက်အရ ဒဂုံအရှေ့မြို့နယ် (၁၂)ရပ်ကွက် ရာဇကုမ္မာလမ်း အမှတ်(၁၁၀၀)နေ ချွေးမဖြစ်သူ မဒီဒီမိုး၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၇၈ ပြား ထပ်မံသိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့က မြဝတီမြို့ ရပ်ကွက်(၅) စိုက်ပျိုးရေးဇုန် ဝါးစကင်းကျေးရွာ မြတ်လင်းအေးမြိုင်လမ်းနေ မဝင်းရီ၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅၄ ပြား နှင့် မက်သာအက်ဖီတမင်း (ICE) အလေးချိန် ၂၈၅ ဂရမ်တို့ကို သိမ်းဆည်းရမိပြီး ၎င်းနေအိမ်သို့ ယာဉ်အမှတ် YGN-7E/---- SURF မော်တော်ယာဉ်ဖြင့် ရောက်ရှိလာသူ မျိုးလွင်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ကိုလည်းကောင်း၊ ထို့အတူ မုဒုံ-ကျွန်းရွာသွားကားလမ်းဘေး ရွှင်ပျော်ပျော် စားသောက်ဆိုင်ရှေ့တွင် သံမဏိမောင်းနှင်ပြီး ဇင်လင်းဦး လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၄၄ ပြား ကို လည်းကောင်း၊ ဧပြီ ၂၄ ရက်က ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ရှမ်းကုန်းရပ်ကွက် အမှတ် (A/39) ကနေ မခင်မြင့်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၅၀ ကိုလည်းကောင်း၊ အလားတူ နမ့်စန်မြို့နယ် မိုင်းစိတ်ကျေးရွာ ရပ်ကွက်(၄)နေ မနန်းကျိန်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၉၅ ပြား သိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# အား/ကာသိပ္ပံ(ရန်ကုန်)နွေရာသီအားကစားသင်တန်းများ စတင်ဖွင့်လှစ်

သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်

**ရန်ကုန်  ဧပြီ  ၂၅**

နွေရာသီအားလပ်ရက်များတွင် ကျောင်းနေအရွယ်လူငယ်လေးများ ပညာရေးအပြင် အားကစားလေ့လာလိုက်စားပြီး ကျန်းမာကြံ့ခိုင်လာစေရန် နွေရာသီအားကစားသင်တန်းများကို ဖွင့်လှစ်လျက်ရှိသည်။ "ယနေ့လူငယ်၊ နောင်ဝယ်လူကြီး" ဆိုသကဲ့သို့ လူငယ်လူရွယ်များ လမ်းမှားမရောက်စေဘဲ အားကစားကို ပိုမိုစိတ်ဝင်စားလာစေပြီး ကျန်းမာသန်စွမ်းလာစေရန် နွေရာသီအားကစားသင်တန်းများက အထောက်အကူပြုလျက်ရှိသည်။

အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)၏ နွေရာသီအားကစားသင်တန်းများကို ဧပြီ ၂၅ ရက်မှ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ နွေရာသီအားကစားသင်တန်းများအဖြစ် ဘောလုံး၊ ဘတ်စကက်ဘော၊ ရေကူး၊ ကြက်တောင်၊ ဂျူဒို၊ ပိုက်ကျော်ခြင်း၊ ကရာတေးဒို၊ တင်းနစ်၊ ဝူရှူး၊ တိုက်ကွမ်ဒို၊ စားပွဲတင်တင်းနစ်၊ လက်ဝှေ့၊ ဖူဆယ်၊ သေနတ်ပစ်၊ ဘော်လီဘောနှင့် ကျွမ်းဘား အားကစားနည်း ၁၆ မျိုးကို သင်ကြားပေးနေခြင်းဖြစ်ပြီး အခမဲ့သင်ကြားပေးခြင်းလည်းဖြစ်သည်။ ယင်းသင်တန်း ကို မေ ၂၀ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းစတင်သည့် ဧပြီ ၂၅ ရက်က အား/ကာ သိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ဦးစိုးအောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုခဲ့ကြသည်။

ယခုဖွင့်လှစ်နေသည့် နွေရာသီသင်တန်းများတွင် တက်ရောက်နေသူ သင်တန်းသား သင်တန်းသူ ၅၁၅ ဦးရှိပြီး ဘောလုံးအားကစားနည်း၌ အမျိုးသား ၁၁၈ ဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်း ၁၂၀ ဖြင့် အများဆုံးတက်ရောက်လျက်ရှိသည်။ ရေကူးအားကစားနည်း၌ ၈၁ ဦး၊ ကရာတေးဒိုအားကစားနည်း၌ ၅၈ ဦး၊ ဘတ်စကက်ဘောအားကစားနည်း၌ ၄၅ ဦး၊ တိုက်ကွမ်ဒိုအားကစားနည်း၌ ၃၇ ဦး၊ တင်းနစ်အားကစားနည်း၌ ၃၁ ဦး၊ ဝူရှူးနှင့် ကြက်တောင်အားကစားနည်း၌ ၂၅ ဦးစီ၊ စားပွဲတင်တင်းနစ် အားကစားနည်း၌ ၁၈ ဦး၊ သေနတ်ပစ်အားကစားနည်း၌ ၁၅ ဦး၊ လက်ဝှေ့နှင့်ဖူဆယ်အားကစားနည်း၌ ၁၄ ဦးစီ၊ ကျွမ်းဘား၊ ဂျူဒိုနှင့် ဘော်လီဘောအားကစားနည်းတို့၌ ရှစ်ဦးစီ၊ ပိုက်ကျော်ခြင်းအားကစားနည်း၌ ငါးဦးတို့တက်ရောက်လျက်ရှိသည်။



တိုက်ကွမ်ဒိုသင်တန်းတွင် သင်တန်းဆရာက သင်ကြားပြသနေစဉ်

# CFS ကလေးပျော်ကျောင်း မြို့နယ်အဆင့်နည်းပြသင်တန်း မြစ်ကြီးနားမြို့၌ ဖွင့်လှစ်

**မြစ်ကြီးနား  ဧပြီ  ၂၅**

CFS ကလေးပျော်ကျောင်း မြို့နယ်အဆင့်နည်းပြသင်တန်းဖွင့်ပွဲကို ဧပြီ ၂၅ ရက် နံနက်ပိုင်းက အထက(၇) သိရီရတနာခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ် ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဌေးဌေးလွင်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးသုတေသနဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စန္ဒာလွင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ပြောကြားပြီး ယူနီဆက်မြစ်ကြီးနားတာဝန်ခံ ဦးခင်မောင်ကျော်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဌေးဌေးလွင်၊ မြန်မာနိုင်ငံ ပညာရေးသုတေသနဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စန္ဒာလွင်၊ ယူနီဆက် မြစ်ကြီးနားတာဝန်ခံ ဦးခင်မောင်ကျော်၊ မြို့နယ်များမှ ဆရာ ဆရာမ ၂၇၆ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဧပြီ ၂၅ ရက်မှ ဧပြီ ၃၀ ရက်ထိ သင်ကြား ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **စိန်ဝင်း(ပြန်/ဆက်)**

# မိုးလေဝသအခြေအနေ

**နေပြည်တော်  ဧပြီ  ၂၅**

မြန်မာ့ပင်လယ်ပြင်တွင် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ တောင်-အနောက်တောင်ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ်ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မချမ်းဘောမြို့တွင် ၁ ဒသမ ၅၀ လက်မ၊ မြစ်ကြီးနားမြို့တွင် ၀ ဒသမ ၈၆ လက်မ၊ နောင်ချိုမြို့တွင် ၀ ဒသမ ၈၃ လက်မ၊ ကျောက်မဲမြို့တွင် ၀ ဒသမ ၇၁ လက်မ၊ ဟဲဟိုးမြို့တွင် ၀ ဒသမ ၆၃ လက်မ၊ ကျိုက္ခမီမြို့တွင် ၀ ဒသမ ၅၅ လက်မ၊ မုံရွာမြို့တွင် ၀ ဒသမ ၅၁ လက်မ၊ ပူတာအိုမြို့နှင့် ဗန်းမော်မြို့တို့တွင် ၀ ဒသမ ၄၃ လက်မစီတို့ဖြစ်ကြသည်။ **(မိုး/ဇလ)**


SH မြင့်သူထက် YU

အာဆီယံပညာသင်ဆုအထောက်အကူပြု

အင်္ဂလိပ်စာ ➤ SH.Myint Thu Htet.YU

သချာ် ➤ ဦးတိုးအောင် ပါမောက္ခ(ငြိမ်း)

သိပ္ပံ ➤ ဒေါ်စန်းစန်းမြင့် တွဲ/ပါမောက္ခ(ငြိမ်း)

၂၉-၄-၂၀၁၆ စမည်  လက်ခံပြီ

တိုက် (၃၁) ၃ လွှာ၊ ပေ (၅၀)လမ်း (လှည်းတန်းဈေးနောက်လမ်း)၊ ရန်ကုန်။

ဖုန်း - ၀၉၇၃၀၀၈၇၁၉၊ ၀၉၇၃၁၀၉၄၃၃၊ ၀၉၂၆၃၇၀၄၀၀၅

**ဖခင် အမည်မှန်**

ဟိုပင်မြို့၊ အထက-ရွာသစ်ကြီး၊ အဋ္ဌမတန်းမှ မစွဲ့အင်ခိုင်မွန်နှင့် တတိယတန်းမှ မောင်ပြည့်စုံမင်းခန့်တို့၏ဖခင် အမည်မှန်မှာ ဦးကျော်မင်းဦး ၁/မညန(နိုင်)၀၉၃၆၉၅ ဖြစ်ပါသည်။ **ဦးကျော်မင်းဦး**

**ယာဉ်မောင်းအလိုရှိသည်**

ရန်ကင်း၊ တောင်ဥက္ကလာနီးသူ

ဦးစားပေး၊ လိုင်စင် ၅ နှစ်အထက်

လစာ-၂၀၀၀၀၀၊ ၂၅၀၀၀၀

**ဖုန်း-၀၉-၇၈၅၂၆၀၃၇၂**

**မြေကွက်ရောင်းရန်**

ဒဂုံတောင် ၅၉ သိန်း

ဒဂုံအရှေ့ ၁၉၀ သိန်း

ပွဲစားများ (မ)ဆက်သွယ်ပါရန်။

**ဖုန်း-၀၉-၄၅၂၁၆၄၂၇၃**

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

ကျွန်တော်ကျွန်မတို့၏သား မောင်စည်သူနန်းဝင်း ၁၂/သကတ(နိုင်)၁၇၁၇၄၈ သည်မိဘများပြောဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောအတိုင်း ပြုမူသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။ အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်း သည်းခံပါ)

**ဦးနန်းဝင်း-ဒေါ်ခင်ခင်ထွေး**

**သမီးအဖြစ်မှ အမွေပြတ်ကြေညာခြင်း**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ (၁၉)ရပ်ကွက်နေ ဦးရန်ကြီးရှောင်-ဒေါ်နီလာဝင်းတို့၏သမီး မခင်စုစုသည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော ကိစ္စများ ပြုလုပ်သွားပါသဖြင့် ကြော်ငြာသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

**ဦးရန်ကြီးရှောင်**
**၉/မခန(နိုင်)၀၁၂၃၉၇**
**ဒေါ်နီလာဝင်း**
**၉/မခန(နိုင်)၁၆၁၂၆၂**

**ပြည်ထဲရေးဝန်ကြီးဌာနတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြည်ထဲရေးဝန်ကြီးဌာန၏ အောက်ဖော်ပြပါ တပ်ဖွဲ့/ဦးစီးဌာနများတွင် အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) မြန်မာနိုင်ငံရဲတပ်ဖွဲ့။ ကချင်ပြည်နယ်(မိုးမောက်)၊ ကရင်ပြည်နယ်(ဘားအံ)၊ စစ်ကိုင်းတိုင်းဒေသကြီး(ကလေး၊ ကလေးဝ၊ ကသာ၊ မုံရွာ၊ စစ်ကိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး(ပုလော၊ တနင်္သာရီ၊ ဘုတ်ပြင်း)၊ ပဲခူးတိုင်းဒေသကြီး(ပဲခူး၊ ပြည်)၊ မကွေးတိုင်းဒေသကြီး(ငဖဲ၊ မကွေး)၊ မန္တလေးတိုင်းဒေသကြီး (မိတ္ထီလာ၊ ချမ်းအေးသာဇံ၊ ရမည်းသင်း)၊ ရခိုင်ပြည်နယ်(မြောက်ဦး၊ ကျောက်ဖြူ၊ စစ်တွေ၊ မောင်တော)၊ ရန်ကုန်တိုင်းဒေသကြီး(ရန်ကင်း၊ ရွှေပြည်သာ၊ ကျောက်တန်း)၊ ရှမ်းပြည်နယ်(ကျိုင်းတုံ၊ တောင်ကြီး)၊ ဧရာဝတီတိုင်းဒေသကြီး(ဓနုဖြူ၊ ပုသိမ်၊ ကျောင်းကုန်း)၊ နေပြည်တော်(ပုဗ္ဗသီရိ၊ ဒက္ခိဏသီရိ)

(ခ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။ ရန်ကုန်တိုင်းဒေသကြီး(မင်္ဂလာဒုံ)

(ဂ) အကျဉ်းဦးစီးဌာန။ နေပြည်တော်(ဇမ္ဗူသီရိ)၊ ကချင်ပြည်နယ်(မိုးညှင်း)၊ မွန်ပြည်နယ်(မော်လမြိုင်)၊ ပဲခူးတိုင်းဒေသကြီး(ဒိုက်ဦး၊ ပြည်)၊ ရှမ်းပြည်နယ်(သီပေါ)

(ဃ) မီးသတ်ဦးစီးဌာန။ မန္တလေးတိုင်းဒေသကြီး(ပြင်ဦးလွင်)၊ နေပြည်တော်(ပန်းတင်၊ ဘုရားတောင်၊ ဇလော၊ သာဝတ္ထိ၊ ဥတ္တရသီရိ၊ ပလွေး)

၂။ အဆိုပါလုပ်ငန်းများအတွက် ပြည်တွင်းနိုင်ငံသား ကုမ္ပဏီလုပ်ငန်းရှင်များသည် လုပ်ငန်းဆိုင်ရာ အဆိုပြုလွှာကို ၂၆-၄-၂၀၁၆ရက်မှစတင်၍ ဝယ်ယူနိုင်ပြီး ၂၀-၅-၂၀၁၆ရက် နောက်ဆုံးထား၍ ပေးပို့တင်သွင်းသွားရန် ဖြစ်ပါသည်။

၃။ တင်ဒါစည်းကမ်းချက်များနှင့်အညီ အဆိုပြုလွှာတွင် ပါဝင်ရမည့်အချက်အလက်များကို ရုံးအမှတ်(၁၀)၊ ပြည်ထဲရေးဝန်ကြီးဌာနတွင် ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာတင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါတင်သွင်းမည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်နှင့် ကုမ္ပဏီ Profileကိုပါ တင်ပြရမည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

| | | |
|---|---|---|
| (က) | ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး | ဖုန်း-၀၆၇-၄၁၂၄၃၆၊ ၀၆၇-၄၁၂၄၃၇ |
| (ခ) | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ဖုန်း-၀၆၇-၄၁၂၁၃၈၊ ၀၆၇-၄၁၂၂၅၈ |
| (ဂ) | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဖုန်း-၀၆၇-၄၁၂၀၈၃၊ ၀၆၇-၄၁၂၀၇၄ |
| (ဃ) | အကျဉ်းဦးစီးဌာန | ဖုန်း-၀၆၇-၄၃၁၄၁၆၊ ၀၆၇-၄၃၁၄၂၀ |
| (င) | မီးသတ်ဦးစီးဌာန | ဖုန်း-၀၁-၆၆၁၅၄၄၊ ၀၁-၆၆၄၇၅၄ |

**တင်ဒါရွေးချယ်ရေးဦးစီးကော်မတီ**

**PEC ကိုယ်ပိုင်အထက်တန်းကျောင်းတွင် အောက်ပါဝန်ထမ်းများအလိုရှိသည်**

၁။ **သင်ကြားရေးအကူ ဆရာ/ဆရာမများ (Study Guids)**
- BA,B.Sc ဘွဲ့ရများ (အခြေခံလစာ - ကျပ် ၁၅၀၀၀၀)
- M.A, M.Sc B.Ed ဘွဲ့ရများ (အခြေခံလစာ-ကျပ် ၁၇၀၀၀၀)

၂။ **ယာဉ်မောင်းများ**
- အသက် ၃၅ အထက် ဖြစ်ရမည်။
- အရက်မသောက်၊ ဆေးလိပ်မသောက်၊ ကွမ်းမစားသူဖြစ်ရမည်။
- လိုင်စင်သက်တမ်း (၅)နှစ်ရှိရမည်။

ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ အိမ်ထောင်စုဇယားမိတ္တူ

လျှောက်ထားလိုသူများသည် (CV Form)အပြည့်အစုံ၊ လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင် လာရောက်လျှောက်ထားရမည်။

**အမှတ်စဉ်အားလုံးအတွက် နေ၊ စားစရိတ်ငြိမ်း စီစဉ်ပေးသည်။**

**E(၅၆+၅၇)၊ ခိုင်ရွှေဝါလမ်းနှင့်ငုရွှေဝါလမ်းကြား။**

**၅၆လမ်း×၅၇လမ်းကြား၊ ကံသာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေး**

**ဖုန်း-၀၉-၅၁၂၇၀၀၇၊ ၀၉-၂၅၆၁၂၀၂၉၁၊ ၀၉-၄၀၂၅၉၇၁၉၆၊ ၀၉-၉၁၀၁၈၉၅၂**

**Y.E.S.** Since 1994 ကျောင်းခွဲမရှိပါ၊

ဆရာဦးခြင်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော

International English Language Centre

တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို ဘွဲ့ရများအတွက်

Basic Spoken English
Sat & Sun - 12:30-3:30 pm 2 Apr
Mon to Thurs-10:00-12:00 am 25 Apr
Mon to Thurs-3:00-5:00 pm 25 Apr
Mon to Thurs-5:30-7:00 pm 25 Apr
Sat & Sun - 9:00-12:00 am 30 Apr
Sat & Sun - 12:30-30:30 pm 30 Apr

Pre-Intermediate English
Mon toThurs 1:00-3:00pm 25 Apr
Sat & Sun - 12:30-3:30 pm 30 Apr

Vocabulary Enrichment Course
Mon to Thurs 3:30-5:00pm 25 Apr

Grammar Foundation Course
Mon to Thurs - 10:00-12:00am 25 Apr
Sat & Sun - 9:00-12:00 pm 30 Apr

Structure & Written Expression
Sat & Sun - 9:00-12:00 am 23 Apr
Mon to Thurs - 1:00-3:00 pm 25 Apr
Sat & Sun - 3:30-6:30 pm 30 Apr

Basic Writing Course
San & Sun - 3:45 - 6:15 pm 30 Apr

TOEFL,SAT,IELTS, API, AWC, IE, VEC.

No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. Ph: 01-243950, 246910

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8E/7152၏ ဖောင်း ကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေး ရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါ ကြောင်း အများသိစေရန် ကြေညာ အပ် ပါသည်။ ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

# သီရိဒူရ်ဂါဒဆုတောင်းပြည့်မယ်တော်ကြီးကျောင်း နှစ်(၁၀၀)ပြည့် ပွဲတော်ကျင်းပ



**မိုးကုတ် ဧပြီ ၂၅**

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် လယ်ဦးရပ်၌ ၁၉၁၄ ခုနှစ်က ဂေါ်ရခါးလူမျိုးများ တည်ထားကိုးကွယ်ခဲ့သော သီရိဒူရ်ဂါဒဆုတောင်းပြည့် မယ်တော်ကျောင်း နှစ် (၁၀၀)ပြည့် အခမ်းအနားကို ဧပြီ ၂၃ ရက်က စည်ကားစွာကျင်းပခဲ့ပြီး ပွဲတော်အခမ်းအနားကို ဧပြီ ၂၃ ရက်မှစ၍ မေ ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဟိန္ဒူဘာသာနှင့် ဗုဒ္ဓဘာသာကိုးကွယ်ကြသူ ဂေါ်ရခါးလူမျိုးများသည် မြန်မာနိုင်ငံသို့ ဗြိတိသျှတို့၏ သတ္တုတွင်းလုပ်သားများအဖြစ် ရောက်ရှိလာခဲ့ကြရာမှ ၁၈၅၀ ပြည့်နှစ်ဝန်းကျင်တွင် မိုးကုတ်မြို့၌ စတင်အခြေချနေထိုင်၍ ယခု မိုးကုတ်၊ မော်ချီး၊ နမ္မတူ၊ တနင်္သာရီအစရှိသော ဒေသများတွင်လည်း နေထိုင်လာခဲ့ကြသည်။ ၎င်းတို့နေထိုင်ရာ နေရာဒေသများတွင် သတ္တုတူးဖော်ခြင်း၊ နွားမွေးမြူခြင်း၊ လယ်ယာစိုက်ပျိုးခြင်းလုပ်ငန်းများကို လုပ်ကိုင်ခဲ့ကြသည်။

ယခုကျင်းပရာ ဆုတောင်းပြည့်မယ်တော်ကျောင်းကြီးသည် ရှေးယခင်က ဂေါ်ရခါးစစ်သားများ စစ်တိုက်မထွက်မီ မယ်တော်ဒူရ်ဂါဒအား ပူဇော်ပသ၍ စစ်ထွက်တိုက်ပါက တိုက်ပွဲတိုင်းအောင်မြင်သည်ဟု ယုံကြည်ကြရာမှ ယခုတိုင်ဒေသခံများက မယ်တော်ကိုယုံကြည်ကာ ကိုးကွယ်လျက်ရှိကြောင်း၊ မယ်တော်ကျောင်းမှာလည်း ယခုကျင်းပသည့် အကြိမ်သည် နှစ်(၁၀၀)ပြည့် ပွဲတော်ဖြစ်သည့်အတွက် ဒေသတွင် ထူးခြားမှုရှိ၍ လွန်စွာစည်ကားကြောင်း ဒေသခံတစ်ဦးက ပြောသည်။

ပွဲတော်ကျင်းပရာရက်များတွင် မြို့နယ်ဒေသအတွင်းရှိ ဂေါ်ရခါးဘုန်းတော်ကြီးများက ပဋ္ဌာန်းရွတ်ဖတ်သရဇ္ဈာယ်ကြမည်ဖြစ်ပြီး ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် ဘောလုံး၊ မာရသွန်အပြေးပြိုင်ပွဲ၊ ကြက်တောင်၊ ပိုက်ကျော်ခြင်း၊ ဂေါက်သီးရိုက်ပြိုင်ပွဲ စသည်ဖြင့် အားကစားပြိုင်ပွဲများ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ကိုမျိုး(ရွှေပေါက္ကံ)**
**ဓာတ်ပုံ-သန့်ဇင်(မူဆယ်)**

---

**ထင်သာမြင်သာပြုပြင်စရာ**

## မြကလပ်နှင့်ရွှေလက်ဝါးတောင်တော်အနီးဝန်းကျင်တွင် အမှိုက်စွန့်ပစ်ခြင်းကို တားမြစ်ပေးစေလို



ကယားပြည်နယ် လွိုင်ကော်မြို့၏ အထင်ကရ သာသနာ့နယ်မြေ မြကလပ်တောင်တော်နှင့် ရွှေလက်ဝါးတောင်တော်တို့၏ အနီးဝန်းကျင်တစ်ဝိုက် နေရာအနှံ့အပြားတွင် အမှိုက်သရိုက်မျိုးစုံကို စည်းကမ်းမဲ့ လာရောက်စွန့်ပစ်လျက် ရှိနေသောကြောင့် အမှိုက်ပုံကြီးများမှ ထွက်ပေါ်လျက်ရှိသည့် အနံ့အသက်ဆိုးများက တောင်တော်များတွင် သီတင်းသုံးရဟန်း၊ သာမဏေ၊ သီလရှင်များနှင့် ဘုရားဖူးဧည့်ပရိသတ်များ၏ ကျန်းမာရေးကို ထိခိုက်စေလျက်ရှိရာ သက်ဆိုင်ရာတာဝန်ရှိသူများက စည်းကမ်းမဲ့အမှိုက်စွန့်ပစ်သူများအား ထိရောက်စွာဟန့်တားအရေးယူဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

"လူတွေက ဒီနေရာတစ်ဝိုက်ကို အမှိုက်ပစ်စရာနေရာလို့ သဘောထားပြီး အမှိုက်မျိုးစုံလာပစ်နေကြတာပါ။ လမ်းဘေးဝဲယာနေရာတွေ ဘုန်းကြီးကျောင်း၊ စေတီတော်တွေရဲ့ မုခ်ပေါက်ဘေးနေရာတွေမှာတောင် အမှိုက်ပုံကြီးတွေ မြင်လို့မကောင်းဘူး။ အနံ့အသက်ဆိုးတွေကလည်း ထွက်နေတယ်။ ပြည်တွင်း၊ ပြည်ပ ခရီးသည်တွေ တော်တော်လေး စိတ်အနှောင့်အယှက် ဖြစ်ကြရတယ်။ ဥပဒေအရ ထိထိရောက်ရောက် အရေးယူသင့်တယ်"ဟု ရွှေလက်ဝါးတောင်တော်အနီး မိုင်းလုံးရပ်ကွက်အစွန်တွင်နေထိုင်သူ ဦးကျော်သန်းက ပြောကြားသည်။

လွိုင်ကော်မြို့၏ တောင်ဘက်အစွန်တွင်တည်ရှိသော မြကလပ်နှင့် ရွှေလက်ဝါးတောင်တော်တို့သည် တောင်ကွဲစေတီတော်၊ သစ်တစ်ပင်တောင်တော်၊ မိုးမခတောင်တော်၊ ဂူကျောင်း၊ နေစက်လစက် စေတီတော်စသည့်သာသနာ့နယ်မြေများနှင့် ထိစပ်လျက်ရှိပြီး စေတီ၊ ပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများ၊ ဘိုးဘွားရိပ်သာများ စုဝေးတည်ရှိနေသောကြောင့် လွိုင်ကော်မြို့၏ စစ်ကိုင်းချောင်ဟုပင် တင်စားခေါ်ဝေါ်ကြကာ ရပ်ဝေး၊ ရပ်နီးမှ ဘုရားဖူးဧည့်ပရိသတ်များဖြင့် အမြဲမပြတ်စည်ကားရာ သာသနာ့ နယ်မြေတစ်ခုဖြစ်ကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**

---

**သတင်းတိုထွာ**

## စမ်းချောင်း(တောင်) ရွာဦးသဲပုံစေတီပွဲတော်ကျင်းပ

ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် စမ်းချောင်း(တောင်)ရပ်ကွက် မြင်းမိုရ်လမ်းတွင် တည်ထားကိုးကွယ်လျက်ရှိသော ရပ်ကွက်လုံးဆိုင်ရာ ရွာဦးသဲပုံစေတီတော်၏ (၁၅၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် (၃၃)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲနှင့် နဝမအကြိမ်မြောက် ဓမ္မပူဇာတရားပွဲများကို ဧပြီ ၂၂ ရက်မှ စတင်ကျင်းပလျက်ရှိသည်။

ပွဲတော်အစီအစဉ်အရ ဧပြီ ၂၃ ရက်မှစတင်၍ ဧပြီ ၂၇ ရက်အထိ ဘုရားရင် ပြင်ပေါ်၌ အသံမစဲမဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ခြင်း၊ ဧပြီ ၂၇ ရက်မှ ၂၉ ရက်အထိ ညစဉ်တရားပွဲများကျင်းပခြင်း၊ ဧပြီ၂၈ ရက်မှ ၂၉ ရက်နှစ်ရက်တွင် စမ်းချောင်းမြို့နယ် မြသိန်းတန်အောင်ဓမ္မာရုံဝတ်အဖွဲ့နှင့် ရွှေတိဂုံစေတီတော် လယ်တီမဟာသရဏဂုံတော်ကြီးဝတ်အဖွဲ့မှ ပရိတ်တရားတော်ရွတ်ဖတ်ပူဇော်ခြင်းများ ကျင်းပကြမည်ဖြစ်သည်။

ဧပြီ ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် သဲပုံစေတီတော်ပင်မထီးတော်ကြီးနှင့် အရန်စေတီတော်များအား ရပ်ကွက်များအတွင်းသို့ လှည့်လည်အပူဇော်ခံခြင်းနှင့် မေ ၁ ရက်တွင် စေတီတော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ရေစက်ချအခမ်းအနားပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

---

## အသိပညာပေး တေးဂီတဖျော်ဖြေပွဲကျင်းပ

အမျိုးသမီးများ ခွဲခြားဆက်ဆံမှုကင်းဝေးစေရေး ရည်ရွယ်ချက်ဖြင့် ကျင်းပသည့် United Women အဖွဲ့၏အသိပညာပေးဂီတပွဲတော်ကို ဧပြီ ၂၃ ရက်က မန္တလေးမြို့ ၂၆ လမ်း ၇၅ လမ်းထောင့်ရှိ YMCA ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် United Women အဖွဲ့မှ ဥက္ကဋ္ဌက လက်ရှိအခြေအနေတွင် အမျိုးသမီးများ အတားအဆီးများစွာ ရင်ဆိုင်နေရပါကြောင်း၊ အမျိုးသမီးဖြစ်ခြင်းကြောင့် စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့်ကဏ္ဍစုံတွင် ခွဲခြားဆက်ဆံခံနေရကြောင်း၊ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများလည်း တွေ့မြင်နေရကြောင်း၊ အဆိုပါ အတားအဆီးအခက်အခဲများ ကျော်လွှားရန်လိုကြောင်း ထည့်သွင်းပြောကြားပြီး ကဗျာဆရာ စာရေးဆရာ မောင်သုညကလည်း ကဗျာရွတ်ဆိုခဲ့သည်။ ဆက်လက်၍ ဆရာမဒေါ်သန္တာဘုန်းဝင်းကလည်း အမျိုးသမီးများနှင့် သက်ဆိုင်သည်များကို ပြောကြားသွားကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

---

## တက္ကသိုလ်ဝင်တန်း အခမဲ့ပညာဒါန ဖွင့်လှစ်မည်

နေပြည်တော် ပျဉ်းမနားမြို့တွင် Educational Development Center (EDC)မှ တက္ကသိုလ်ဝင်တန်းအခမဲ့ပညာဒါနသင်တန်းကို မေ ၂ရက်တွင် စတင် သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတက်ရောက်လိုသော ကျောင်းသား/ကျောင်းသူများအနေဖြင့် သင်တန်းတည်ရှိရာ မြို့မဈေးကုန်းကျောင်းတိုက် ရွှေညောင်ပင်မှတ်တိုင် ရန်အောင်(၁)ရပ်ကွက် ပျဉ်းမနားမြို့သို့ နေ့စဉ် နံနက် ၉ နာရီမှ ၁၁နာရီအထိလည်းကောင်း၊ ညနေ ၄ နာရီ မှ ၆ နာရီ အထိလည်းကောင်း လက်ခံပေးလျက်ရှိနေပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဦးအောင်ချိုဖုန်း၀၉-၈၃၀၃၀၈၉၊ ဒေါက်တာမင်းအောင် ၀၉- ၄၄၈၅၃၉၇၆၈၊ ဦးမင်းသစ်ဌေး ၀၉-၇၉၇၈၈၀၆၁၀၊ ဒေါ်နန္ဒာလင်း ၀၉ -၄၄၀၉၆၂၉၅၁ တို့ထံ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

---

## သဘာဝအရင်းအမြစ်နှင့် ရိုးရာယဉ်ကျေးမှုများတည်ရှိသည့် သီပေါသို့ ကမ္ဘာလှည့်ခရီးသွားများ လာရောက်မှုပိုမိုများပြား



**သီပေါ ဧပြီ ၂၅**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့သည် မန္တလေး-လားရှိုး-မူဆယ်သွား ပြည်ထောင်စုလမ်းမကြီးပေါ်၌ တည်ရှိပြီး လှပထင်ရှားသော ရှေးမြို့တစ်မြို့ဖြစ်သဖြင့် နေ့စဉ်နှင့်အမျှ နိုင်ငံခြားသားခရီးသွားများ ဝင်ထွက်သွားလာလျက်ရှိသည်။

နိုင်ငံခြားသားခရီးသွားဧည့်သည်များသည် မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများသို့ အုပ်စုလိုက်သွားရောက်လေ့လာကြပြီး သဘာဝအရင်းအမြစ်များနှင့် ဆောက်လုပ်နေထိုင်ကြသည့် တိုင်းရင်းသားရိုးရာနေအိမ်များ၊ ရှေးဟောင်းသမိုင်းဝင် ဘော်ကြိုဘုရားကြီးနှင့် တန်ခိုးကြီးဘုရားများကိုဖူးမြော်ပြီး သီပေါစော်ဘွားကြီး စဝ်အုံကြာဆောက်လုပ်နေထိုင်သွားသော ဟော်နန်းနှင့် မူလသဘာဝအတိုင်းတည်ရှိသော ရေတံခွန်များ၊ ဒုဋ္ဌဝတီမြစ်ဆုံအလှများကို ခြေကျင်နှင့်တစ်မျိုး၊ စက်ဘီးနှင့်တစ်ဖုံ၊ စက်လှေများဖြင့်တစ်တန် သွားရောက်အပန်းဖြေလေ့လာကြသည်။

သီပေါမြို့(အုန်းဘောင်မြို့)ရှိ ဒေသခံတိုင်းရင်းသားများ၏ ရိုးသားဖြူစင်ရိုးပင်းကူညီစောင့်ရှောက်တတ်သော စေတနာ၊ မေတ္တာ၊ အလှူတရားများကြောင့် လည်း ကမ္ဘာလှည့်နိုင်ငံခြားသားခရီးသွားဧည့်သည်များ ယခင်ကထက် ပိုမိုလာရောက်လည်ပတ်ကြခြင်းဖြစ်ကြောင်း ဧည့်နိုင်ငံခြားသားတစ်ဦးကပြောပြ၍ သိရသည်။

**စိုင်း(သီပေါ)**

# အခြေခံလူတန်းစားတို့၏ ကျန်းမာရေးစောင့်ရှောက်မှု နွေအပူတွင် ရေကြည်အေးအေးတစ်ခွက် သောက်သုံးရသည့်ပမာ

**သတင်းဆောင်းပါးနှင့်ဓာတ်ပုံ-သန်းထိုက်(လှိုင်သာယာ)**

အမှတ်(၈)အထက်တန်းကျောင်းဝင်းအတွင်း၌ ရပ်ကွက်၊ ကျေးရွာတို့မှ ပြည်သူများ နံနက် ၇ နာရီကပင် စုဝေးရောက်ရှိနေကြသည်။ ပျို့ပျို့အိုအိုအရွယ်စုံညီကြသော်လည်း တူညီသောအချက်တစ်ခုမှာ အခြေခံလူတန်းစားအသွင်အပြင်တို့နှင့် အားကိုးသောမျက်ဝန်းတို့ဖြင့် ရောက်ရှိနေကြခြင်းပင်ဖြစ်သည်။

ရန်ကုန်မြို့၏ လူဦးရေအများဆုံး မြို့နယ်လေးခုတွင် တစ်ခုဖြစ်သည့် လှိုင်သာယာမြို့နယ် အမှတ်(၂၀)ရပ်ကွက်ရှိ အမှတ်(၈) အထက်တန်းကျောင်းဝင်းအတွင်း မင်္ဂလာဒုံ ခုတင်(၁၀၀၀)တပ်မတော်ဆေးရုံမှ ဒုတိယ ဗိုလ်မှူးကြီးလွှမ်းမိုး ဦးစီးသော ၃၃ ဦးအဖွဲ့က ပြည်သူတို့ခံစားနေရသော ရောဂါမျိုးစုံကို ဧပြီ ၂၁ ရက်မှစတင်၍ စေတနာအပြည့်အဝဖြင့် ကုသပေးလျက်ရှိပြီး ဆက်လက်ကုသရန်ရှိသော လူနာတို့ကိုလည်း မင်္ဂလာဒုံ တပ်မတော်ဆေးရုံတွင် ဆက်လက်ကုသပေးနေသည်ဟူသော သတင်းက ပန်းသတင်း လေညင်းဆောင်ဆိုသလို တစ်မုဟုတ်ချင်း ပျံ့နှံ့သွားခဲ့သဖြင့် ယနေ့တွင် ယမန်နေ့ကထက် လူနာဦးရေပို၍များလာသည်။

## ဆေးကုသခွင့် အခမဲ့ရရှိခြင်းသည် အခြေခံလူတန်းစားအများစု နေထိုင်ကြသည့် လှိုင်သာယာ မြို့နယ်မှ ပြည်သူတို့အဖို့ နွေအပူတွင် ရေကြည်အေးအေးတစ်ခွက် သောက်သုံး ရသည့်ပမာ ကျေနပ်အားရမှု ခံစားရမည်မှာ အမှန်ပင်

တဖွဲဖွဲရောက်ရှိလာသော လူနာတို့ကို လူမှုရေးအသင်းအဖွဲ့တို့က နေရာချထားပေးခြင်း၊ အမည်စာရင်းသွင်းခြင်းနှင့် အလှည့်ကျအမည်စာရင်းတို့ကို မိုက်ဖြင့်ခေါ်ခြင်းတို့ မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ လာရောက်ပြသသော လူနာတို့၏ ရင်ကို



အေးချမ်းစေလျက်ရှိသလို ကျောင်း၏မြောက်ဘက်တွင် လူနာများကို ကျွေးမွေးရန် ချက်ပြုတ်နေသော သီးစုံပဲဟင်းရနံ့မှာလည်း ကျောင်းဝင်းအတွင်း သင်းပျံ့လျက်ရှိသည်။

ကျောင်း၏နှစ်ထပ်ဆောင်အောက်ဘက်ရှိ အခန်းများတွင် ဆေးတပ်သားတို့က ရောဂါရှာဖွေစက်များဖြင့် ရောဂါအလိုက် လူနာများကို ကုသပေးလျက်ရှိသည်။ ကျောင်းဝင်ပေါက်အနီးနှင့် ပေါ်တီကိုအောက်ရှိ ခုံတန်းများတွင် လူနာများ အပြည့်ဖြစ်နေသည်။ ယမန်နေ့က လာရောက်ပြသသူများ ရောဂါသက်သာလာသည်ဟူသော သတင်းကြောင့် အသက် ၇၀ ကျော် သက်ကြီးရွယ်အိုများလည်း တဖွဲဖွဲရောက်ရှိလျက်။ သက်ကြီးရွယ်အိုတို့ အများဆုံးပြသသောရောဂါမှာ မျက်စိဝေဒနာပင်ဖြစ်သည်။ မျက်စိဝေဒနာသည် အပူပိုင်းဒေသသာမက မြန်မာပြည်အောက်ပိုင်းတို့တွင်လည်း ခံစားနေရလျက်ရှိရာ နှစ်များကြာမြင့်စွာတည်ရှိနေသော မျက်စိရောဂါအတွက် သတိပြုစရာပင်ဖြစ်သည်။

အထွေထွေရောဂါကုသပေးလျက်ရှိသော ဆေးတပ်သားတို့က ကိုယ်စီကိုယ်စီ သွက်လက်စွာလှုပ်ရှားနေကြပြီး တာဝန်ရှိပုဂ္ဂိုလ်များကလည်း လိုက်လံကြည့်ရှု၍ ညွှန်ကြားပေးလျက်ရှိရာ အမှတ်(၈) အထက်တန်းကျောင်းဝင်းမှာ ယာယီဆေးရုံကြီးပမာ ပျားပန်းခတ်လျက်ရှိသည်။ ဧပြီ ၂၁ ရက်တွင် လူနာ ၈၈၆ ဦးကို ကုသပေးနိုင်ခဲ့ပြီး ဧပြီ ၂၂ ရက်တွင် လူနာ ၁၂၀၀ ကျော် လာရောက်ပြသသည့် အတွက် လူနာတို့ကို ကျွေးမွေးသောဆန် အိတ်သုံးအိတ် ကုန်သည်။ ဧည့်ခံမှုကို ရပ်ကွက်အုပ်ချုပ်ရေးမှူးအသစ်က တာဝန်ယူ၍ ရပ်မိရပ်ဖတို့နှင့် ပူးပေါင်းဆောင်ရွက်နေခြင်း ဖြစ်သည်။

"အဘက (၂၀)ရပ်ကွက် အပိုင်(၃)မှာ နေတာပါ။ အသက် ၇၆နှစ်ရှိပြီး မျက်စိဝေဒနာက ငယ်ငယ်ကတည်းက ခံစားနေရတာ။ အဝေးမမြင်ရပေမယ့် အနီးမြင်ရလို့ တော်သေးတယ်။ အခု အနီးလည်း မမြင်ရတော့ဘူး။ ဒါကြောင့်လာပြတာ။ အပြင် ဆေးခန်းလည်း မပြနိုင်ဘူး။ အခုလို ကုသပေးတာကို ဝမ်းမြောက်ကျေးဇူးတင်မိပါတယ်"ဟု အဘဦးတင်မောင်က ပြောသည်။ သက်ကြီးရွယ်အိုတို့သည် ပန်းနာရင်ကျပ်နှင့် သွေးတိုး၊ ဒူးခေါင်းကိုက်ခဲခြင်းရောဂါတို့ လာရောက်ပြသမှုများသည်ကို တွေ့ရသည်။ အသက်အရွယ်ကြီးရင့်သူသာမက လူငယ်၊ လူရွယ်များလည်း လာရောက်ပြသလျက်ရှိပြီး ပြင်ပတွင် ငွေကြေးအခက်အခဲကြောင့် သွားရောက်ပြသနိုင်ခြင်း မရှိဘဲ ယခုလို အခမဲ့ကုသမှုပေး၍ တစ်နေ့တာလုပ်ငန်းခွင်ကိုနားကာ လာရောက်ပြသကြခြင်းပင်ဖြစ်သည်။

"အခုလိုရပ်ကွက်တွေထိဆင်းပြီး လာရောက်ကုသပေးတာကို ကျေးဇူးအထူးတင်ပါတယ်။ ဝမ်းလည်းသာမိတယ်။ ဒီလိုထောင်ချီပြီး ပြလိမ့်မယ်လို့ထင်မထားဘူး။ အခြေခံလူတန်းစားများတယ်ဆိုတော့ တစ်နေ့တစ်နေ့ဝမ်းရေးအတွက်ပဲ ဦးစားပေးနေကြတာ။ အိပ်ရာပေါ်လဲတော့မှပဲ ဆေးခန်းကို သတိရကြတဲ့လူတွေပါ။ ရပ်ကွက်မှာတော့ ကျန်းမာရေးစောင့်ရှောက်မှုက အထူးကို လိုအပ်နေပါတယ်။ လှိုင်သာယာမှာ ရေစီးရေလာမကောင်းတော့ မြောင်းတွေပိတ်ဆို့တယ်။ ခြင်ပေါများတယ်။ နွေ၊ မိုး၊ ဆောင်း ခြင်မပြတ်ဘူး။ မနေ့က ကလေးနှစ်ဦး ဝမ်းရောဂါဖြစ်လို့ ဆေးရုံတင်ရသေးတယ်။ ရေစီးရေလာမကောင်းဘဲ ရေမြောင်းတွေ ပိတ်နေတာကို အမြန်ရှင်းလင်းဆောင်ရွက်ပေးနိုင်ဖို့ တင်ပြလိုပါတယ်။ ကျွန်တော်တို့ တာဝန်စယူခဲ့တဲ့ ကာလမှာလည်း ရေစီးရေလာကောင်းဖို့ ဆောင်ရွက်တယ်။ လိုအပ်ချက်တွေများတဲ့အတွက် စီမံချက်တစ်ခုအနေနဲ့ ဖော်ဆောင်မှသာ အောင်မြင်လိမ့်မယ်လို့ မြင်ပါတယ်"ဟု အမှတ်(၂၀) ရပ်ကွက်အုပ်ချုပ်ရေးမှူးအသစ်က ပြောသည်။

လှိုင်သာယာမြို့နယ်တွင် သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များ ကျန်းမာရေးထိခိုက်မှုမြန်ဆန်တတ်၍ ထွက်ပေါက်မရှိသော ရေဆိုးများ ပိတ်ဆို့နေခြင်းက နောက်ဆက်တွဲကျန်းမာရေး စိန်ခေါ်နေမှုပင်ဖြစ်သည်။ ကျန်းမာရေးစောင့်ရှောက်မှု အမှန်တကယ်လိုအပ်ချက်ရှိနေသည့် အခြေခံလူတန်းစားတို့အတွက် တပ်မတော်ဆေးရုံကြီးမှ လာရောက်ကုသပေးသည့်အတွက် တိုင်းမှူးနှင့်တကွ မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီးမှ တာဝန်ရှိသူများကို ကျေးဇူးအထူးတင်ရှိကြောင်း အမှတ်(၂၀) ရပ်ကွက်အုပ်ချုပ်ရေးမှူးက ထပ်မံပြောကြားသည်။

နံနက် ၉ နာရီခွဲတွင် အမှတ်(၈) အထက်တန်းကျောင်းဝင်းအတွင်းသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးဇော်သိန်းနှင့် တာဝန်ရှိသူတို့ လာရောက်ကာ ဆေးကုသပေးလျက်ရှိသည့်နေရာသို့ သွားရောက်ပြီး လူနာများကို နွေးထွေးပျူငှာစွာ လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားသည်။

"ပြည်သူတွေ အများဆုံးခံစားရတာကတော့ အထွေထွေရောဂါတွေပါပဲ။ ဆေးရုံမှာကုသဖို့လိုတဲ့ လူနာကိုတော့ရက်ချိန်းပေးပြီး မင်္ဂလာဒုံတပ်မတော်ဆေးရုံမှာ ဆက်ကုသပေးပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုတွေတိုးပြီး ဆောင်ရွက်နိုင်လေ ပြည်သူတွေအတွက် အဆင်ပြေလေပါပဲ။ မင်္ဂလာဒုံတပ်မတော်ဆေးရုံက ဆေးတပ်ဖွဲ့အင်အား ၃၃ ဦးနဲ့ လာရောက်ကုသပေးတာပါ။ ဒီမှာ သုံးရက်ကုသပေးသွားပါ့မယ်"ဟု ဒုတိယဗိုလ်မှူးကြီးလွှမ်းမိုးက ပြောသည်။

မျှော်လင့်ခြင်း၊ အားကိုးခြင်းမျက်ဝန်းတို့ဖြင့် ရောက်ရှိလာခဲ့သော ဝေဒနာရှင်များက ပြုံးရွှင်သောမျက်နှာ၊ တက်ကြွလန်းဆန်းသောခြေလှမ်းတို့ဖြင့် အိမ်ရာဌာနအသီးသီးသို့ ပြန်ကြလေပြီ။ ဆေးကုသခွင့်အခမဲ့ရရှိခြင်းသည် အခြေခံလူတန်းစားအများစု နေထိုင်ကြသည့် လှိုင်သာယာမြို့နယ်မှ ပြည်သူတို့အဖို့ နွေအပူတွင် ရေကြည်အေးအေးတစ်ခွက် သောက်သုံးရသည့်ပမာ ကျေနပ်အားရမှုခံစားရမည်မှာ အမှန်ပင်ဖြစ်ပါကြောင်း။



တောင်ငူခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စုစုထွေး၊ ကျောက်ကြီး မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဆွေဆွေဝင်းနှင့်အဖွဲ့တို့ ဧပြီလတတိယပတ်က မြို့ပေါ်ရှိ သက်ကြီးဘိုးဘွားများအား လှူဖွယ်ဝတ္ထုများကို ပေးအပ်လှူဒါန်းခဲ့စဉ်
မီးမီး(လှိုင်)

# ဖားကန့်မြို့နယ် နမ့်မော်ကျေးရွာတွင် နယ်မြေခံတပ်မှ ဆေးကုသမှုများဆောင်ရွက်

**ဖားကန့် ဧပြီ ၂၅**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု နမ့်မော်ကျေးရွာရှိ မူလတန်းကျောင်းခန်းမ၌ ဧပြီ ၂၃ ရက်က ရှေ့တန်းအမှတ်(၇) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် နယ်မြေခံတပ်ဆေးကုသရေးအဖွဲ့မှ ရွာသူရွာသားများအား ကျန်းမာရေးစစ်ဆေးကြည့်ရှု ဆေးကုသမှုပြုလုပ်ပေးခဲ့ကြကြောင်း သိရသည်။

နယ်မြေခံတပ် ဆေးကုသရေးအဖွဲ့တွင် ရှေ့တန်းအမှတ်(၇)စစ်ဆင်ရေးဆေးတပ်ခွဲမှူး ဗိုလ်ကြီးရာဇာမင်းဦးစီး၍ အရာရှိသုံးဦး၊ စစ်သည်ငါးဦးတို့သည် နမ့်မော်ကျေးရွာရှိ ရွာသူရွာသားများအား ဆေးကုသမှုများဆောင်ရွက်ခဲ့ကြရာ ဒေသခံ ၂၁၈ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်ကာ ဆေးဝါးကုသမှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**စိုးနိုင်ဦး-ဖားကန့်**



# ကောလင်းမြို့နယ်၌ လေပြင်းတိုက်ခတ်ပြီး မိုးသီးကြွေကျ ကျောင်းနှင့်နေအိမ်များ အမိုးများပျက်စီး

**ကောလင်း ဧပြီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ ဧပြီ ၂၃ ရက် ညနေ ၃ နာရီခွဲတွင် လေပြင်းတိုက်ခတ်၍ မိုးသီးကြွေကျခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် တောင်ပုံအုပ်စု တောင်ပုံကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ အခြေခံပညာမူလွန်ကျောင်းနှင့် နေအိမ်အချို့ အမိုးများလန်၍ပျက်စီးခဲ့သည်။

ဆက်လက်၍ ဧပြီ ၂၄ ရက်တွင် လာကာအုပ်စုရှိ လာကာ၊ ဗောဓိကုန်း၊ ဇီးဖြူကျင်း၊ ချိုယားပင်၊ ဘုရားကုန်းကျေးရွာများ၌ မိုးသီးများကြွေကျပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူနေအိမ် ၄၄၇ အိမ်၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ စာသင်ကျောင်းတစ်ကျောင်း၊ ကျန်းမာရေးဌာနခွဲ တစ်ခု၊ ကလေးသူငယ်စောင့်ရှောက်ရေးကျောင်းတို့၏ အမိုးများပေါက်ပြဲပျက်စီးခဲ့သည်။ ထို့အပြင် ယားတောင်အုပ်စု မောင်းကော်ကျေးရွာရှိ လူနေတဲအား မိုးကြိုးပစ်ရာ တဲပိုင်ရှင် ဒေါ်ခါ လျှပ်စီးစက်ကွင်းမိပြီး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ အင်ပင်သာကျေးရွာအုပ်စုတွင် မိုးသီးများကြွေကျပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်သူ ၂၀ ၏ နှမ်းစပါး ဧက ၁၅၀ ခန့် ပျက်စီးခဲ့သည်။

အဆိုပါပျက်စီးခဲ့သော ကျေးရွာအုပ်စုများသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများမှ ကွင်းဆင်းကာ လိုအပ်သည်များ ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး ယင်းဖြစ်စဉ်များကြောင့် လူနှင့်တိရစ္ဆာန်များ သေဆုံးထိခိုက်မှုမရှိကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# ရေရှားပါးသည့်ကျေးရွာများအား ရေဖြန့်ဝေပေး



**ပျော်ဘွယ် ဧပြီ ၂၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ယခုနှစ်နွေရာသီတွင် ပျော်ဘွယ်မြို့နယ်အတွင်း ရေရှားပါးသည့် ကျေးရွာများသို့ သောက်သုံးရေဖြန့်ဝေခြင်းလုပ်ငန်းကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ဆောင်ရွက်ခဲ့ရာ ဧပြီလအထိ ရေဂါလန် ၁၃၆၀၀၀ ဖြန့်ဝေပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထိုသို့ ပျော်ဘွယ်မြို့နယ်အတွင်း ရေရှားပါးသည့် ကျေးရွာများသို့ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သောက်သုံးရေဖြန့်ဝေပေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပူးပေါင်းကာ ရေသယ်ယာဉ်များဖြင့် ဖြန့်ဝေပေးခြင်းဖြစ်သည်ဟု သိရပြီး ပျော်ဘွယ်မြို့နယ်အတွင်း ကျေးရွာအုပ် စု ၁၁ စု၊ ကျေးရွာ ၁၂ ရွာနှင့် ဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်းတို့ကို ယခုအချိန်ထိ ရေဂါလန်ပေါင်း ၁၃၆၀၀၀ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ ပျော်ဘွယ်မြို့နယ်အတွင်း ကျေးရွာအုပ်စု ၇၅ အုပ်စု၊ ကျေးရွာပေါင်း ၃၁၇ ရွာရှိပြီး ယခုနှစ် အယ်နီညိုသက်ရောက်မှုကြောင့် ကျေးရွာ ၁၇ ရွာတွင် သောက်သုံးရေပြတ်လပ်မှု ရှိနိုင်မည်ဟု ခန့်မှန်းထားပြီး အကယ်၍ ထိုကျေးရွာများတွင် သောက်သုံးရေလိုအပ်မှုရှိပါက ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

# မြစ်သားမြို့၌ လေပြင်းနှင့် မိုးသီးများ ကြွေကျတိုက်ခတ်

**မြစ်သား ဧပြီ ၂၅**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် ဧပြီ ၂၂ ရက် ညနေ ၅ နာရီ ၁၅ မိနစ်မှ နာရီဝက်ခန့်အတွင်း လေပြင်းများပြင်းထန်စွာတိုက်ခတ်ခြင်း၊ မိုးသီးများကြွေခြင်းနှင့် မိုးများသည်းထန်စွာရွာသွန်းခဲ့ကြောင်း သိရသည်။

အဆိုပါလေပြင်းနှင့် မိုးသီးများကြောင့် မြစ်သားမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၀ အတွင်းတွင် ဘုရားတစ်ဆူထီးတော်မြေခြပြီး တစ်ဆူမှာ ထီးစောင်းသွားခဲ့ကာ လူတစ်ဦးနှင့် နွားတစ်ကောင် သစ်ပင်ပိ၍ သေဆုံးသွားကြောင်း သိရသည်။ ထို့အပြင် အိမ်ခြေပေါင်း ၄၈၂ အိမ်အမိုးလန်ခြင်း၊ အိမ်ခြေ ၃၇ အိမ်ပြိုခြင်း၊ စာသင်ကျောင်း ၁၇ ကျောင်းပျက်စီးခြင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန U ပုံစံအဆောက်အအုံ အမိုးများလန်ခြင်း၊ မီးတိုင်များ၊ ဖုန်းတိုင်များကျိုးကျခြင်းနှင့် သစ်ပင်များပြိုလဲခြင်း၊ သီးနှံစိုက်ခင်းများပျက်စီးခဲ့ကြောင်း ကနဦးစုံစမ်းမှုအရ သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

သတင်းတိုထွာ

# မိုးသီးကြီးများကြွေကျ အမိုးသွပ်များပျက်စီး

**ကျွန်းလှ**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နှင့် မိုင် ၄၀ ခန့်ဝေးသော ရေရှင်ကျေးရွာအုပ်စုတွင် ဧပြီ ၂၃ ရက် ညနေ ၃နာရီခွဲမှ ၄ နာရီအထိ မိုးရွာသွန်းပြီး ရေနွေးကြမ်းပန်းကန်လုံးခန့် မိုးသီးများကျခြင်းကြောင့် ဘုန်းတော်ကြီးကျောင်းများ၊ ဌာနအဆောက်အအုံများနှင့်နေအိမ်အချို့ အမိုးသွပ်များပျက်စီးသွားကြောင်း သိရသည်။

ထိုသို့မိုးသီးများကျ၍ပျက်စီးရာတွင် ရေရှင်၊ ကုန်းကြီး၊ ဟဲကင်း၊ မျက်နီကျင်း၊ အောင်းပင်ကျေးရွာများ၌ ဘုန်းတော်ကြီးကျောင်းများတွင် အမိုးသွပ် ၁၁၁၄ ချပ်၊ ပညာရေးအဆောက်အအုံများတွင် သွပ် ၈၇၁ ချပ်နှင့် မှန်တံခါး၂၄ ချပ်၊ ကျေးလက်ကျန်းမာရေးအဆောက်အအုံများတွင် အမိုးသွပ် ၂၈၆ ချပ်၊ ကျေးရွာစာကြည့်တိုက်တွင် သွပ် ၅၀ ချပ်၊ ဆိုလာပြား ၅ ခု ၊ လူနေအိမ် ၁၄၇ လုံးတွင် သွပ် ၇၁၈၅ ချပ်ခန့် ပျက်စီးသွားပြီး လူနှင့် တိရစ္ဆာန်များထိခိုက်မှုမရှိကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ကျေးရွာများသို့ သောက်သုံးရေလှူဒါန်း

**ပေါက်**

ပခုက္ကူခရိုင် ပေါက်မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ရေသယ်ယာဉ်တစ်စီးဖြင့် ဧပြီ ၂၃ ရက်က မြို့နယ်အတွင်း သောက်သုံးရေအခက်အခဲဖြစ်လျက်ရှိသည့် ကျေးရွာပြည်သူများထံသို့ သောက်သုံးရေများ လိုက်လံဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်မီးသတ်ဦးစီးဌာနမှဝန်ထမ်းများက ပေါက်မြို့နယ် တဲတော်ယာကျေးရွာအုပ်စု သာချောင်းကျေးရွာနှင့် သက္ကယ်ချောင်းကျေးရွာများသို့ သောက်သုံးရေဂါလန် ၁၈၀၀ ဆံ့ မီးသတ်ရေသယ်ယာဉ်ဖြင့် သာချောင်းကျေးရွာသို့ သောက်သုံးရေနှစ်စီးနှင့် သက္ကယ်ချောင်းကျေးရွာသို့ သောက်သုံးရေနှစ်စီး လိုက်လံဖြန့်ဝေပေးအပ် လှူဒါန်းကြကြောင်း သိရသည်။

**ဉာဏ်တိုး(ပေါက်)**

# ပြည်ကြီးမဏ္ဍိုင်

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ပြည်ကြီးမဏ္ဍိုင်မြို့နယ်ရှိ ဒေသခံပြည်သူများသည် အယ်နီညိုရာသီဥတုကြောင့် ကျေးရွာတချို့ရှိ ရေတွင်းများရေထွက်နည်းလာခြင်း၊ချောင်း မြောင်းများတွင် ရေနည်းပါးလာခြင်းတို့ကြောင့် သောက်သုံးရေမလုံလောက်ခြင်းများ ကြုံတွေ့နေရသည်။

ထို့ကြောင့် အဆိုပါနေရာများသို့ ဒေသခံပြည်သူများသောက်သုံးရေလုံလောက်မှုရှိစေရန် ရည်ရွယ်လျက် မြို့နယ်အုပ်ချုပ်ရေး အဖွဲ့အစည်းမှတာဝန်ရှိသူများ ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များက မီးသတ်ကားဖြင့် ဧပြီလ တတိယပတ်က ရေအခက်အခဲဖြစ်လျက်ရှိသည့် နန်းတောင်ကျေးရွာနှင့် အခြားကျေးရွာများသို့ သောက်သုံးရေများဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

**ပြည်ကြီးမဏ္ဍိုင်(ပြန်/ဆက်)**

# မဘိမ်းမြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် ဘုန်းတော်ကြီးကျောင်းနှင့် အဆောက်အအုံများပျက်စီး

**မဘိမ်း ဧပြီ ၂၅**

ရှမ်းပြည်နယ် မိုးမိတ်ခရိုင် မဘိမ်းမြို့နယ်အတွင်း ဧပြီ ၂၂ ရက် ညနေ ၄ နာရီ ၄၅ မိနစ်က လေပြင်းတိုက်ခတ်မှုကြောင့် ဌာနဆိုင်ရာရုံးအဆောက်အအုံ ၁၂ ခုနှင့် ဝန်ထမ်းအိမ်ရာများ၊ အခြေခံပညာကျောင်းခြောက်ကျောင်းနှင့် မူကြိုကျောင်းနှစ်ကျောင်း၊ မြို့နယ်ပြည်သူ့ဆေးရုံ၊ ဘုန်းတော်ကြီးကျောင်းခြောက်ကျောင်း၊ ရပ်ကွက်ပိုင်ဈေးတစ်ခု၊ မြို့နယ်ခန်းမတစ်ခု၊ အခြားအဆောက်အအုံတစ်ခုနှင့် လူနေအိမ် ၄၈၇ အိမ်တို့ အမိုးများပျက်စီးသွားကြောင်း သိရသည်။

ထို့အပြင် မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ 9 mm ကွန်ကရစ်တိုင် ၁၄ တိုင်၊ 10 mm ကွန်ကရစ်တိုင် ၄၀ ၊ 100 kv Stepup Transformer တစ်လုံး၊ 50 kv Stepup Transformer တစ်လုံးပျက်စီးသွားကာ ဓာတ်အားပေးစက်ရုံခေါင်မိုးများလည်း ပျက်စီးခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် လမ်းပန်းဆက်သွယ်ရေး ပိတ်ဆို့မှုမရှိသော်လည်း မြို့တွင်းလျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုမှာ ပြတ်တောက်သွားကာ ထိခိုက်ဒဏ်ရာရရှိသူများအား မြို့နယ်ပြည်သူ့ဆေးရုံတွင် ကျန်းမာရေးစောင့်ရှောက်မှုများခံယူလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**




**ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ခနောင်၊ ခနိတောကျေးရွာရှိ အိမ်ထောင်စုပေါင်း ၈၀ ခန့်အား အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ထွေးကြီးကြပ်မှုဖြင့် အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူးဝင်းအောင်နီ ဦးစီးတပ်ဖွဲ့ဝင် ၁၄ ဦးနှင့်အဖွဲ့သည် သောက်ရေသန့်ဘူးကြီး ၁၀၀၊ ရေဂါလန် ၅၀၀ သွားရောက်လှူဒါန်းစဉ်။**

ကျော်စိုး(မင်္ဂလာတောင်ညွန့်)

# ပြည်သူများအတွက် ဝန်ဆောင်မှုပေးနေသော ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) သာမက စုပေါင်းရုံးများထားရှိသင့်

**ခင်အေးကြူ (ရွှေသန်လျင်)**

စာရေးသူ မကြာမီက ရန်ကုန်မှ ဒလမြို့သို့ သင်္ဘောနဲ့ သွားရောက်ခဲ့ရင်း စာရေးသူတို့ ယခင်က ရန်ကုန်-သန်လျင်ကို သီတာသင်္ဘောကြီးနဲ့သွားရင်း စင်ရော်လေးတွေကို အစာကျွေးခဲ့တာ၊ သီတာသင်္ဘောကြီးစီးပြီး နေ့စဉ် ရန်ကုန်တက္ကသိုလ်တက်ခဲ့ရတာကို သတိရမိပါတယ်။

ဒလ ဆိပ်ကမ်းရောက်တော့ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့တွေကို လိုင်းကားများသာမက စုပေါင်းတက္ကစီကားတွေနဲ့လည်း သွားလာနိုင်တာကြောင့် တစ်မြို့မှ တစ်မြို့ကို အချိန်တိုတိုနဲ့ ခရီးရောက်နိုင်ပါတယ်။ စာရေးသူ သူငယ်ချင်းဝယ်ယူထားတဲ့ မြေကွက်အတွက် စာချုပ်ကို မြို့နယ်ပြည်သူ့ဝန်ဆောင်မှုရုံးမှာ ဝယ်ယူရင်း ပြည်သူ့ဝန်ဆောင်မှုရုံး OSS နှင့် ပတ်သက်၍ ပြည်သူ့အသံများကို ယခုလို ကြားသိခဲ့ရပါတယ်။

တွံတေးမြို့ မင်းပိုင်းရပ်ကွက်နေ ဦးမြင့်စိန်က "မွေးတိုးစာရင်းလာလုပ်တာပါ။ ဒီမှာ လိုအပ်တဲ့ စာရွက် စာတမ်းတွေ ပေးလိုက်တာနဲ့ တစ်ခါတည်းရတယ်။ ပြီးတော့ တရားပွဲအတွက် ပွဲမိန့်တင်ရင် ဒီမှာ ဌာနပေါင်းစုံရှိတော့ အဆင်ပြေပါတယ်။ အရင်ကဆို ဟိုရုံးသွားလိုက် ဒီရုံးသွားလိုက်နဲ့ အချိန်ကုန်၊ လူပန်းတယ်ဗျာ။ အခုလို နေပူတဲ့အချိန်ဆို ပိုပင်ပန်းတာပေါ့။ ဝန်ဆောင်မှုရုံးကို သီးသန့်ရုံးဖွင့်သင့်ပါတယ်" လို့ ပြောပါတယ်။



ကွမ်းခြံကုန်းမြို့ ကြခတ်ကုန်းလေးရွာမှ ဦးမြလွင်ကလည်း "တရားပွဲအတွက် ပွဲမိန့်လာလျှောက်တာပါ။ ပြည်သူ့ဝန်ဆာင်မှုရုံးက တစ်နေရာတည်းမှာ ပြည်သူတွေ လိုအပ်ချက်ကို ဖြည့်ဆည်းပေးပါတယ်။ တချို့ကိစ္စတွေမှာ တစ်ခါတည်း မဆောင်ရွက်နိုင်တာရှိတာပေါ့။ ဥပမာ မြေဂရန်လျှောက်တာတို့ဆိုရင် သေချာစိစစ်ရတာဆိုတော့ အချိန်အနည်းငယ်ပေးရတာမျိုးပေါ့။ ကျွန်တော်တို့မြို့နယ်မှာဆို တစ်ရုံးနှင့်တစ်ရုံးက သိပ်မဝေးတော့ ရုံးကိစ္စတွေဆောင်ရွက်ရတာ အဆင်ပြေပေမယ့် မြို့ကြီးတွေမှာ ယာဉ်ကြောကပိတ်၊ သွားလာရေးခက်ခဲတော့ ပြည်သူတွေအတွက် ပြည်သူ့ဝန်ဆောင်မှုရုံး OSS က ပိုပြီးအဆင်ပြေပါတယ်။ ခရိုင်နှင့် မြို့ကြီးတွေမှာ ပြည်သူ့ဝန်ဆောင်မှုရုံးသာမက စုပေါင်းရုံးတွေထားရင် ပြည်သူတွေအတွက် ပိုမိုအဆင်ပြေမယ်လို့ ထင်မြင်မိပါတယ်" လို့ ပြောပါတယ်။

ပြည်သူတွေ ရုံးလုပ်ငန်းများ လွယ်ကူအဆင်ပြေဖို့အတွက် ပြည်သူ့ဝန်ဆောင်မှုရုံးမှာ ဝန်ဆောင်မှုပြုပေးနေတဲ့ ဌာန ၁၀ ခုကတော့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန (လဝက)၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာန၊ မြို့နယ် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ခရိုင်/မြို့နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတို့ ဖြစ်ပါတယ်။

ပြည်သူများအတွက် ဝန်ဆောင်မှုပေးနိုင်တဲ့ ပြည်သူ့ဝန်ဆောင်မှုရုံးကို သီးသန့်ဖွင့်လှစ်ပေးရုံသာမက ခရိုင်နှင့် မြို့ကြီးများတွင် စုပေါင်းရုံးများထားရှိပါက ပြည်သူတို့အတွက် ရုံးလုပ်ငန်းများဆောင်ရွက်ရာမှာ အချိန်မကုန်လူမပန်းဘဲ လွယ်ကူစွာ ဆောင်ရွက်နိုင်မှာဖြစ်ပါကြောင်း အကြံပြုရေးသားတင်ပြလိုက်ရပါတယ်။

# ပဲခူးမြို့ရှိ မော်တော်ယာဉ်လိုင်းများ ဘုရားပွဲတော်အကြောင်းပြပြီး သတ်မှတ်ကြေးထက်ပိုမိုတောင်းခံနေ

**ပဲခူး ဧပြီ ၂၅**

ပဲခူးမြို့သည် မြို့ကွက်ကျယ်ပြီး လူဦးရေထူထပ်သောမြို့တွင် ပါဝင်ရာ မြို့တွင်းပြေးဆွဲနေသောမော်တော်ယာဉ်လိုင်းများစွာရှိသည်။ ညဘက် ဘုရားပွဲတော်လာ ပရိသတ်များစွာမှာ နေရာအစုံမှဖြစ်သည်ကို အကြောင်းပြုပြီး သယ်ယူပို့ဆောင်ရေးယာဉ်များက သတ်မှတ်ဈေးထက် သုံးဆမက တောင်းယူမှုများလည်း ရှိနေသည်။

"ကောလိပ်ကနေ ဘုရားပွဲလာတာ ငွေငါးရာပေးရတယ်။ အမှန်က ပဲခူးမြို့ထဲ ဘယ်စီးစီးနေ့ခင်းဆို တစ်ရာ့ငါးဆယ်ပဲပေးရတာ။ ဘုရားပွဲကိုအကြောင်းပြပြီး ငွေပိုတောင်းနေတယ်။ ဘယ်လိုင်းကားဖြစ်ဖြစ် ဒီဈေးပေးရတယ်" ဟု ကောလိပ်မှ စီးသောခရီးသည်တစ်ဦးက ပြောသည်။

ဖက်တန်းလိုင်း၊ မဟာစေတီ၊ ပဲခူးတက္ကသိုလ်၊ ယာဉ်လိုင်းများ အကုန် ဈေးတက်လျက်ရှိရာ သတ်မှတ်ကြေး ပိုမိုတောင်းခံနေမှုများအား မော်တော်ယာဉ်လိုင်းများမှ ပိုမိုတောင်းခံနေမှုများမှန်လျှင် အရေးယူမည်ဖြစ်ကြောင်း အသိပေးထားသည်ဆိုသည်။

ပဲခူးမြို့ သမိုင်းဝင်ဆုတောင်းပြည့် ရွှေမော်ဓော စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်အား နှစ်စဉ်မပျက် ကျင်းပခဲ့ရာ ယခုနှစ်ဆိုလျှင် ၂၅၉၈ ကြိမ်မြောက်ရှိပြီဖြစ်သည်။

ဘုရားပွဲတော် ကျင်းပရာ တန်ခူးလပြည့်နေ့သည် အစည်ကားဆုံးနေ့ဖြစ်သည်။ ပဲခူးမြို့အနီး သနပ်ပင်၊ ဝေါ၊ ကဝ၊ ဘုရားကြီးမြို့နှင့် ကျေးရွာများမှ ဘုရားပွဲတော်သို့ လာရာလမ်းတစ်လျှောက် ကား၊ ဆိုင်ကယ်၊သုံးဘီးယာဉ်၊ ခွေးဘီလူးကားငယ်များနှင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ကိုရွှေမိုး**

# သက်ကြီးပူဇော်ပွဲကျင်းပ

**မဒေါက်**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့အုပ်ချုပ်ရေးမှူးနှင့် မဒေါက်မြို့သူ မြို့သားများ စုပေါင်း၍ (၁၅)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၂၂ ရက်က မဒေါက်မြို့ ဓမ္မာရုံဘေးအနီး ယာယီမဏ္ဍပ်၌ ကျင်းပခဲ့သည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်၍ မြို့သူမြို့သားများက သက်ကြီး အဘိုးအဘွားများအား ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ပြီး လှူဖွယ်ပစ္စည်းများ ဂါရဝပြုပေးအပ်ကြသည်။ ယင်းနောက် ကန်တော့ခံ အဘိုး အဘွားများက မေတ္တာပို့ဆုပေးစကား ပြန်လည်ပြောကြားခဲ့သည်။

**ပိန်းဇလုပ်သိန်းညွန့်**

**ဆော**

ဂန့်ဂေါခရိုင် ဆောမြို့ သီရိရပ်ကွက် သက်ကြီးပူဇော်ပွဲကျင်းပရေးကော်မတီက ကြီးမှူး၍ အသက် ၈၀ အထက် သက်ကြီးအဘိုး၊ အဘွားများအား ပူဇော်ကန်တော့ပွဲကို ဧပြီ ၂၂ ရက်က ရပ်ကွက်ဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါပူဇော်ပွဲကို သက်ကြီးအဘိုး၊ အဘွား ၁၁ ဦးတို့ အပူဇော်ခံကြွရောက်ကြ၍ အဘိုး အဘွားတစ်ဦးလျှင် ငွေကျပ် လေးသောင်းနှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်ဂါရဝပြုကြကြောင်းနှင့် အသက် ၉၅ နှစ်ရှိ အဘိုးဦးလှဖေက ဆုပေးဩဝါဒစကားပြောကြားခဲ့ကြောင်း သိရသည်။

(၁၀၁)

# သီပေါမြို့မှ လေးဖက်မြင်နာရီစင်ကြီး မကြာမီအချက်ပေးသံကြားရတော့မည်



**သီပေါ ဧပြီ ၂၅**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့၏ ကျက်သရေဆောင်မြို့ ဗဟိုချက်မလမ်းဆုံတွင် အများပြည်သူတို့ အချိန်သိရှိနိုင်ရန် လေးဖက်မြင်နာရီစင်ကြီး လည်ပတ်မှုမရှိသည်မှာ ကြာမြင့်နေပြီဖြစ်သည်။

ယင်းနာရီစင်ကြီးမှာ စည်းကမ်းမဲ့သူအချို့က ညအချိန်တွင် လေးခွဖြင့် အဓိပ္ပာယ်မဲ့ ပစ်ခွဲခဲ့သောကြောင့် တောင်ဘက်နှင့် မြောက်ဘက်ရှိ နာရီမှန်များကွဲပြီး စက်များပျက်စီးခဲ့သည်။ ပြန်လည်ပြုပြင်ရန် မြို့နယ်စည်ပင်သာယာရေးဌာနက ဘတ်ဂျက်ခွင့်ပြုငွေချပေးခဲ့ပြီး ပျက်စီးသွားသော နာရီစင်၏ စက်ပစ္စည်းများကိုလည်း မန္တလေးမှ တတ်ကျွမ်းနားလည်သည့် ပညာရှင်များထံ ပို့ဆောင်ပြုပြင်သွားမည် ဖြစ်သည်။ မကြာခင်ကာလမှာ ယခင်ကလိုပဲ သာယာနာပျော်ဖွယ် နာရီအချက်ပေးသံကို ကြားရတော့မည်ဖြစ်ကြောင်း သီပေါမြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးစိုင်းဝင်းမြင့်ထံမှ သိရသည်။

**စိုင်း(သီပေါ)**

# ရာသီမရွေးသွားလာနိုင်ရန်အတွက် မြို့ဆက်လမ်းအဆင့်မြှင့်တင်

**တပ်ကုန်း ဧပြီ ၂၅**

နေပြည်တော်တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာအုပ်စု ပုဏ္ဏမာ၊ ရွာတော်ကုန်းကျေးရွာများမှ ဒေသခံပြည်သူများ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဈေးနှင့်အစရှိသည့်လုပ်ငန်းကိစ္စရပ်များကို ရာသီမရွေးသွားလာအသုံးပြုနိုင်စေရန် ပုဏ္ဏမာ၊ ရွာတော်ကုန်းကျေးရွာမှ ရန်ကုန်-မန္တလေးကားလမ်းဟောင်း ဆက်သွယ်ထားသည့် မြေသားလမ်းအား ကျောက်ချောလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဧပြီ ၂၃ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါကျောက်ချောလမ်းပြီးစီးပါက ဒေသခံများ ရာသီမရွေးသွားလာရေးအသုံးပြုနိုင်သည့်အပြင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့်အစရှိသည့် လုပ်ငန်းကိစ္စရပ်များကို ယခင်ကထက်ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်**

# မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကျင်းပ

**လက်ပံတန်း ဧပြီ ၂၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင် ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ပထမအကြိမ် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဧပြီလတတိယပတ်က ကျင်းပပူဇော်ခဲ့သည်။

မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲတွင် ဈေးမိ ဈေးဖကော်မတီဥက္ကဋ္ဌ ဦးမြင့်ကြွယ်နှင့်အဖွဲ့က ကြီးမှူးဆောင်ရွက်ပြီး မြို့မဈေးမိသားစုနှင့် ရွှေသစ္စာအဖွဲ့က လှူဒါန်းပူဇော်ခြင်းဖြစ်ကြောင်း သိရသည်။

**ဝေဝေ**

# လီဗာပူးနှင့် လက်ရှိချန်ပီယံ ဆီဗီလာတို့ အခြေအနေကောင်းနိုင်တဲ့ ယူရိုပါလိဂ် အကြိုဗိုလ်လုပွဲ




ယူရိုပါလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်တွေကို ဧပြီ ၂၈ ရက်မှာ ယှဉ်ပြိုင်ကစားမှာဖြစ်ပြီး ခြေစွမ်းတူညီနေတဲ့ အသင်းတွေဖြစ်လို့ ပရိသတ်အတွက်တော့ ပွဲကောင်းတွေက စောင့်ကြိုနေပြန်ပါတယ်။ အကြိုဗိုလ်လုပွဲရောက်လာတဲ့ အသင်းတွေဟာ လက်တစ်ကမ်းအကွာ ရောက်ရှိနေပြီဖြစ်တဲ့ ယူရိုပါလိဂ်ဖလားကို လှမ်းယူဆုပ်ကိုင်နိုင်ရေးအတွက် ရေကုန်ရေခန်းအားထုတ်တော့မှာဖြစ်တဲ့အတွက် မလွတ်တမ်းအားပေးကြည့်ရှုရဦးမယ့် ပွဲတွေဖြစ်ပါတယ်။

**ဗီလာရီးရဲနှင့် လီဗာပူး**

လာလီဂါမှာ ချန်ပီယံလိဂ်တစ်နေရာအတွက် အပြင်းအထန်ကြိုးစားနေတဲ့ ဗီလာရီးရဲတို့ဟာ ယူရိုပါလိဂ်ဖလားအတွက်လည်း အားထည့်ထားတာမို့ ဒီပွဲမှာ ရလဒ်ကောင်းအောင် စွမ်းဆောင်ပါလိမ့်မယ်။ ကွာတားဖိုင်နယ်မှာ စပါတာပရပ်ဂ်ကိုနှစ်ကျော့ပေါင်းရလဒ် ခြောက်ဂိုး-သုံးဂိုးနဲ့ ကျော်ဖြတ်လာတဲ့ ဗီလာရီးရဲတို့က လီဗာပူးကိုရင်ဆိုင်ဖို့ အိမ်ကွင်းမှာ အသင့်ဖြစ်နေပါတယ်။ ဘာကမ်ဘူ၊ ဘက်တစ္စတာအို၊ ဆိုလ်ဒါဒိုတို့က ဂိုးတွေသွင်းယူပြီး ဗီလာရီးရဲအနာဂတ်ကို အရောင်တောက်ပအောင် စွမ်းဆောင်နိုင်တာမို့ လီဗာပူးတို့ ဒီပွဲမှာ ခက်ခဲနိုင်ပါတယ်။ ဒါပေမယ့် ဗီလာရီးရဲတို့က အခုတလော နောက်ဆုံးကစားခဲ့တဲ့ နှစ်ပွဲရလဒ်ကိုကြည့်ရင် ရှုံးပွဲတွေချည်းကြုံတွေ့ထားတာမို့ ဒီပွဲမှာ ပုံမှန်ခြေစွမ်းပြန်ရနိုင်မလား ကြည့်ရမှာဖြစ်ပါတယ်။ ဗီလာရီးရဲတို့က အင်္ဂလန်အခြေစိုက်အသင်းတွေနဲ့ ၁၃ ကြိမ်တွေ့ဆုံခဲ့ရာမှာ သုံးပွဲသာအနိုင်ရခဲ့သလို ကျန်ပွဲစဉ်တွေရလဒ်မကောင်းခဲ့ပါဘူး။ ဒီနှစ် လာလီဂါမှာတော့ ဗီလာရီးရဲတို့က တန်းစီဇယား စတုတ္ထနေရာမှာ ရပ်တည်နေပြီး တိုက်စစ်မှူးတွေက ၄၂ ဂိုးသွင်းယူပေးထားသလို ပေးဂိုး ၃၁ ဂိုးရှိထားပါတယ်။ လက်ရှိအနေအထားအရ ဗီလာရီးရဲမှာ တိုက်စစ်မှူး ဘာကမ်ဘူက ဂိုးသွင်းခြေစွမ်းပြသနိုင်သလို ဒင်းနစ်ဆွာရက်ဇ်ကလည်း ဂိုးရရှိအောင် ဖန်တီးပံ့ပိုးပေးနိုင်တာမို့ သူတို့တွေလုပ်အားနှုန်းနဲ့ ဗီလာရီးရဲတို့ အိမ်ကွင်းမှာ အခြေအနေကောင်းပိုင်ဆိုင်သွားနိုင်ပါတယ်။ လီဗာပူးတို့ကလည်း ကွာတားဖိုင်နယ်မှာ ခြေစွမ်းမာကျောတဲ့ ဒေါ့မွန်ကို နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-လေးဂိုးနဲ့ ကျော်ဖြတ်လာခဲ့တာမို့ ဗိုလ်စွဲမယ်လို့ ရေပန်းစားနေတဲ့ အသင်းဖြစ်ပါတယ်။ ပရီမီယာလိဂ်မှာတော့ လီဗာပူးတို့ ရလဒ်မတည်ငြိမ်သေးဘဲဖြစ်နေပြီး တန်းစီဇယားမှာ သတ္တမနေရာမှာပဲ ရှိနေပါတယ်။ ဒါပေမယ့် လောလောဆယ် နောက်ဆုံးကစားထားတဲ့ သုံးပွဲရလဒ်ကိုကြည့်ရင် နိုင်ပွဲတွေချည်းရရှိထားပြီး ခြေစွမ်းပြန်တည်ငြိမ်လာတာမို့ ဗီလာရီးရဲတို့ အလေးထားကစားရပါလိမ့်မယ်။ လီဗာပူးမှာ ကော်ကော်တို၊ ဂယ်လာနာ၊ အိုရီဂီ၊ မီလ်နာတို့က အားကိုးရသူတွေဖြစ်ပြီး ဂိုးလည်းသွင်းယူနိုင်သူတွေဖြစ်ပါတယ်။ ဒါပေမယ့် လီဗာပူးနည်းပြ ကလော့ပ်လက်ထက်မှာ ယူရိုပါလိဂ်ပွဲစဉ် ငါးပွဲ စပိန်ကိုသွားကစားခဲ့ရာမှာ နိုင်ပွဲတစ်ပွဲမှ မရရှိခဲ့တာကလည်း သတိပြုစရာဖြစ်ပါတယ်။ ဒါကြောင့် လီဗာပူးအတွက် ဒီပွဲဟာ ရလဒ်ကောင်းပိုင်ဆိုင်ဖို့ မလွယ်ပါဘူး။

**ရှက်တာဒိုးနက်နှင့် ဆီဗီလာ**

ရှက်တာဒိုးနက်တို့က ယူရိုပါလိဂ်ကွာတားဖိုင်နယ်မှာ ဘရာဂါအသင်းကို လေးဂိုးပြတ်နဲ့ ကျော်ဖြတ်လာခဲ့ပြီး အကြိုဗိုလ်လုပွဲတက်ရောက်လာတာဖြစ်ပါတယ်။ လက်ရှိချန်ပီယံ ဆီဗီလာတို့က ယူရိုပါလိဂ်ဖလားကို ဆက်တိုက်သိမ်းပိုက်နိုင်ရေး ကြိုးစားနေတာဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲတက်ရောက်နိုင်ရေးအတွက် ဒီပွဲကို အနိုင်ကစားပါလိမ့်မယ်။ ရှက်တာဒိုးနက်မှာ ဒါဆေးဗား၊ ဖာရီရာ၊ ဗယ်လန်ကိုတို့က ဂိုးသွင်းနိုင်သူတွေဖြစ်ပြီး တိုင်ဆန်၊ ဘာနက်၊ ဒန်တစ်ကိုတို့က တိုက်စစ်မှူးတွေ ဂိုးသွင်းနိုင်အောင် ဖန်တီးပေးနိုင်သူတွေဖြစ်ပါတယ်။ ရှက်တာဒိုးနက်တို့က ၂၀၀၈-၂၀၀၉ ဘောလုံးရာသီမှာ ယူရိုပါလိဂ်ဖလားရရှိခဲ့ဖူးပြီးနောက် ပထမဆုံးအကြိမ် အခုလို အကြိုဗိုလ်လုပွဲရောက်ရှိလာခြင်းဖြစ်ပါတယ်။ ဒါပေမယ့် ရှက်တာဒိုးနက်ဟာ စပိန်အခြေစိုက်အသင်းတွေနဲ့ တွေ့ဆုံခဲ့ရာမှာ အိမ်ကွင်းမှာ နှစ်ပွဲနိုင်ပြီး အဝေးကွင်းမှာ နှစ်ပွဲနိုင်ကာ ၁၁ ပွဲရှုံးထားခဲ့ပါတယ်။ ဆီဗီလာတို့ကတော့ ယူကရိန်းကလပ်တွေနဲ့ ငါးကြိမ်တွေ့ဆုံခဲ့ရာမှာ ရှုံးပွဲမရှိခဲ့ပါဘူး။ ဆီဗီလာမှာ ဂါမီရို၊ လိုရန်တီ၊ ဗီကိုလို၊ ရေးယက်စ်တို့က အားထားရသူတွေဖြစ်ပြီး ဂိုးသွင်းနိုင်သူတွေဖြစ်ပါတယ်။ ဆီဗီလာတို့က ယူရိုပါလိဂ် အကြိုဗိုလ်လုပွဲရောက်တိုင်း နောက်ဆုံးဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့တာချည်းဖြစ်တာမို့ ဒီပွဲမှာ ဆီဗီလာတို့ အောင်ပွဲရသွားနိုင်ပါတယ်။ ။

■ **မိုးမြင့်လင်းလက်**

---

## အချမ်းသာဆုံး အားကစားသမားဖြစ်လာတဲ့ ရွန်းနေ

မန်ယူတိုက်စစ်မှူးရွန်းနေဟာ ဗြိတိသျှအားကစားသမားတွေထဲမှာ အချမ်းသာဆုံးအားကစားသမား ဖြစ်လာပါတယ်။ ရွန်းနေဟာ ၂၀၁၆ ခုနှစ် ဆန်းဒေးတိုင်း(မ်)ရဲ့ ဖော်ပြချက်အရ ပေါင် ၈၂ သန်းနဲ့ ဗြိတိသျှအားကစားတွေထဲမှာ အချမ်းသာဆုံး ဖြစ်လာတယ်လို့ ဆိုပါတယ်။ မန်ယူအသင်းခေါင်းဆောင် ရွန်းနေဟာ ဒီနှစ်ထဲမှာ ပေါင် ၁၀ သန်းအထိတိုးပြီး ချမ်းသာလာတယ်လို့ ဆိုပါတယ်။ အသက် ၃၀ အရွယ်ရှိ ရွန်းနေဟာ တစ်ပတ်ကိုပေါင် ၃၀၀၀၀၀ ဝင်ငွေရရှိနေတာဖြစ်ပါတယ်။ ဘာကလေပရီမီယာလိဂ်ရဲ့ ဝင်ငွေအကောင်းဆုံးဘောလုံးသမားလည်း ဖြစ်ပါတယ်။ ဗြိတိသျှနံပါတ်တစ်တင်းနစ်ကစားသမား အင်ဒီမာရေးနဲ့ အစ်ကိုဖြစ်သူ ဂျမီးတို့က ပေါင် ၅၈ သန်းနဲ့ ဒုတိယအချမ်းသာဆုံး ကစားသမားဖြစ်လာပါတယ်။ နာမည်ကြီးဂေါက်သီးကစားသမား မက္ကာရွိုင်းကလည်း ပေါင် ၅၆ သန်းနဲ့ တတိယအချမ်းသာဆုံးဖြစ်လာခဲ့ပါတယ်။ သူတို့အားလုံးဟာ ဗြိတိသျှနိုင်ငံသား အားကစားသမားတွေဖြစ်ကြပါတယ်။

---




## ကိုးနှစ်ကြာမရခဲ့တဲ့ အက်ဖ်အေဖလားကို ယူမယ်ဆိုတဲ့ မန်ယူ

မန်ယူက အဲဗာတန်အသင်းကို အက်ဖ်အေဖလားဆီမီးဖိုင်နယ်မှာ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရပြီး ဗိုလ်လုပွဲကို တက်ရောက်လာတဲ့အတွက် ကိုးနှစ်အတွင်း ဖလားရယူဖို့ မျှော်လင့်ထားတယ်လို့ နည်းပြဗန်ဟားလ်က ဆိုပါတယ်။ မန်ယူအနေနဲ့ အန်ထော်နီမာရှယ်ရဲ့ အနိုင်ဂိုးနဲ့ အနိုင်ရပြီးတဲ့နောက် ကိုးနှစ်တာအတွင်း ပထမဆုံးအကြိမ် အက်ဖ်အေဖလားဗိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။

မန်ယူအနေနဲ့ ၂၀၁၃ ခုနှစ်နောက်ပိုင်း ပထမဆုံးဖလားကို ဆွတ်ခူးနိုင်မယ့် အနေအထားတစ်ရပ်ဖြစ်ပါတယ်။ မန်ယူရဲ့ ဒီအောင်မြင်မှုကြောင့် နည်းပြဗန်ဟားလ်အနေနဲ့လည်း လာမယ့်ရာသီမှာ မန်ယူမှာဆက်ရှိနိုင်မယ့် အနေအထားသို့ ရောက်ရှိလာတယ်လို့ ဆိုပါတယ်။ ၂၀၁၃ ခုနှစ်က ဖာဂူဆန် အနားယူသွားပြီးတဲ့နောက် မန်ယူအနေနဲ့ ဖလားဆွတ်ခူးနိုင်မယ့် အခွင့်အလမ်းတစ်ရပ်ဖြစ်လာပါတယ်။ ဗန်ဟားလ်ရဲ့ မန်ယူအနေနဲ့ ဗိုလ်လုပွဲမှာ ဝက်ဖို့ဒ် သို့မဟုတ် ခရစ္စတယ်ပဲလေ့စ်နဲ့တွေ့ရမှာ ဖြစ်ပါတယ်။ ဗိုလ်လုပွဲမှာ မန်ယူဖလားရခဲ့မယ်ဆိုရင် ဗန်ဟားလ်ကို မန်ယူက နောက်ထပ်သုံးနှစ် စာချုပ်နိုင်ပါတယ်။ ဗန်ဟားလ်အနေနဲ့ အက်ဖ်အေဖလားကို ဆွတ်ခူးနိုင်ခဲ့မယ်ဆိုရင် မန်ယူနည်းပြအဖြစ် ဆက်လက်ရပ်တည်သွားဖွယ်ရှိပါတယ်။

---

## ရီးရဲမက်ဒရစ်နဲ့ပွဲမှာ ဦးဆောင်ကစားမယ်ဆိုတဲ့ ကွန်ပါနီ

ရီးရဲမက်ဒရစ်နဲ့ မန်စီးတီးအသင်းတို့ဟာ အင်္ဂါနေ့(ယနေ့) ညပိုင်းမှာ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ဒီပွဲမှာ မန်စီးတီးအသင်းကို အသင်းခေါင်းဆောင်ကွန်ပါနီက ဦးဆောင်ကစားမယ်လို့ ဆိုပါတယ်။ ကွန်ပါနီဟာ မန်စီးတီးအသင်းရဲ့ အဆုံးအဖြတ်ဂိုးတွေကို သွင်းယူပေးလေ့ရှိသူဖြစ်ပါတယ်။ စနေနေ့က စတုတ်နဲ့ပွဲမှာ အနားယူခဲ့ရပေမယ့် ချန်ပီယံလိဂ်မှာတော့ ရီးရဲကို ကျော်ဖြတ်သွားမယ်လို့ ဆိုပါတယ်။

သို့ပေမယ့် ယာယာတိုရေးကတော့ ဒီပွဲမှာ လွဲချော်ဖွယ်ရှိနေပါတယ်။ ကွန်ပါနီအနေနဲ့ ဒီပွဲမှာ ပါဝင်ကစားဖို့ စွန့်စားမှုတွေ လုပ်ခဲ့ရပါတယ်လို့ နည်းပြပယ်လီဂရီနီက ဆိုပါတယ်။ ကွန်ပါနီဟာ နယူးကာဆယ်နဲ့ပွဲမှာ ခြေသလုံးကြွက်သားဒဏ်ရာ ရထားသူဖြစ်ပါတယ်။ သို့ပေမယ့် စီရော်နယ်ဒိုကိုရင်ဆိုင်ဖို့ ကွန်ပါနီက အသင့်ဖြစ်မယ်လို့ ဆိုပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# ကြံ့တူ ဂဝံယဉ်ကျေးမှု

မောင်သာ(ရှေးဟောင်းသုတေသန)

ပဲခူးတိုင်းဒေသကြီးဝေါမြို့နယ် ရန်ကုန်-မော်လမြိုင်ကားလမ်း၏ လက်ယာဘက်တွင် ကြံ့တူဘုရားကုန်းဟုခေါ်သည့် ရှေးဟောင်းနေရာတစ်ခုရှိသည်။ ဝေါမြို့သည် ပဲခူးမြို့မှ အရှေ့မြောက်ဘက် မိုင် ၂၀ အကွာ၊ ဘုရားကြီး-မော်လမြိုင်မော်တော်ကားလမ်းပေါ်တွင် ရှိသည်။ ပဲခူး-စစ်တောင်းတူးမြောင်းသည် ဝေါမြို့ကို မြို့လယ်၌ မြောက်မှတောင်သို့ ဖြတ်သန်းစီးဆင်းနေပြီး ရန်ကုန်-မော်လမြိုင် မော်တော်ကားလမ်းအား ထိုတူးမြောင်းပေါ်မှ ဖြတ်ကျော်ဖောက်လုပ်ထားသည်။ ရန်ကုန်မှ မော်လမြိုင်သို့ ကားလမ်းအတိုင်းလာလျှင် ဝေါမြို့မှ တစ်မိုင်အကွာ ကားလမ်း၏ယာဘက်နှစ်ဖာလုံတွင်ရှိသည့် ကြံ့တူဘုရားကုန်းကို ရန်ကုန်-မော်လမြိုင် ကားလမ်းပေါ်မှ လှမ်းမြင်ရသည်။ ကြံ့တူသည် ဝေါမြို့၏ အရှေ့မြောက်ယွန်းယွန်း ပဲခူးစစ်တောင်းတူးမြောင်း၏ အရှေ့ဘက်ကမ်းတွင် တည်ရှိနေသည်။

ရန်ကုန်-မော်လမြိုင် မော်တော်ကားလမ်းနှင့် မီးရထားလမ်းအကြားတွင် ကြံ့တူဘုရားကုန်းဟောင်းများရှိသည်။ ကြံ့တူဘုရားနှစ်ဆူကုန်းမှ အရှေ့ဘက် တစ်မိုင်အကွာအထိ လယ်ကွင်းများထဲတွင် နွားကျောင်းသားဘုရား၊ မြသာလျောင်းဘုရား၊ လက်ခုပ်ပင်ကုန်းဘုရားနှင့် ခလွန်ဘုရားများသည် တစ်တန်းတည်း တည်ရှိနေကြသည်။ ကြံ့တူသည် ကျိုက္ကသာမြို့ဟောင်းနှင့် ၁၀ မိုင်သာကွာဝေးသဖြင့် ကြံ့တူယဉ်ကျေးမှုသည် ကျိုက္ကသာယဉ်ကျေးမှုနှင့် ဆက်စပ်မှုများရှိနိုင်ကြောင်း ပညာရှင်အချို့က ယူဆကြသည်။

ကြံ့တူဘုရားကုန်းသည် ပေ ၁၂၀ ပတ်လည်ရှိ၍ မြေပြင်မှ လူတစ်ရပ်ခန့်မြင့်သော ကုန်းမြင့်ပတ်လည်ကို အုတ်တံတိုင်းကာရံထားသည်။ ထိုကုန်းပေါ်တွင် ပစ္စယာတစ်ဆင့်ခံလျက် စေတီနှစ်ဆူကို အရှေ့အနောက်ယှဉ်၍ တည်ထားသည်။ စေတီတော်များသည် သီးခြားဘွဲ့များမရှိခဲ့ဘဲ နောင်တော်ကြီးစေတီနှင့် နောင်တော်လေးစေတီဟုသာ ခေါ်ဆိုခဲ့ကြသည်။

ခရစ်နှစ် ၁၃ ရာစုနှင့် ၁၄ ရာစုဝန်းကျင်တွင် မုတ္တမမှ သူကြွယ်မိသားစုနှစ်စုသည် နောက်လိုက်နောက်ပါများနှင့်အတူ ကြံ့တူသို့ ပြောင်းရွှေ့လာခဲ့ကြကာ ကျေးရွာထူထောင် နေထိုင်ခဲ့ကြကြောင်းနှင့် ထိုမိသားစုနှစ်စုမှ သားငယ်တစ်ယောက်နှင့် သမီးငယ်တစ်ယောက်တို့သည် ကြံ့တူရွာတွင် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့သည့် အထိမ်းအမှတ်အဖြစ် စေတီနှစ်ဆူကို တည်ထားခဲ့ကြောင်း အစဉ်အဆက် ပြောဆိုခဲ့ကြသည်။

စေတီညီနောင်နှစ်ဆူအနက် ညီတော်စေတီ ပြိုပျက်ခဲ့သဖြင့် ၂၀၁၂ ခုနှစ်ဝန်းကျင်က ပြန်လည်ပြုပြင်ခဲ့ရာတွင် ဖယ်ရှားခဲ့ရသည့် အုတ်ကျိုးများနှင့်အတူ ဂဝံကျောက်တုံးများကို ရရှိခဲ့သည်။ စေတီတော်ကို မူလတည်ခဲ့စဉ်က ဂဝံကျောက်များကို အောက်ခံစီပြီး အပေါ်တွင် စေတီတော်ကို အုတ်များဖြင့် တည်ထားခဲ့ကြောင်း တွေ့ရှိကြရသည်။ ယင်းအချက်ကြောင့် ကြံ့တူသည် မွန်လူမျိုးများ၏ ဂဝံယဉ်ကျေးမှု ထွန်းကားခဲ့သည့်နေရာတစ်ခု ဖြစ်နိုင်ကြောင်း သုတေသီများက ယူဆကြသည်။ ယခုအချိန်တွင် စေတီဟောင်းများကို ပြုပြင်ထားသဖြင့် မူလလက်ရာများ မရှိတော့ပါချေ။

စေတီတော်နှစ်ဆူ၏ အရှေ့တောင်ဘက်တွင် အလျားပေ ၁၅၀၊ အနံပေ ၁၀၀ ရှိသော မြစိမ်းကန်ဟုခေါ်သည့် ရေကန်ဟောင်းတစ်ခုကို ယနေ့တိုင် မြင်တွေ့ရသည်။ ကန်အနက်သည် ပေ ၂၀ ရှိသည်ဟု ဆိုကြပြီး ကန်ပတ်လည်တွင် စီထားသောအုတ်များသည် ပြိုကျလျက်ရှိသည်။ ရေကန်အောက်ခြေ၊ ကန်ရေစပ်တွင် ရှေးအုတ်များဖြင့်စီထားသော အုတ်ရိုးရှိသည်။ အုတ်ချပ်များသည် အလျား ၁၈လက်မ၊ အနံကိုးလက်မ၊ ထုသုံးလက်မ ရှိသည်။ ယင်းအရွယ် အုတ်ချပ်များကို ပျူယဉ်ကျေးမှုထွန်းကားခဲ့သည့် သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်းမြို့ဟောင်းများတွင်လည်း တွေ့ရှိရသည်။

ကြံ့တူဘုရားဝင်းအတွင်းရှိ အဆိုပါရေကန်မှ ၁၉၃၆ ခုနှစ်တွင် မြေမီးဖုတ်ရုပ်ကြွများ ရရှိခဲ့သည်။ ယင်းတို့အနက် ရုပ်ကြွတစ်ခုကို ထိုစဉ်က ကမ္ဘည်းကျောက်စာဝန် ဒူရွိုင်ဇယ်က သွားရောက်ကြည့်ရှုခဲ့သည်။ ကြံ့တူ မြေမီးဖုတ်ရုပ်ကြွသည် လက်ရာသေသပ်ကောင်းမွန်လှကြောင်း ၁၉၃၅-၁၉၃၆ ခုနှစ်တွင် ထုတ်ဝေသည့် အိန္ဒိယရှေးဟောင်းသုတေသန အစီရင်ခံစာတွင် ဒူရွိုင်ဇယ်က ယင်းတွေ့ရှိချက်ကို အစီရင်ခံဖော်ပြခဲ့သည်။

ကြံ့တူ မြေမီးဖုတ်ရုပ်ကြွသည် ၁၈ လက်မပတ်လည် စတုရန်းပုံရှိပြီး လေးလက်မခန့် ထူသည်။ ရုပ်ကြွ၏အလယ်တွင် ကချေသည်ရုပ်များနှင့် သီဆိုတီးမှုတ်နေကြသည့်ပုံများ ပါဝင်ကာ စက်ဝိုင်းနှစ်ထပ်အတွင်း ဇီနွှဲစက်များ ခြံရံထားသည်။ မြေမီးဖုတ်ရုပ်ကြွနှင့်အတူ ရေကန်အတွင်းမှ ဂဝံခြင်္သေ့ရုပ်နှစ်ခုကို ရရှိခဲ့ပြီး ထိုခြင်္သေ့ရုပ်များကို ရေကန်အနီး၌ပင် အမိုးအကာအောက်၌ ပြသထားသည်။ အနီရောင် ဂဝံခြင်္သေ့နှစ်ကောင်ကို ဆောင့်ကြောင့်ထိုင်နေသည့်ပုံစံ ထုဆစ်ထားပြီး နှစ်ကောင်လုံးသည် ရှယ်တူများဖြစ်ကြကာ ခုနစ်ပေနီးပါးစီ မြင့်ကြသည်။ သို့သော်လည်း ခြင်္သေ့များသည် ရာသီဥတုဒဏ်ကို ခံထားခဲ့ကြရသဖြင့် ပီပြင်မှုနည်းပါးနေပြီဖြစ်သည်။

ကန်အတွင်းမှ ပျူခေတ်လက်ရာ လက်ရေးစင်းပါသော အုတ်များရရှိခဲ့ကြောင်းနှင့် ယင်းအုတ်ချပ်များကို ရှေးဟောင်းသုတေသနဦးစီးဌာနသို့ ပေးပို့ခဲ့ကြောင်း သိရှိခဲ့ရသည်။ ထိုအုတ်ချပ်များသည် အလျား ၁၅ လက်မခွဲ၊ အနံ ခုနစ်လက်မခွဲ၊ ထု နှစ်လက်မခွဲအရွယ် အုတ်တစ်ချပ်၊ အလျား ၁၈ လက်မခွဲ၊ အနံကိုးလက်မ၊ ထု နှစ်လက်မခွဲအရွယ် အုတ်တစ်ချပ်နှင့် အလျား ၁၅ လက်မခွဲ၊ အနံ ရှစ်လက်မခွဲ၊ ထုသုံးလက်မအရွယ် အုတ်တစ်ချပ်ဖြစ်ကြောင်း သိရှိရသည်။

လက်ရေးစင်းများပါသော အုတ်များကို ပျူခေတ်အုတ်များဟု ယေဘုယျအားဖြင့် သတ်မှတ်ထားကြသည်။ ကြံ့တူမှတွေ့ရှိရသည့် လက်ရေးစင်းပါအုတ်များပေါ်တွင် ထောင့်ဖြတ်ကြက်ခြေခတ်ပုံ လက်ရေးစင်းသုံးကြောင်း၊ အလျားလိုက် ဘောင်ခတ် လက်ရေးစင်း၊ မျက်နှာပြင်ထိပ်တစ်ဖက်စီတွင် မျဉ်းကွေးစက်ဝိုင်းခြမ်းပုံ လက်ရေးစင်းသုံးကြောင်းနှင့် အလယ်တွင် ထောင်လိုက်လက်ရေးစင်းများကို တွေ့ရှိရသည်။

လက်ရေးစင်းပါအုတ်ချပ်များ တွေ့ရှိရခြင်းကြောင့် ကြံ့တူဘုရားကုန်းကို ပျူယဉ်ကျေးမှုထွန်းကားခဲ့ခြင်းရှိမရှိ သုတေသနပြုရန် လိုအပ်ပေသည်။ ရေကန်အတွင်းမှ မွန်ယဉ်ကျေးမှု ဂဝံခြင်္သေ့ရုပ်နှစ်ခုကိုလည်း တွေ့ရှိထားရသဖြင့် မွန်ယဉ်ကျေးမှုနှင့် ပျူယဉ်ကျေးမှုနှစ်ခုသည် တစ်နေရာတည်း၌ မည်သို့တည်ရှိနေသည်ကို ဖော်ထုတ်နိုင်ရန် သုတေသီများ ဆောင်ရွက်ကြမည်ဟု ယူဆမိပါသည်။

သရေခေတ္တရာတူးဖော်မှုများကို ဆောင်ရွက်ခဲ့သူ မစ္စတာချားလ်စ်ဒူရွိုင်ဇယ်(Mr.Duroiselle)သည် ၁၉၃၆ ခုနှစ်တွင် ကြံ့တူသို့ ပထမဆုံးရောက်ရှိခဲ့သည်။ ဒူရွိုင်ဇယ်သည် ကမ္ဘည်းကျောက်စာဌာန တာဝန်ခံနှင့် ရန်ကုန်တက္ကသိုလ် ပါဠိဘာသာ ပါမောက္ခတာဝန်ကို ၁၉၂၀ ပြည့်နှစ်တွင် ပူးတွဲထမ်းဆောင်ခဲ့သည့် ပြင်သစ်လူမျိုးပညာရှင် ဖြစ်သည်။ ၁၉၂၆ ခုနှစ်တွင် သရေခေတ္တရာမြို့ဟောင်း၊ ကုလားကန်ကုန်းကျေးရွာအနီးရှိ ဦးခင်ဘပိုင်ယာခင်းအတွင်းမှ စေတီပျက်ကုန်းကို တူးဖော်ခဲ့သည်။ ဦးခင်ဘကုန်းသည် ဗုဒ္ဓအဘိဓမ္မာနှင့် ဝိနည်းတော်ကောက်နုတ်ချက်များ ရေးသားထားသည့် ရွှေပေလွှာချပ် ၂၀ အပါအဝင် သမိုင်းနှင့် ယဉ်ကျေးမှုတန်ဖိုးကြီးမားသည့် ရှေးဟောင်းပစ္စည်း ၄၀၀ ကျော် တူးဖော်တွေ့ရှိခဲ့သည့် ဌာပနာတိုက်ခန်းရှိသော နေရာဖြစ်သည်။

ဒူရွိုင်ဇယ်သည် ၁၉၃၁ ခုနှစ်တွင် ကမ္ဘည်းကျောက်စာဌာန တာဝန်ခံအဖြစ်မှ အငြိမ်းစားယူခဲ့သော်လည်း ၁၉၃၅ ခုနှစ်တွင် ကျောက်စာဝန်ဖြစ်လာသူ ဦးလူဖေဝင်းကို လေ့ကျင့်မှုများပြုလုပ်ပေးရန် အလုပ်ပြန်လည်ခန့်ထားခြင်း ခံခဲ့ရသည်။ ထိုစဉ်က ကမ္ဘည်းကျောက်စာဝန်ရုံးကို မန္တလေးတွင် ဖွင့်လှစ်ထားခဲ့သည်။ ဒူရွိုင်ဇယ်သည် ၁၉၃၆ ခုနှစ် နှစ်ဆန်းပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မှုခင်းစုံစမ်းဖော်ထုတ်ရေးဌာန(စီအိုင်ဒီ) ကျောင်းအုပ်ကြီး



ကြံ့တူ မြေမီးဖုတ်ရုပ်ကြွတစ်ခု

ဦးဘသော်ထံမှ ကြံ့တူတွင် မြေမီးဖုတ်ရုပ်ကြွများတွေ့ရှိရကြောင်း စာတစ်စောင်ရရှိခဲ့သဖြင့် အင်းစိန်သို့သွားရောက်ကာ မြို့နယ်ပညာရေးစစ်ဆေးရေးမှူး ဒေါ်မြစိန်အိမ်တွင်ရှိနေသည့် ကြံ့တူဘုရား မြေမီးဖုတ်ရုပ်ကြွတစ်ခုကို သွားရောက်ကြည့်ရှုခဲ့သည်။ ဒေါ်မြစိန်သည် အဆိုပါရုပ်ကြွကို ကြံ့တူဆရာတော်ထံမှ တောင်းယူထားခဲ့ခြင်းဖြစ်သည်။

ဒူရွိုင်ဇယ်သည် ကြံ့တူသို့ရောက်ရှိခဲ့စဉ် ကြံ့တူအနီးဝန်းကျင်ဒေသများကို နေရာအနှံ့ သွားရောက်လေ့လာခဲ့သည်။ ဒူရွိုင်ဇယ်က ကြံ့တူဘုရားကုန်းမှ တွေ့ရှိရသည့် မြေမီးဖုတ်ရုပ်ကြွများသည် အရှေ့ဘင်္ဂလားဒေသ၊ အိန္ဒိယတိုင်းသားတို့၏ အနုလက်ရာဖြစ်ကြောင်း လူရုပ်ပုံများ၏ ဆံပင်ထုံးဖွဲ့ပုံကို ကြည့်၍သိရကြောင်း ပြောဆိုခဲ့သည်။ ဒူရိုင်ဇယ်သည် ကြံ့တူဘုရားကုန်းမှ အရှေ့ဘက်ရှိ ခလွန်ဘုရားကုန်းတွင် ဂဝံကျားရုပ်ငယ်နှစ်ခုကို တွေ့ရှိခဲ့သည်ဟု ဆိုခဲ့သည်။

ဒူရွိုင်ဇယ်သွားခဲ့သည့် ခလွန်ဘုရားကုန်းသို့ ကျွန်တော်တို့ရောက်ရှိချိန်တွင် ကျားရုပ်ဆိုသည့် ဂဝံရုပ်နှစ်ခုကို ကုန်း၏အခြေအနီးတွင် ချုံမြက်များအတွင်း မြုပ်နေသည် တွေ့ရှိခဲ့ရသည်။ အရုပ်များကို ရစ်ပတ်နေသည့်အပင်များကို ရှင်းလိုက်ချိန်တွင် ကျားနှင့်ပုံစံတူသည့် အရုပ်နှစ်ခုကို ထင်ရှားစွာတွေ့ရှိကြရသည်။ ထိုအရုပ်များကို ဒဂုံတက္ကသိုလ် ရှေးဟောင်းသုတေသနဌာနမှ ဂဝံယဉ်ကျေးမှု သုတေသနပြုလုပ်နေသူ ကထိက ဆရာဦးမောင်မောင်လွင်(စာရေးဆရာအိမ်မွန်)က ကျားရုပ်များမဟုတ်နိုင်ဘဲ တင်ပလ္လင်ခွေထိုင်နေသည့် ဘုရားရုပ်ပွားတော်များ ခါးအထက်ပိုင်းပြတ်နေခြင်းဖြစ်ကြောင်း သုံးသပ်ခဲ့သည်။ ကုန်းပေါ်မှာပင် လက်စင်းရာပါသော အုတ်များ၊ စပါးခွံရာများ ပေါ်လွင်နေသည့်အုတ်များကို တွေ့ရှိခဲ့ရသည်။

ကြံ့တူမှ တွေ့ရှိခဲ့ရသည့် မြေမီးဖုတ်ရုပ်ကြွများကို ဆရာဦးစံဝင်း (သမိုင်းသုတေသန)က သူ၏ အမျိုးသားစာပေဆုရ ‘သုဝဏ္ဏဘူမိသုတေသန’စာအုပ်တွင် အသေးစိတ်ရေးသားထားသည်။ ကြံ့တူဘုရားကုန်း၏ တောင်ဘက်မဟာရံတံတိုင်းသည် ပေ ၂၄၀ ရှည်လျားကာ ယခင်က တံတိုင်းပေါ်တွင် စဉ့်ကွင်းပုံရုပ်ကြွများ ကပ်ထားခဲ့သော်လည်း ယခုအခါတွင် ပြိုကျပျက်စီးခဲ့ပြီဖြစ်သည်။

ကြံ့တူဘုရားဂေါပကအဖွဲ့သည် ဘုရားပြုပြင်စဉ်က ရရှိခဲ့သော ရုပ်ကြွများအပါအဝင် ရှေးဟောင်းပစ္စည်းအချို့ကို ၁၉၉၈ ခုနှစ်တွင် ရှေးဟောင်းသုတေသနဦးစီးဌာန(ပဲခူး)သို့အပ်နှံခဲ့သည်။ ယင်းပစ္စည်းများအနက် အလျား ၁၉ လက်မ၊ အနံ ၁၇ လက်မနှင့် အထူ ငါးလက်မအရွယ် အုတ်ချပ်တစ်ခုလည်း ပါဝင်ခဲ့သည်။ ထိုအုတ်ချပ်ပေါ်တွင် သားကောင်ကိုဖမ်းထားသည့် မိခင်ခြင်္သေ့မကြီးကို သားသမီးခြင်္သေ့ငယ်များက ကြည့်နေပုံကို ထုလုပ်ထားသည်။ ခြင်္သေ့လည်ဆံများကိုပါ ထည့်သွင်းထုလုပ်ထားသည့် ယင်းအုတ်ချပ်ကို ရှေးဟောင်းသုတေသနဦးစီးဌာန(ပဲခူး)တွင် ထိန်းသိမ်းထားကြောင်း သိရှိရသည်။

ယင်းအုတ်ချပ်နှင့်အတူ အုတ်ကျိုးအပိုင်း ၁၁ ခုကိုလည်း တွေ့ရှိခဲ့ရာ ကြံ့တူသည် အတိတ်သမိုင်းကို ဖော်ထုတ်ပေးနိုင်မည့် ရှေးဟောင်းနယ်မြေတစ်ခုဟု ယူဆမိပါသည်။ ယင်းတို့အနက် ဗုံတီးနေသည့်ပုံ၊ ပလွေမှုတ်နေသည့်ပုံ အရုပ်သုံးရုပ်ပါ အုတ်ချပ်၊ နွားရုပ်ပါသောအုတ်ချပ်၊ ကနုတ်များပါသော အုတ်ချပ်များလည်း ပါဝင်သည်။ ယင်းတို့သည် အပိုင်းအစများဖြစ်ကြပြီး ရေကန်အတွင်းမှပင် ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ ကြံ့တူဘုရားဝင်း အုတ်တံတိုင်းများပြုပြင်စဉ် အဆိုပါအုတ်ချပ်များနှင့် အလားတူအုတ်ချပ်များကို ရရှိခဲ့သည်။ အငြိမ်းစားကျောက်စာဝန် သီရိပျံချီ ဆရာကြီးဦးမြ၏ ‘ရှေးဟောင်း အုတ်ခွက်ရုပ်ပွားဆင်းတုတော်များ’ စာအုပ်တွင် ကြံ့တူအုတ်ခွက်တစ်ခုကို ဓာတ်ပုံနှင့်တကွ ဖော်ပြထားသည်။

ကြံ့တူသည် တစ်ချိန်သောကာလက ဂဝံယဉ်ကျေးမှုထွန်းကားခဲ့သည့် နေရာတစ်ခုဖြစ်ခဲ့ကြောင်း ကြံ့တူမှရရှိခဲ့သော ဂဝံရုပ်တုများ၊ အုတ်ချပ်များ၊ မြေမီးဖုတ်ရုပ်ကြွများက သက်သေပြလျက်ရှိနေသည်။ သုတေသနပြုလုပ်မှုနည်းပါးသေးသည့် ကြံ့တူဒေသတွင် ယခုတိုင် ဂဝံယဉ်ကျေးမှု အကြွင်းအကျန်များ၊ လက်စင်းပါအုတ်များ၊ မြေမီးဖုတ်ရုပ်ကြွများကို မြင်တွေ့ကြရသည်။ ဘုရားကုန်း၏ အရှေ့ဘက်တွင် ဂဝံတုံးအပိုင်းအစများစွာကို တွေ့ရှိခဲ့ရသည်။ ဘုရားဂေါပကအဖွဲ့က ထိန်းသိမ်းထားသည့် ကျိုးပဲ့နေသော မြေမီးဖုတ်ရုပ်ကြွများကိုလည်း တွေ့မြင်ခဲ့ရပေသည်။ ကောင်းမွန်သောပစ္စည်းများကို ရှေးဟောင်းသုတေသနဦးစီးဌာနသို့ လွှဲပြောင်းပေးထားပြီးဖြစ်သည်။

မည်သို့ပင်ဖြစ်စေ တစ်ချိန်သောကာလက မြန်မာနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတစ်ခုဖြစ်ခဲ့သည့် ကြံ့တူကို သုတေသီများ ဆက်လက်သုတေသနပြုကြခြင်းဖြင့် ယဉ်ကျေးမှုအစိတ်အပိုင်းများစွာကို ဆက်စပ်ဖော်ထုတ်နိုင်မည်ဟု ယူဆမိပါသည်။



ကြံ့တူ ဂဝံခြင်္သေ့ရုပ်

**လက်ရေးစင်းပါအုတ်ချပ်များ တွေ့ရှိရခြင်းကြောင့် ကြံ့တူဘုရားကုန်းကို ပျူယဉ်ကျေးမှုထွန်းကားခဲ့ခြင်းရှိမရှိ သုတေသနပြုရန် လိုအပ်ပေသည်။ ရေကန်အတွင်းမှ မွန်ယဉ်ကျေးမှု ဂဝံခြင်္သေ့ရုပ်နှစ်ခုကိုလည်း တွေ့ရှိထားရသဖြင့် မွန်ယဉ်ကျေးမှုနှင့် ပျူယဉ်ကျေးမှုနှစ်ခုသည် တစ်နေရာတည်း၌ မည်သို့တည်ရှိနေသည်ကို ဖော်ထုတ်နိုင်ရန် သုတေသီများ ဆောင်ရွက်ကြမည်ဟု ယူဆမိပါသည်**

# လေထုအရည်အသွေး ဝိုင်းဝန်းထိန်းသိမ်းပေး

**သတင်းဆောင်းပါး**
**ထင်ပေါ်ဝင်း(ကမာရွတ်)**

မော်တော်ယာဉ်များ၊ စက်ရုံအလုပ်ရုံများ၊ လူနေအိမ်နှင့် ဆောက်လုပ်ရေးလုပ်ငန်းများမှ ထုတ်လွှတ်သော ဓာတ်ငွေ့များကြောင့် လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည်။ လေထုလွှာအတွင်း မလိုလားအပ်သည့် ဓာတုပစ္စည်းနှင့် အခြားအရာများပါဝင်နေမှုကြောင့် လေအရည်အသွေးကျဆင်းခြင်းကို လေထုညစ်ညမ်းမှုဟူ၍ ပညာရှင်များက အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ယခုအခါ လေထုညစ်ညမ်းမှုသည် ကမ္ဘာပေါ်ရှိမြို့ကြီးများတွင် အဓိကရင်ဆိုင်နေရသည့် ပြဿနာတစ်ရပ်ဖြစ်သည်။ ကျေးလက်ဒေသများမှ မြို့ကြီးများသို့ ပြောင်းရွှေ့နေထိုင်မှု များပြားလာခြင်း၊ စက်မှုနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ များပြားလာခြင်း၊ မော်တော်ကား၊ ဆိုင်ကယ်၊ ရထား၊ သင်္ဘော၊ လေယာဉ်များ အသုံးပြုမှု များပြားလာခြင်းတို့ကြောင့် လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လာစေသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှု ထိန်းသိမ်းရေး မူဝါဒစီမံကိန်းများ၊ စံသတ်မှတ်ချက်များ မပြည့်စုံခြင်းသည် နိုင်ငံများ၏ လေထုအရည်အသွေး လျော့နည်းကျဆင်းမှုကို ဖြစ်ပေါ်စေသည်။

လေထုညစ်ညမ်းမှုကို ဖြစ်စေသည့်အရာများမှာ ကမ္ဘာ့လေထုထဲတွင် အမျိုးပေါင်း ၁၀၀ ကျော်ခန့်ရှိကြောင်း သိရသည်။ လူနေထူထပ်သည့် မြို့ကြီးများ၏ လေထုထဲတွင် ဘေးအန္တရာယ်ဖြစ်စေသည့် ဓာတ်ငွေ့များဖြစ်သော အော်ဂဲနစ်ကွန်ပေါင်းများ၊ ဆာလဖာဒိုင်အောက်ဆိုဒ်များ၊ နိုက်ထရိုဂျင်အောက်ဆိုဒ်များ၊ ကာဗွန်မိုနော့ဆိုဒ်များ၊ အိုဇုန်းနှင့် အမှုန်အမွှားများကို အများဆုံးတွေ့ရသည်။ စက်ရုံ အလုပ်ရုံနှင့် ယာဉ်အမျိုးမျိုးတို့မှထွက်သော မီးခိုးနှင့်ဓာတ်ငွေ့များ၊ ဆောက်လုပ်ရေးလုပ်ငန်းများမှ ထွက်လာသောအမှုန်များ၊ မီးလောင်ကျွမ်းမှုမှ ထွက်လာသော ပြာမှုန့်များက လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည်။

လေထုညစ်ညမ်းမှုသည် လူတို့၏ကျန်းမာရေးကို များစွာထိခိုက်စေသည့်အပြင် တိရစ္ဆာန်၊



**ကမာရွတ်မြို့နယ် လှည်းတန်းမီးပွိုင့်အနီးတပ်ဆင်ထားသော လေထုအရည်အသွေး တိုင်းတာရေးစက်**

အပင်နှင့် သက်ရှိသက်မဲ့ပစ္စည်းများကိုလည်း ထိခိုက်ပျက်စီးစေသည်။ လူတို့တွင် ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ ယားယံခြင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဝေဒနာများ၊ အဆုတ်နှင့် သက်ဆိုင်သော ရောဂါများ၊ ကင်ဆာရောဂါအပြင် အခြားရောဂါအမျိုးမျိုးတို့ကိုလည်း ဖြစ်ပေါ်စေနိုင်သည်။ နှစ်စဉ် ကမ္ဘာပေါ်တွင် လေထုညစ်ညမ်းမှုကြောင့် လူဦးရေနှစ်သန်းခန့်သည် အရွယ်မတိုင်မီ သေဆုံးရကြောင်းနှင့် ယင်းပမာဏ၏ ထက်ဝက်ကျော်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ဖြစ်ကြောင်း သိရသည်။

လေထုညစ်ညမ်းမှုပြဿနာသည် နေရာဒေသတစ်ခုတည်းတွင်သာ အကျိုးဆက်များကို ခံစားရသည် မဟုတ်ဘဲ လေတိုက်ခတ်မှုနှုန်းနှင့် လေတိုက်ခတ်သည့်လားရာအပေါ်မူတည်ကာ နေရာရွှေ့လျားတတ်သည့် သဘောရှိကြောင်း သိရသည်။ ၁၉၉၇ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံတွင် လောင်ကျွမ်းသောတောမီးကြောင့် အိမ်နီးချင်းနိုင်ငံများဖြစ်သော မလေးရှား၊ စင်ကာပူ၊ ဘရူနိုင်းနှင့် ထိုင်းနိုင်ငံများတွင် လေထုညစ်ညမ်းမှုပြဿနာများရင်ဆိုင်ကြုံတွေ့ရပြီး ကျောင်းနှင့် လေဆိပ်များ ပိတ်ထားခဲ့ရကာ စီးပွားရေး၊ ကျန်းမာရေးစသော နောက်ဆက်တွဲပြဿနာများကို ဖြေရှင်းခဲ့ကြရသည်။

**မြန်မာနိုင်ငံတွင် ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်၏ ပံ့ပိုးမှုဖြင့် လေထုအရည်အသွေး တိုင်းတာသည့်စက်ကို အသုံးပြုကာ ၂၀၀၇၊ ၂၀၀၈ ခုနှစ်တွင် ရန်ကုန်မြို့၌လည်းကောင်း၊ ၂၀၀၈ ခုနှစ်တွင် မန္တလေးမြို့၌လည်းကောင်း လေထုအရည်အသွေးကို တိုင်းတာနိုင်ခဲ့ကြောင်း သိရသည်။ ထိုသို့ တိုင်းတာခဲ့ရာ လေထုထဲတွင် အချင်း မိုက်ခရို ၁၀ ထက်ငယ်သော အမှုန်ပါဝင်မှု အခြေအနေမှာ ရှိသင့်ရှိထိုက်သည့်စံနှုန်းထက် ပိုမိုဆိုးဝါးနေ**

မြန်မာနိုင်ငံတွင် ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်၏ ပံ့ပိုးမှုဖြင့် လေထုအရည်အသွေး တိုင်းတာသည့်စက်ကို အသုံးပြုကာ ၂၀၀၇၊ ၂၀၀၈ ခုနှစ်တွင် ရန်ကုန်မြို့၌လည်းကောင်း၊ ၂၀၀၈ ခုနှစ်တွင် မန္တလေးမြို့၌လည်းကောင်း လေထုအရည်အသွေးကို တိုင်းတာနိုင်ခဲ့ကြောင်း သိရသည်။ ထိုသို့ တိုင်းတာခဲ့ရာ လေထုထဲတွင် အချင်း မိုက်ခရို ၁၀ ထက်ငယ်သော အမှုန်ပါဝင်မှုအခြေအနေမှာ ရှိသင့်ရှိထိုက်သည့် စံနှုန်းထက် ပိုမိုဆိုးဝါးနေပြီး ဆာလဖာဒိုင်အောက်ဆိုဒ်နှင့် နိုက်ထရိုဂျင်အောက်ဆိုဒ်တို့မှာ စံနှုန်းများနှင့် နှိုင်းယှဉ်ပါက လေအရည်အသွေး ကောင်းမွန်ကြောင်း ထိုစဉ်က တွေ့ရှိရသည်။

မြန်မာနိုင်ငံတွင် မော်တော်ယာဉ်ဥပဒေ၊ စက်မှုလုပ်ငန်းဥပဒေ၊ စည်ပင်သာယာရေးကော်မတီဥပဒေများ၊ ပြည်သူ့ကျန်းမာရေးဥပဒေများကို ထုတ်ပြန်ထားပြီးဖြစ်ရာ လေထုညစ်ညမ်းမှု ထိန်းချုပ်ရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများအနေဖြင့် ဥပဒေပါ စည်းမျဉ်းစည်းကမ်းများအတိုင်း လက်တွေ့ဆောင်ရွက်နိုင်ရန် အရေးကြီးပေသည်။

ထို့ကြောင့် ပြည်သူများအနေဖြင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်စေနိုင်သည့် အကြောင်းအရာများ၊ ထိခိုက်မှုများနှင့်ကာကွယ်မှုများကို ဂရုပြု၍ နေထိုင်ဆောင်ရွက်ကြခြင်းဖြင့် လေထုညစ်ညမ်းမှုအန္တရာယ်ကို လျော့နည်းစေပြီး ကျန်းမာရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# ရာသီဥတုပူပြင်းမှုကြောင့် ကျွန်းပိုင်းဒေသ ပဲတီစိမ်း စိုက်ခင်းများ ပျက်စီး

**ရေစကြို မေ ၂၅**
မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ကျွန်းပိုင်းဒေသတွင်း စိုက်ပျိုးထားသည့် ပဲတီစိမ်းစိုက်ခင်းအများအပြားမှာ ရာသီဥတုပူပြင်းမှုဒဏ်ကြောင့် ပျက်စီးမှုဖြစ်ပေါ်နေကြောင်း သိရှိရသည်။

"ကျွန်တော်တို့ ကျွန်းပိုင်းဒေသက ဆောင်းသီးနှံအပြီး သီးနှံအဖြစ် ပဲတီစိမ်းနဲ့ နှမ်းကို အားထားပြီး စိုက်ပျိုးကြရတဲ့ ဒေသဖြစ်ပါတယ်။ နွေသီးနှံတွေ စိုက်တဲ့အခါမှာလည်း မိုးတွင်း မြစ်ရေမတက်မီ ရိတ်သိမ်းခြွေလှေ့ပြီးအောင် အချိန်ကိုက် စိုက်ပျိုးကြရပါတယ်။ ဒီနှစ်မှာတော့ ရာသီဥတုပူပြင်းလို့လား မသိဘူး။ ပဲတီစိမ်းတွေ ပွင့်သမျှ ကြွေကျပြီး ကျန်တဲ့အပွင့်က အသီးတွေကလည်း မအောင်မမြင်နဲ့ နှမ်းတွေကလည်း တစ်တောင်လောက်ပဲဖြစ်ထွန်းပြီး အသီးတွေကလည်း ပိန်လှီနေတာပဲ။ တချို့တောင်သူတွေကတော့ အခင်းတွေ ဖျက်ပစ်ကြသလို၊ တချို့ကလည်း အရဲစွန့်ပြီး CP အစေ့ထုတ်ပြောင်းတွေ စိုက်ကြတယ်"ဟု ဘုန်းတော်ပြည့်ကျေးရွာမှ တောင်သူ ဦးတင်မောင်မြင့်က ပြောပြသည်။

ရေစကြိုမြို့နယ်တွင် နှစ်စဉ် နွေနှမ်း ဧက ၈၀၀၀ ကျော်နှင့် ပဲတီစိမ်း ဧက ၂၀၀၀၀ နီးပါးစိုက်ပျိုးကြကြောင်း သိရှိရသည်။
**ဖေထွဏ်းဇော်(ရေစကြို)**

# ရေပြတ်လပ်နေသောကျေးရွာသို့ သောက်သုံးရေများပို့ဆောင်ပေး

**ငပုတော မေ ၂၅**
ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းမှ ရေပြတ်လပ်နေသည့် ကြပ်စင်ချောင်းကျေးရွာအုပ်စု ချောင်းဝကျေးရွာအတွက် သောက်သုံးရေများကို မြို့နယ် သောက်သုံးရေဖြန့်ဖြူးရေး ကြီးကြပ်မှုကော်မတီနှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မေ ၂၃ ရက်က ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ငပုတောမြို့မဆိပ်ခံတံတားရှိ ရေသယ်စက်လှေများထံသို့ သောက်သုံးရေများကို မြို့နယ် သောက်သုံးရေဖြန့်ဖြူးရေး ကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းအောင်နှင့် ဝန်ထမ်းများက မီးသတ်ယာဉ်များ၊ ရေသယ်ယာဉ်များဖြင့် ပေးပို့ဖြန့်ဝေပေးခြင်းဖြစ်ကာ ရေဂါလန် ၁၆၀၀ ကို ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် ကံကွင်းကျေးရွာသို့ ရေဂါလန် ၈၀၀ နှင့် ဒယ်ကုန်းကျေးရွာသို့ ရေဂါလန် ၈၀၀ ကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ ရေပေးဝေသည့် ရေသယ်ယာဉ်များအတွက် စက်သုံးဆီကုန်ကျစရိတ်များကို ငပုတောမြို့ ကောင်းသန့်ရေသန့်အရောင်းဆိုင်က လှူဒါန်းပေးခဲ့သည်။
**(မြို့နယ် ပြန်ဆက်)**



# ရေနံချောင်းမြို့ရှောင်လမ်းကို နှစ်လမ်းသွားအဆင့် တိုးချဲ့နေ

**ရေနံချောင်း မေ ၂၅**
မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်ရှိ အရှည်လေးမိုင်ခန့်ရှိသော မြို့ရှောင်လမ်းကို ပြည်သူများသွားလာမှုအဆင်ပြေစေရန်အတွက် တစ်လမ်းသွားအဆင့်မှ နှစ်လမ်းသွားအဆင့်သို့ တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါလမ်းကို ယခင်က တစ်လမ်းသွားစနစ်ဖြင့် ဖောက်လုပ်ထားသည့်အတွက် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများအနေဖြင့် သွားလာရေးအဆင်မပြေမှုများနှင့် ကြုံတွေ့ခဲ့ရသဖြင့် ဒေသခံ ပြည်သူများနှင့် ခရီးသွားပြည်သူများ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ မောင်းနှင်သွားလာရာတွင် ယာဉ်အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်သွားလာနိုင်စေရန်ရည်ရွယ်၍ ယခုအခါ နှစ်လမ်းသွားအဆင့်သို့ တိုးချဲ့ပြုပြင်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။ လမ်းတိုးချဲ့ပြုပြင်မှု ပြီးစီးပါက ဒေသခံပြည်သူများအနေဖြင့် မကွေးမြို့သို့သွားလာရာတွင် ရေနံချောင်းမြို့ရှောင်လမ်းမှတစ်ဆင့် လွယ်ကူစွာမောင်းနှင်သွားလာနိုင်မည်ဖြစ်ပြီး ယာဉ်အန္တရာယ်လည်း ကင်းဝေးစေမည်ဖြစ်ကြောင်း ရေနံချောင်းမြို့ပေါ်မှ ဒေသခံပြည်သူတစ်ဦးက ပြောသည်။
**ရဲဝင်းနိုင်(ညောင်ဦး)**

# စတုတ္ထအကြိမ်မြောက် သက်ကြီးဘိုးဘွားများပူဇော်ပွဲကျင်းပ

**ရန်ကုန် မေ ၂၅**
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၈) ရပ်ကွက်၌ (L)ဘလောက်မိသားစုမှ နှစ်စဉ်စုပေါင်းကျင်းပပြုလုပ်မြဲဖြစ်သော အသက်(၇၅)နှစ်အထက် သက်ကြီးပူဇော်ပွဲကို စတုတ္ထအကြိမ်မြောက်အဖြစ် ဓမ္မရက္ခိတဓမ္မာရုံ၌ မေ ၂၃ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

သက်ကြီးပူဇော်ပွဲဖြစ်မြောက်ရေး ဥက္ကဋ္ဌဦးစိုးမြင့်က "ပူဇော်ထိုက်သူကို ပူဇော်ရခြင်းဖြစ်ပါတယ်၊ ဒီအသက်အရွယ် ကြီးရင့်လာကြတဲ့ အဘိုး၊ အဘွားများဟာ တစ်ချိန်တုန်းက ရပ်ရွာအကျိုး၊ တိုင်းပြည်အကျိုး၊ မိသားစုအကျိုးတွေကို ထမ်းဆောင်ခဲ့ကြပါတယ်၊ ခုလို အသက်အရွယ်ကြီးရင့်လာပြီဖြစ်တဲ့ နေဝင်ချိန်ကာလမှာ သူတို့အတွက် အားငယ်စိတ်တွေမဖြစ်အောင်လို့ ကျွန်တော်တို့ (L)ဘလောက် မိသားစုများက စုပေါင်းလှူဒါန်းကြတာပါ။ (L)ဘလောက် မိသားစုများက တစ်လတစ်ကြိမ် ထည့်ဝင်တဲ့ ဝင်ငွေများနဲ့ လှူဒါန်းတာပါ။ ကျွန်တော်တို့ ဒီလိုအသက် ၇၅ နှစ်အထက် သက်ကြီးပူဇော်ပွဲ နှစ်စဉ်ကျင်းပတာကို အနာဂတ်လူငယ်များက သက်ဝင်ယုံကြည်လာပြီး နှစ်စဉ် ကျင်းပဖြစ်သွားအောင်အတွက် ရပ်ကွက်အတွင်းမှာရှိနေကြတဲ့ လူငယ်များကို လက်တွဲခေါ်ပြီး နှစ်စဉ်နှစ်တိုင်း လုပ်ဆောင်သွားမှာပါ" ဟု ရှင်းပြသည်။

ကန်တော့ခံတစ်ဦးဖြစ်သော ရုပ်ရှင်သရုပ်ဆောင် ဦးရွှေခြံသန်းမြင့်က "အနုပညာသက်တမ်းမှာ သရုပ်ဆောင်လုပ်ခဲ့တာ ကြာပါပြီ။ ဟိုးအရင်ကက်ဆက်ခွေဇာတ်လမ်းတွေပေါ်ကတည်းက သရုပ်ဆောင်၊ ဒါရိုက်တာလုပ်ခဲ့တာပါ။ အဲဒီနောက်ပိုင်း အဘရဲ့အသံကို ရုပ်ရှင်ဒါရိုက်တာတွေက ကြိုက်နှစ်သက်ကြပြီး ခေါ်ယူခဲ့ကြလို့ သရုပ်ဆောင်ဖြစ်ခဲ့တာပါ။ လက်ရှိလည်း ရုပ်ရှင်သရုပ်ဆောင် လုပ်နေပါသေးတယ်။ ဒီလမှာပဲ အသက် ၇၅ နှစ် ပြည့်တာပါ၊ ခုလိုလှူဒါန်းတာ အင်မတန်ဝမ်းသာပါတယ်။ အဘတို့ သက်ကြီးရွယ်တွေကို အိုလို့မပယ်ဘဲ မပစ်ထားတဲ့ (L)ဘလောက် မိသားစုဝင်များ အားလုံးကို အထူးကျေးဇူးတင်ပါတယ်"ဟု ပီတိစကားဆိုသည်။

သက်ကြီးပူဇော်ပွဲတွင် သံဃာတော်များအား အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ကပ်လှူကာ အသက် ၇၅ နှစ်အထက် အဘိုးအဘွား ၆၇ ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၇၀၀၀၊ ဆေးဝါးနှင့် လူသုံးကုန်ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြပြီး အခမ်းအနားသို့ မတက်ရောက်နိုင်ကြသည့် ဘိုးဘွားများကိုလည်း အိမ်တိုင်ရာရောက် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။
**စိုးဝင်း(SP)**

# သမိုင်းဝင် ပုန်းတလုတ်ရေကန် ပြန်လည်တူးဖော်ရေးနှင့် ကန်ပတ်ဝန်းကျင် သန့်ရှင်းသာယာရေးဆောင်ရွက်မည်

**ပင်းတယ မေ ၂၅**
ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ပုန်းတလုတ်ရေကန် ပြန်လည်တူးဖော်ရေးနှင့် ရေကန်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို မေ ၂၆ ရက်မှစ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ မေ ၂၂ ရက်က ပြုလုပ်ခဲ့သည့် ရေကန်ပြန်လည်တူးဖော်ရေး ညှိနှိုင်းအစည်းအဝေးမှ သိရသည်။

အဆိုပါ အစည်းအဝေးတွင် ရှေးဟောင်းသမိုင်းဝင်ပုန်းတလုတ်ရေကန် ပြန်လည်တူးဖော်ရေးနှင့် ရေကန်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး လုပ်ငန်းစီမံချက်အဖွဲ့ဥက္ကဋ္ဌ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းမင်းထွဋ်က ပုန်းတလုတ် ရေကန် ရေခန်းခြောက်နေမှုအခြေအနေနှင့် လုပ်ဆောင်ရမည့် အချက်အလက်များကို အကြံပြုဆွေးနွေးပြီး ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးက လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များကိုဆွေးနွေးသည်။ ထို့နောက် ပုန်းတလုတ်ရေကန်အတွင်း ရေခန်းခြောက်နေမှုများအတွက် ရေအရင်းအမြစ်ရရှိနိုင်ရန် ဆောင်ရွက်ချက်များကို လက်ထောက်ညွှန်ကြားရေးမှူး (ရေအရင်းအမြစ်) ဦးမောင်မောင်လွင်က ရှင်းလင်းဆွေးနွေးသည်။

အစည်းအဝေးသို့ ပုန်းတလုတ်ရေကန် ပြန်လည်တူးဖော်ရေးနှင့် ရေကန်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းမင်းထွဋ်နှင့် အဖွဲ့ဝင်များ၊ ဒေသဦးစီးအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြကာ ပုန်းတလုတ်ရေကန် ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို မေ ၂၆ ရက်တွင်စတင်၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်ရန်အတွက် အလှူငွေကောက်ခံရာတွင် ငွေကျပ်သိန်း ၁၀၀ ရရှိထားပြီးဖြစ်ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

# တောင်လေပြင်းတိုက်ခတ်မှုကြောင့် ပဲတီစိမ်းစိုက်ခင်းများ ဖြစ်ထွန်းမှုနေးကွေး

**ညောင်ဦး မေ ၂၅**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်း၌ မြစ်ရေတင်များမှရေဖြင့် နွေပဲတီစိမ်းစိုက်ခင်းများကို စိုက်ပျိုးလျက်ရှိရာ ပွင့်ချိန်သီးချိန်ဖြစ်သော ယခုအချိန်တွင် တောင်လေပြင်းများ တိုက်ခတ်နေမှုကြောင့် အပင်များ ဖြစ်ထွန်းမှုနှေးကွေးနေကြောင်း တောင်သူများ၏ ပြောကြားချက်များအရ သိရသည်။

"ကျွန်တော်တို့ မနှစ်ကလည်း ပဲတီစိမ်းစိုက်ပါတယ်။ မနှစ်ကတုန်းက ပိုးလည်းမကျဘူး။ ဒီလို တောင်လေလည်း မတိုက်ဘူး။ ပဲတီစိမ်း တစ်ခွဲကျကိုတင်းသုံးဆယ်ရတယ်။ ဒီနှစ်လည်း တော်တော်ရနေပါပြီ။ ဒါပေမယ့် အခုလိုလေတိုက်တော့ အပွင့်တွေကြွေနိုင်တယ်။ ပိုးသတ်ဆေးလည်း ပက်လို့မရဘူး" ဟု အောက်ညဉ့်ရွာမှ နွေပဲတီစိမ်းစိုက်တောင်သူ ဦးမြင့်သန်းက ပြောသည်။

"ဒီနှစ်တော့ မနှစ်ကလောက် ရတော့မယ်မထင်တော့ဘူး။ တောင်လေတိုက်ပြီး မိုးအုံ့တော့ ပိုးလည်းကျနိုင်တယ်။ ဒီနှစ်က အခုလိုလေတိုက်နေတော့ ဘာလုပ်လို့လုပ်ရမှန်းကို မသိတော့ဘူး။ တောင်လေတိုက်တာ အတော်ဆိုးပါတယ်။ ခါတိုင်း ဒီလိုတန်ခူးလမှာ လေမတိုက်ဖူးပါဘူး။ နယုန်၊ ဝါဆိုလမှ တိုက်တာပါ။ ဒီနှစ်က နှစ်ဆန်းတစ်ရက်နေ့လောက်က လေတိုက်နေတာကြာပြီဆိုတော့ ပဲတီစိမ်းဖြစ်ထွန်းမှု နှေးကွေးသွားတယ်"ဟု အောက်ညဉ့်ရွာမှ ပဲတီစိမ်းစိုက်တောင်သူ ကိုအောင်ထွန်းဦးက ပြောသည်။

သူကောင်းတည်မြစ်ရေတင်မှရေဖြင့် ပဲတီစိမ်းစိုက်ပျိုးထားသည့် တောင်သူတစ်ဦးကလည်း "ကျွန်မတို့ ပဲတီစိမ်းတွေကတော့ လေတိုက်တာနဲ့ ကုန်သွားပြီ။ ရေသွင်းတော့လည်း ဆည်မြောင်းရေက ရှေ့က သွင်းတော့လည်း နောက်က ခြောက် ဖြစ်နေတယ်။ ပဲတီစိမ်းက မျှော်လင့်ချက် မရှိတော့ဘူး"ဟု ပြောသည်။
**ကျော်ငွေး(ညောင်ဦး)**

# နာနတ်သီးအထွက်နောက်ကျ၍ ခြံပြတ်ဝယ်ယူသူများ အမြတ်ကျန်ရန် ကြိုးစား၍လုပ်နေရ



**သုဝဏ္ဏဝတီမြို့ မေ ၂၅**
မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ အနီးပတ်ဝန်းကျင် ကျေးရွာများတွင် ယခုနှစ် နာနတ်သီးအထွက်နောက်ကျသောကြောင့် နာနတ်ခြံရှင်များထံမှ ခြံပြတ်စနစ်ဖြင့် တစ်နှစ်သီးစား ဝယ်ယူလုပ်ကိုင်ကြသူများ အနေဖြင့် အမြတ်ရရှိရေးအတွက် ကြိုးစားလုပ်ကိုင်နေရကြောင်း သိရသည်။

သုဝဏ္ဏဝတီမြို့အနီး ဝင်းပကျေးရွာမှ နာနတ်ခြံသီးစားဝယ်ယူ၍ ရန်ကုန်သို့ တင်ပို့ရောင်းချနေသူတစ်ဦးက "ဒီနှစ် နာနတ်သီးပေါ်တာနောက်ကျတယ်။ ကျွန်တော်က နာနတ်ခြံခြောက်ခြံကို သိန်း ၆၀ လောက် ရင်းထားတယ်။ တချို့ကို အတိုးနဲ့ယူပြီး ခြံတွေကို နှစ်လ သုံးလလောက်ကြိုပြီး ဝယ်ထားတာ။ အခု အသီး ၂၀၀၀ ကျော် ခူးရောင်းပြီးပြီ။ ဒီမှာ ခြံသီးစားဝယ်တဲ့သူတွေ စုပြီး ကားလေးငှားပြီးတင်တယ်။ အလုံးရေ ၂၂၀၀ ကျော် တင်နိုင်ပြီး တစ်လုံး ၇၀ ကျပ် ကားခပေးရတယ်။ ရန်ကုန်ကိုရောက်ရင် အစပိုင်းက အကြီး၊ အလတ်၊ အသေးဆိုပြီး ၈၀၀၊ ၆၀၀၊ ၄၀၀ ကျပ်ဈေး ရတယ်။ အခုဈေးနှုန်းက ရန်ကုန်က သစ်သီးပွဲရုံကိုရောက်ရင် သူတို့က အရှုယ်အစားခွဲ၊ အလုပ်သမားခ၊ ကားခ၊ အထွေထွေ စာရင်းရှင်းပြီးမှ ကျွန်တော်တို့ကို ဈေးဖြတ်ပေးတယ်"ဟု ပြောသည်။

သုဝဏ္ဏဝတီမြို့ အနီးပတ်ဝန်းကျင်၌ နာနတ်စိုက်ပျိုးသူ အများအပြားရှိပြီး နာနတ်ခြံများကို သီးစားဝယ်ယူလုပ်ကိုင်သူမှာ ဝင်းပကျေးရွာအုပ်စုတွင် ရှစ်ဦးခန့်ရှိကြောင်း၊ ပြီးခဲ့သည့်နှစ် နာနတ်သီးရာသီက သီးစားဝယ်ယူ လုပ်ကိုင်သူများ အမြတ်ရရှိကြောင်း သိရသည်။ "ဒီနှစ်က ဝယ်ထားတဲ့ နာနတ်ခြံတွေကဝေးတော့ အလုပ်သမားလေးယောက် တစ်ယောက် ငါးထောင်နှုန်းနဲ့ နာနတ်သီးတွေသွားခုတ်ပြီး ထွေလာဂျီနဲ့ ရွာကိုတင်လာ၊ စားရိတ်ကလည်း မသေးဘူး။ နောက်ပြီး ငွေတိုးကလည်းရှိသေးတာကြောင့် ဒီနှစ်မှာ မနှစ်ကထက်စာရင် အမြတ်နည်းမယ်။ မရှုံးအောင် ကြိုးစားလုပ်ကိုင်နေရတယ်"ဟု ၎င်းက ဆက်ပြောသည်။

နာနတ်သီးများကို ခုတ်ယူရာတွင် ရန်ကုန်သစ်သီးပွဲရုံများမှ လိုအပ်သည်များကို မှာကြားမှသာ ခုတ်ယူစုဆောင်း၍ရန်ကုန်သို့ တင်ပို့ရောင်းချခြင်းဖြစ်ကာ ယခုနှစ်တွင် ရန်ကုန်သစ်သီးပွဲရုံများက သီးနှံဈေးနှုန်းဖြတ်ရာတွင် သီးနှံများကို ရောင်းချပြီးမှ တန်ဖိုးဖြတ်ပေးခြင်းကြောင့် သီးစားဝယ်ယူ၍ ပြန်လည်ရောင်းချသူများ အနေဖြင့် ကြိုးစားလုပ်ကိုင်ကြသော်လည်း အမြတ်ရရှိရေးမှာ ကံနှင့် ရာသီဥတုအပေါ်တွင် တည်မှီနေကြောင်း သိရသည်။ **ခွန်(ဝင်းပ)**

# ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်

**လှိုင်းဘွဲ့ မေ ၂၅**
ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် သမ္ဘာန်ကျေးရွာအုပ်စုအတွင်းရှိ သမ္ဘာန်ကျေးရွာနှင့် ကမ်းနားကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ကို မေ ၂၃ က ဖွင့်လှစ်ခဲ့သည်။

ကျေးရွာချင်းဆက်လမ်းသစ်ကို ကရင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးနိုင်ဝင်းဇော်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးရဲမြင့်နှင့် ကျေးရွာရပ်မိရပ်ဖဦးအောင်ကျော်ရှိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ အဆိုပါ ကျေးရွာချင်းဆက်ကျောက်ချောလမ်းသည် အကျယ် ၁၂ ပေ၊ အရှည် ၄ ဖာလုံဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ ကျပ်သိန်း ၃၀ နှင့် ဒေသခံပြည်သူလူထုထည့်ဝင်ငွေ ကျပ်သိန်း ၅၀ စုစုပေါင်း ကျပ်သိန်း ၈၀ အကုန်အကျခံ၍ ခင်းကျင်းခဲ့ကြောင်း သိရသည်။

ကျောက်ချောလမ်းသစ်ဖွင့်ပွဲအပြီးတွင် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် လှိုင်းဘွဲ့မြို့နယ် ရွာသာအေးကျေးရွာရှိ ဆိတ်၊ နွား၊ ကြက်များ အဓိက မွေးမြူသော မွေးမြူရေးဇုန်မှ မွေးမြူရေးသမားများနှင့်တွေ့ဆုံကာ မွေးမြူရေးဇုန်တိုးတက်ရေးနှင့် တိုးချဲ့မွေးမြူနိုင်ရေးအတွက် ဆောင်ရွက်ရန်လိုအပ်ချက်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

# ရွှေနောင်ချို အမြန်ယာဉ်ငယ်အသင်း ဖွင့်လှစ်

**နောင်ချို မေ ၂၅**
ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့၌ ရွှေနောင်ချို အမြန်ယာဉ်ငယ်အသင်းဖွင့်ပွဲကို မေ ၂၂ ရက်က နောင်ချိုမြို့ ဈေးရပ်ကွက်ရှိ အဆိုပါအသင်းရုံးတွင် ကျင်းပခဲ့သည်။ ရွှေနောင်ချို အမြန်ယာဉ်ငယ်အသင်းအနေဖြင့် နောင်ချိုမြို့မှ ပြင်ဦးလွင်၊ လားရှိုး၊ မန္တလေး၊ မိုးကုတ်၊ တောင်ကြီးမြို့များသို့ နေ့စဉ်ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ဒေသခံပြည်သူများ၏ ခရီးသွားလာရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။
**စိုးဝင်း(နောင်ချို)**

# ယဉ်ကျေးလိမ္မာဆုအတွက် စာမေးပွဲစစ်ဆေး

**ကျောက်တံခါး မေ ၂၅**
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်လုံးဆိုင်ရာ စာရိတ္တမြှင့်တင်ရေးနှင့် ယဉ်ကျေးလိမ္မာဆုပေးပွဲအတွက် စာမေးပွဲများကို ကျောက်တံခါးမြို့အခြေခံပညာအထက်တန်းကျောင်း၌ မေ ၂၄ ရက်က စစ်ဆေးခဲ့ပြီး ကျောင်းသားကျောင်းသူများ ဝင်ရောက်ဖြေဆိုခဲ့ကြောင်းသိရသည်။

အဆိုပါစာမေးပွဲတွင် ကျောက်တံခါးမြို့နယ်အတွင်းရှိ ပဲနွယ်ကုန်းမြို့၊ အောင်မြင်မြို့၊ ဖဒိုမြို့ချောင်းနှင့် ကျောက်တံခါးမြို့များရှိ အခြေခံပညာကျောင်းများတွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူ ၂၀၅ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြပြီး စာမေးပွဲဖြေဆိုသူများမှ ပထမဆုရရှိသူအား ရွှေ ငါးမူးသား၊ ဒုတိယဆုရရှိသူအား ငွေကျပ်သုံးသိန်းခွဲ၊ တတိယဆုရရှိသူအား ငွေကျပ်သုံးသိန်းနှင့် အခြားထူးချွန်ဆု ၁၂ ဆုအတွက် ငွေကျပ်သုံးသောင်းစီကို ချီးမြှင့်မည်ဖြစ်ကြောင်း၊ ဆုများကို မေ ၃၀ ရက်တွင် ကျောက်တံခါးမြို့နယ် စည်ပင်သာယာခန်းမ၌ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။
**ခင်ကို(ကျောက်တံခါး)**

# အခြေခံယဉ်ကျေးလိမ္မာနှင့် အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်းဖွင့်

**ဖားကန့် မေ ၂၅**
ကချင်ပြည်နယ် ဖားကန့်မြို့ မော်ဝမ်းရပ်ကွက် ကျောက်စိမ်းတွင်း သာသနာ့ဗိမာန်တော်ကြီး၌ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာနှင့် အင်္ဂလိပ်စာ ကျွမ်းကျင်မှုသင်တန်း ဖွင့်ပွဲကို မေ ၂၃ ရက်က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ဖားကန့်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆန်းကြွယ်မစိုးရိမ် ကျောင်းတိုက် ပဓာနနာယကဆရာတော်က ဩဝါဒချီးမြှင့်ပြီး ဖားကန့်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်က သာသနာရေးဆိုင်ရာများ လျှောက်ထားကာ သင်တန်းဖြစ်မြောက်ရေး နာယကများက ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာပြန့်ပွားရေးအဖွဲ့ ပါရမီဓမ္မစကူးလ် ဖောင်ဒေးရှင်းမှ အရှင်ပညာဇောတ(ပါရမီဆရာတော်)က သင်တန်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဖားကန့်မြို့နယ် သံဃနာယကအဖွဲ့က ကြီးမှူး၍ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ ပြန့်ပွားရေးအဖွဲ့ ပါရမီဓမ္မစကူးလ်ဖောင်းဒေးရှင်းနှင့် ဖားကန့်မြို့နယ် သင်တန်းဖြစ်မြောက်ရေးအဖွဲ့တို့ ပူးပေါင်း၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကာ သင်တန်းတွင် စတုတ္ထတန်းအောင် ကလေးငယ်များအား (မူလတန်းအဆင့်)၊ ပဥ္စမတန်းနှင့် ဆဌမတန်းကို (အလယ်တန်းအောက်ဆင့်)၊ သတ္တမတန်းမှ နဝမတန်းအထိ ကျောင်းသူကျောင်းသားများအား အလယ်တန်းအထက်ဆင့်၊ တက္ကသိုလ်ဝင်တန်းနှင့် တက္ကသိုလ်ကျောင်းသူကျောင်းသားများအား (အထက်တန်းအဆင့်)ဟူ၍ လေးဆင့်ခွဲကာ သင်တန်းနည်းပြများအဖြစ် အရှင်ပညာဇောတ(ပါရမီဆရာတော်)၊ အရှင်ဧသိကဇောတိ (ရှင်ညီဆရာတော်) သီတဂူအရှင် ဓမ္မာစာရဘိဝံသနှင့် နည်းပြဆရာမများက သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းကာလမှာ မေ ၂၃ ရက်မှ မေ ၃၀ ရက်အထိဖြစ်ပြီး သင်တန်းသားသင်တန်းသူ ၅၀၀ ကျော်ခန့် တက်ရောက်သင်ယူလျက်ရှိကြောင်း သိရသည်။
**စိုးနိုင်ဦး(ဖားကန့်)**

## မိုးသီးများကြွေကျခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းကြောင့် ပျက်စီးဆုံးရှုံးသူများအား ထောက်ပံ့

**စဉ့်ကိုင် မေ ၂၅**
မိုးသက်လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးသီးများကြွေကျခြင်းတို့ကြောင့် စဉ့်ကိုင်မြို့နယ်အတွင်း ကျေးရွာအုပ်စု ၁၁ ခုမှ ကျေးရွာပေါင်း ၁၉ ရွာတွင် နေအိမ်များပျက်စီးခြင်းနှင့် မွေးမြူရေးတိရစ္ဆာန်များ သေဆုံးခြင်းတို့ ဖြစ်ပွားခဲ့ရာ ထိခိုက်ပျက်စီးဆုံးရှုံးမှု ကြုံတွေ့ရသူများအား လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့ငွေနှင့် ပစ္စည်းများကို မေ ၂၄ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် တာဝန်ရှိသူများသည် လေပြင်းဒဏ်ခံခဲ့ရသော ကံကြီးကျေးရွာမှ ပြည်သူများနှင့်တွေ့ဆုံကာ အားပေးစကားပြောကြားပြီး နေအိမ်ပျက်စီးသူများအား သွပ်အချပ်ရေ ၃၀၀၀၊ မိုးကာ ကိုက် ၁၀၀ ပါ နှစ်လိပ်နှင့် ငွေကျပ် ၁၅၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကာ မန္တလေးတိုင်းဒေသကြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းဗိုလ်ရှိန်က ကံကြီးကျေးရွာ အမကကျောင်းအတွက် အမိုးသွပ် ၂၆၅ ချပ်ကို ထောက်ပံ့ပေးအပ်ခဲ့သည်။ သဘာဝဘေးသင့်ပြည်သူများအား စေတနာရှင်ပြည်သူများကလည်း ထောက်ပံ့လှူဒါန်းလျက်ရှိရာ ပြည်သူများလှူဒါန်းထားသော စားသောက်ဖွယ်ရာမျိုးစုံနှင့် အလှူငွေကျပ် ၁၆၆၈၀၀၀ ကိုလည်း ကျေးရွာများမှ သဘာဝဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

စဉ့်ကိုင်မြို့နယ်အတွင်း မိုးသက်လေပြင်းများတိုက်ခတ်ခြင်းနှင့် မိုးသီးများ ကြွေကျခြင်းတို့ကြောင့် ကံကြီး၊ ကြက်မျှား၊ ဝံပတေ့(မ)၊ တပ်ကြီး၊ ရွာသစ်၊ ကတိုး၊ စွန်ရဲ၊ တောမ၊ ပတ္တာ၊ ဖလံပင်ကုန်း၊ တအုံရှေ့၊ တအုံနောက်၊ ဆောက်အင်း၊ မြောက်တောကြီး၊ သင်္ဂတုံ၊ ကျွန်းဦး၊ ဒေါင့်ကြီးကျွေ၊ ညောင်ပင်သာနှင့် အုတ်ဖိုပြင်စသည့် ကျေးရွာပေါင်း ၁၉ ရွာတွင် ဘုရားသုံးဆူနှင့် ဘုန်းတော်ကြီးကျောင်းခြောက်ကျောင်းထိခိုက်ပျက်စီးခဲ့ကာ၊ စာသင်ကျောင်းခုနစ်ကျောင်းတွင် အမိုးများပျက်စီးခြင်း၊ အိမ်ခြေ ၇၆၆ လုံး အမိုးများပျက်စီးခြင်းတို့ဖြစ်ပွားခဲ့ပြီး ဒေသခံပြည်သူများ မွေးမြူထားသော ဆိတ် ၂၂၈ ကောင်၊ နွား ၁၂ ကောင်၊ ဝက်နှစ်ကောင်နှင့် ကျွဲတစ်ကောင် သေဆုံးခဲ့သည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

## နတ်မောက်စက်မှုလက်မှုကျောင်း မြန်မာစာဌာနမှူး ဆရာမကြီးဒေါ်ကြည်ကြည်၏သားဖြစ်သူ သမ္မတသစ်အတွက် ကျောင်းသားဟောင်းများ ဂုဏ်ပြုကြိုဆို

**ရန်ကုန် မေ ၂၅**
စက်မှုလက်မှု အထက်တန်းကျောင်း အမှတ်(၁) (နတ်မောက်ကျောင်း)၏ မြန်မာစာဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ဆရာမကြီးဒေါ်ကြည်ကြည်(ကြီး)နှင့် ဆရာကြီး မင်းသုဝဏ်တို့၏သား ဦးထင်ကျော်မှာ နိုင်ငံတော်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခွင့်ရရှိခဲ့ခြင်းအတွက် ဂုဏ်ပြုသည့် အခမ်းအနားတစ်ရပ်ကို စက်မှုလက်မှုအထက်ကျောင်း အမှတ်(၁)၊ (နတ်မောက်ကျောင်းသားဟောင်းများအသင်း)တွင် မေ ၂၄ ရက်က ကျင်းပခဲ့သည်။



နတ်မောက်ကျောင်းသားဟောင်းများအသင်း၏ မိဘသဖွယ် အားကိုးအားထားစံပြုခဲ့ရသည့် ဆရာမကြီး ဒေါ်ကြည်ကြည်(ကြီး)၏ သားဖြစ်သူ သမ္မတကြီးအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း အသင်းဉက္ကဋ္ဌဦးစိုးဟန်က ပြောကြားပြီး အသင်းသားများက ဆရာမကြီး၏ မေတ္တာကြီးမားခြင်း၊ အေးချမ်းခြင်းနှင့် သင်ကြားမှုကောင်းမွန်ခြင်းတို့ကိုလည်းကောင်း၊ ဆရာမကြီးနှင့် ပတ်သက်၍ သမ္မတကြီးနှင့် တွေ့ဆုံခဲ့ရပုံများကိုလည်းကောင်း ဂုဏ်ပြုပြောကြားခဲ့ကြသည်။

အဆိုပါအသင်းကြီးသည် အသင်းဝင်ပေါင်း ၅၀၃ ခန့် ရှိလာခဲ့ပြီး နတ်မောက်စက်မှုလက်မှုကျောင်း (စက်မှုလက်မှုအထက်တန်းကျောင်း အမှတ်-၁) ကျောင်းသားဟောင်းများ စုစည်းတည်ထောင်ထားခြင်းဖြစ်ကာ ကျောင်းသားဟောင်းများအားလုံးချစ်ခင်လေးစားသည့် ဆရာမကြီးဒေါ်ကြည်ကြည်အား ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ခြင်းနှင့် ဆရာမကြီး၏သားဖြစ်သူ သမ္မတဦးထင်ကျော်ကိုလည်း ဂုဏ်ပြုကြိုဆိုသောအားဖြင့် ယခုကဲ့သို့ ကျင်းပခြင်းဖြစ်ကြောင်း အသင်းမှတာဝန်ရှိသူများက ပြောကြားသည်။

နတ်မောက်ကျောင်းသားဟောင်းများ စုစည်းမှုကို ယခုထက်ပိုမိုကာ ကြိုးပမ်းသွားမည်ဖြစ်ပြီး အစိုးရသစ်လက်ထက်တွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ကျေးလက်ဒေသများ၌ အသေးစားစက်မှုလက်မှုပညာရပ်များကို ဖြန့်ဝေပေးသွားရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ နတ်မောက် ကျောင်းသားဟောင်းများအနေဖြင့် အသင်းရုံးဖုန်းနံပါတ်ဖြစ်သော ၀၉-၂၆၀၂၁၅၅၇၈ နှင့် ၀၉၄၄၈၀၀၀၇၉၀ တို့သို့ ဆက်သွယ်ကာ အသေးစားစက်မှုလက်မှုသက်မွေးပညာများ အတူတကွ ပူးပေါင်းဖြန့်ဝေနိုင်ရန်နှင့် ကျောင်းသားဟောင်းအချင်းချင်း ပူးပေါင်းချိတ်ဆက်ကာ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အနယ်နယ် အရပ်ရပ်မှ ကျောင်းသားဟောင်းများ ဆက်သွယ်နိုင်ကြောင်းသိရသည်။ အဆိုပါကျောင်းသည် ယခုအချိန်အထိ ကျောင်းသား ၈၀၀၀ ကျော် မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်းလည်း သိရှိရသည်။

**ခင်ရတနာ**



## မီးဘေးကြိုတင်ကာကွယ်ရေးအတွက် တစ်အိမ်တက်ဆင်း ပညာပေး

**မြိတ် မေ ၂၅**
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် တစ်အိမ်တက်ဆင်း မီးသုံးစွဲမှုစစ်ဆေးခြင်းနှင့် ပညာပေးခြင်းများကို မြိတ်ခရိုင်မီးသတ်ဦးစီးဌာနက ဦးစီး၍ မြိတ်တောင် ကျေးရွာအုပ်စု အောင်မင်္ဂလာရပ်ကွက်တွင် မေ ၂၃ ရက်က ပြုလုပ်ခဲ့သည်။

ယခုအချိန်အခါသည် ပူပြင်းသောနွေရာသီဖြစ်၍ ပြည်သူများ မီးသတိပြုရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးအနေဖြင့်လည်းကောင်း၊ မကြာမီကျရောက်တော့မည့် နှစ်(၇၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့်လည်းကောင်း တစ်အိမ်တက်ဆင်း မီးသုံးစွဲမှု စစ်ဆေးပညာပေးခြင်းများ ဆောင်ရွက်ခြင်းဖြစ်ကြောင်း မြိတ်ခရိုင်မီးသတ်ဦးစီးဌာနမှူးက ပြောသည်။

အောင်မင်္ဂလာရပ်ကွက်အတွင်းရှိ အိမ်ခြေ ၁၄၀ ကို တစ်အိမ်တက်ဆင်း မီးသုံးစွဲမှုစစ်ဆေးခဲ့ခြင်းဖြစ်ပြီး လျှပ်စစ်မီးသုံးစွဲမှုများ၊ မီးသွေးမီးဖိုသုံးစွဲမှုများကို စစ်ဆေးခြင်းနှင့် ပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြကာ မီးသတိပြုစာတမ်းများကို မြင်သာသည့်နံရံတွင် ကပ်ခြင်း၊ မီးသတိမူရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးလက်ကမ်းစာစောင်များ ဝေငှခြင်းတို့ကို မြိတ်ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးဇော်ဝင်းနှင့် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၆၀ တို့က ကွင်းဆင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

**(ခရိုင် ပြန်/ဆက်)**

## ငုံးမွေးမြူရေးအထူးဇုန်(မုံရွာ)၌ မွေးမြူရေးလုပ်ငန်းများကို ပုံမှန်အတိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိ

**မုံရွာ မေ ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မုံရွာ ကြက်/ငုံးမွေးမြူရေး အထူးဇုန်တွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်နေသည်ဟု သတင်းများထုတ်ပြန်ထားသော်လည်း လတ်တလောကာလတွင် ငုံးမွေးမြူရေးအထူးဇုန်(မုံရွာ)၌ မွေးမြူရေးလုပ်ငန်းများကို ပုံမှန်အတိုင်း ဆောင်ရွက်လျက်ရှိကြောင်း ငုံးမွေးမြူရေးအထူးဇုန်(မုံရွာ)မှ တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

"ငုံးမွေးမြူရေးအထူးဇုန်မှာ ဇီဝလုံခြုံရေးအနေနဲ့ ခြံပတ်လည်ကို သန့်ရှင်းရေးလုပ်တယ်။ ခြံအတွင်းကို စာကလေးငှက်တွေ မဝင်နိုင်အောင်လို့ ကာရံတယ်၊ ခြံဖျန်းဆေးတွေဖျန်းတယ်၊ ငုံးကောင်တွေရဲ့ ထူးခြားမှုအခြေအနေတွေကို မျက်ခြည်မပြတ်ကြည့်နေရတယ်။ ဇုန်အတွင်းက ငုံးဥ၊ ငုံးအကောင်တွေ၊ တခြားပစ္စည်းတွေ အသွင်းအထုတ်လုပ်ဖို့အတွက်ကို ဇုန်အတွင်းမှာ ကားနှစ်စီး စီစဉ်ပေးထားပြီး ဇုန်အပြင်ဘက်က ကိုက်နှစ်ထောင်အကွာလောက်ရှိတဲ့ သားပြေးကျောက်မိုင်းလမ်းဆုံအထိသွားပြီး လုပ်ကြရတယ်။ ပြင်ပလူတွေကိုတော့ ဇုန်အတွင်းကို လုံးဝ အဝင်မခံပါဘူး။ ဇုန်အတွင်းက လူတွေဆိုရင်လည်း ဂိတ်ဝမှာ ပါလာတဲ့ ဆိုင်ကယ်၊ မော်တော်ယာဉ်တွေကို ပိုးသတ်ဆေးဖျန်းပြီးမှ အထဲကိုဝင်ခိုင်းပါတယ်၊ သတင်းတွေထဲမှာ မုံရွာ ကြက်/ငုံးမွေးမြူရေး အထူးဇုန်မှာ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်တယ်လို့ ထုတ်ပြန်ထားတာတွေ့ရတော့ ကျွန်တော်တို့ ငုံးမွေးမြူရေး အထူးဇုန်မှာ ရောဂါဖြစ်ပွားမှုမရှိပါဘူး၊ ပုံမှန်အတိုင်းပါပဲ"ဟု ငုံးမွေးမြူရေးအထူးဇုန် တွဲဖက်အတွင်းရေးမှူး ဦးတင်ဝင်းက ပြောသည်။



ငုံးမွေးမြူရေးအထူးဇုန်ကို ပြီးခဲ့သည့်နှစ် ဇွန်လအတွင်းက မုံရွာ ကြက်/ငုံးမွေးမြူရေးအထူးဇုန်ကြီးမှ ခွဲထွက်ကာ ယခုလက်ရှိနေရာဖြစ်သော မုံရွာမြို့နယ် မရိုးတောကျေးရွာအုပ်စု မရိုးတောကျေးရွာ သားပြေးကျောက်မိုင်းလမ်း မြောက်ဘက်ရှိ မြေကွက်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ အကျယ်အဝန်း ၅၈ ဒသမ ၇၇ ဧကရှိ မြေပေါ်တွင် အလျား ၁၅၀ ပေ၊ အနံပေ ၁၀၀ ရှိ မြေကွက် ၇၁ ကွက်နှင့် အကွက်ပျက်(အသေး၊အကြီး) ၂၁ ကွက် စုစုပေါင်း ၉၂ ကွက်ကို ဖော်ထုတ်ပေးခဲ့ပြီး ခြံအသစ်များလည်း ဆက်လက် ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။ ယခုလက်ရှိအချိန်တွင် ငုံးခြံ ၂၄ ခြံရှိနေပြီး အဆိုပါငုံးခြံများတွင် ငုံးကောင်ရေ နှစ်သိန်းကျော်ကို မွေးမြူထားကာ ငုံးဥများ ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## ကျိုးကျခဲ့သောတံတား ပြုပြင်ပြီးစီး၍ သွားလာရေးအဆင်ပြေ

**ပွင့်ဖြူ မေ ၂၅**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ပေါက်ကုန်းကျေးရွာ အိုးမြေတွင်းရိုးလမ်းပေါ်မှ ယခုနှစ် ဖေဖော်ဝါရီလအတွင်းက ကျိုးကျပျက်စီးခဲ့သော အုတ်ခုံသစ်သားတံတားကို ပြန်လည်ပြုပြင်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ အဆိုပါတံတားသည် အရှည် ပေ ၄၀၊ အကျယ် ၁၄ ပေရှိ အုတ်ခုံခံသစ်သားတံတားဖြစ်ကာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် တင်ဒါပိုလျှံငွေ ၁၂ သန်းဖြင့် နန်းမြင့်သူကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါတံတားပေါ်တွင် ဖေဖော်ဝါရီ ၂၆ ရက်က ပွင့်ဖြူမြို့နယ် ရှောက်တောကျေးရွာမှ ယာဉ်မောင်းဦးဖိုးချမ်းမောင်းနှင်သော တန်ပိုကျောက်တင်ယာဉ် ဖြတ်သန်းခဲ့သဖြင့် ကွန်ကရစ် ရက်မများ အောက်သို့နိမ့်ကျပျက်စီးခဲ့ခြင်းဖြစ်သည်။ အဆိုပါတံတားဟောင်းမှ ကြမ်းခင်းများကိုအသုံးပြုကာ IBeam ရက်မ ခံသစ်သားတံတားအဖြစ် နန်းမြင့်သူကုမ္ပဏီနှင့် ယာဉ်ပိုင်ရှင်တို့က အကုန်ကျခံ၍ ပြုပြင်ခဲ့ပြီး မတ် ၂၄ ရက်က ပြီးစီးခဲ့ပြီဖြစ်၍ ဒေသခံပြည်သူများ သွားလာရေးအဆင်ပြေသွားပြီဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ပုလောမြို့နယ် ကမ္ဘာလှတောင် ပါဒစက်တော်ရာဘုရားပွဲတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိ



**မြိတ် ဧပြီ ၂၅**
တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်တွင် နှစ်စဉ်နှစ်တိုင်းကျင်းပလျက်ရှိသော ကမ္ဘာလှတောင် ပါဒစက်တော်ရာဘုရားပွဲသည် တနင်္သာရီတိုင်းဒေသကြီးတွင် အထင်အရှားဆုံး ဘုရားပွဲတော်ဖြစ်ရာ ယခုနှစ်ဘုရားပွဲတွင်လည်း မြန်မာပြည်အနှံ့အပြား အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးခရီးသွားများ လာရောက်ကြပြီး ယခင်နှစ်များထက် ပိုမိုစည်ကားလျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့မှ သိရသည်။

ယခုနှစ် ပါဒစက်တော်ရာဘုရား ဗုဒ္ဓပူဇနိယ ပွဲတော်ကို နှစ်ဆန်း ၂ ရက်နေ့မှ စတင်ဖွင့်လှစ်ကျင်းပခဲ့သည်။ ဘုရားပွဲသို့ ဒေသခံဘုရားဖူးများသာမက မြိတ်၊ ထားဝယ်၊ တနင်္သာရီ၊ ကျွန်းစုတို့အပြင် မွန်၊ ကရင်၊ ပဲခူးနှင့် မြန်မာပြည်အနှံ့အပြား အနယ်နယ်အရပ်ရပ်မှ လာရောက်ကြရာ ဘုရားဖူးညေ့သည်များဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ကမ္ဘာလှတောင် ပါဒစက်တော်ရာဘုရားသည် ပုလောမြို့နယ် ကြဲကျေးရွာအုပ်စု စက်တော်ရာကျေးရွာ ပြည်ထောင်စုလမ်းမကြီးဘေးတွင် တည်ရှိပြီး နှစ်စဉ် သင်္ကြန်ကာလအပြီး ဧပြီ ၁၈ ရက်(မြန်မာနှစ်ဆန်း ၂ ရက်)မှ မေ ၂ ရက်အထိ ၁၅ ရက်တိုင်တိုင် ဘုရားပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ယခုအခါသည် (၁၄၇) ကြိမ်မြောက် ရှိခဲ့ပြီဖြစ်သည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ က ဘုရားပွဲတော်ကို တစ်လကြာကျင်းပခဲ့ရာမှ အကြောင်းအမျိုးမျိုးကြောင့် ပွဲတော်ကို ၁၅ ရက်သို့ လျှော့ချခဲ့ကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

ပါဒစက်တော်ရာဘုရားသည် ပင်လယ်ရေမျက်နှာပြင်အထက် ၄၂၈၀ ပေ အမြင့်ရှိပြီး ကမ္ဘာလှတောင်ပေါ်သို့ တစ်မိုင်ခွဲခရီးကို ခြေကျင်ခရီးဖြင့် တက်ရောက်နိုင်သည်။ ထို့အပြင် ယခုနှစ်တွင် စက်တော်ရာတောင်ပေါ်သို့ ဘုရားဖူးများ လွယ်ကူစွာတက်ရောက်ဖူးမြော်နိုင်ရေးအတွက် ၁၄၈၉၀ ပေ ရှည်သော ကားလမ်းပေါက်နေပြီဖြစ်သည့်အတွက် ကားခ အတက် ၁၅၀၀ ကျပ်၊ အဆင်း ၁၅၀၀ ကျပ်နှုန်းဖြင့် ဘုရားပေါ်တက်ရောက်နိုင်ကြောင်းလည်း သိရသည်။

"ပွဲတော်အတွင်းမှာ လည်ပတ်ရတာထက် ပေ ၃၀၀၀ ကျော်အမြင့်ရှိတဲ့ ဘုရားပေါ်တောင်တက်ခရီးကို အဖွဲ့လိုက် ညဘက်မှာ တက်ရတာ အရမ်းပျော်စရာကောင်းပါတယ်။ ရင်ပြင်ပေါ်က ကျောက်တောင်ပေါ်မှာ အိပ်ရတာက လေတဟူးဟူးနဲ့ အနားယူလို့ ပိုကောင်းပါတယ်။ နောက်ပြီး ဘုရားပေါ်ကို တက်ရတာ ဘယ်လောက်ပဲ ပင်ပန်းပါစေ ကုသိုလ်လည်းရ ပျော်စရာလည်း ကောင်းပါတယ်"ဟု တောင်ကြီးမြို့မှ လာရောက်၍ ဘုရားဖူးသော အမျိုးသမီးတစ်ဦးက ပြောသည်။

ယခင်က အဆိုပါတောင်ကို ရသေ့တောင်ဟုလည်းကောင်း၊ စက်တော်ရာတောင်ဟုလည်းကောင်း၊ ဘုရားတောင်ဟု လည်းကောင်း၊ ကမ္ဘာလှတောင်ဟုလည်းကောင်း အမည်အမျိုးမျိုး ခေါ်ဆိုခဲ့ရာမှ ယခုအခါ တောင်နှင့်မြောက် စီးဆင်းနေသည့်ချောင်းကို အစွဲပြု၍ ကမ္ဘာလှတောင်ဟုခေါ်တွင်ခဲ့ပြီး ကောဇာသက္ကရာဇ် ၁၁၉၀ ခုနှစ်တွင် ခြေတော်ရာကို စတင်တွေ့ရှိခဲ့ကြောင်း ဂေါပကအဖွဲ့၏ ပြောကြားချက်အရ သိရသည်။
**မြင့်ဦး (မြိတ်)**

# ဖက်ဒရယ်နိုင်ငံတော်နှင့် ဒီမိုကရေစီပညာရေးစနစ် စကားဝိုင်းဆွေးနွေးပွဲတောင်ကြီးမြို့၌ ကျင်းပ



**တောင်ကြီး ဧပြီ ၂၅**
ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက် (NNER)က စီစဉ်ကျင်းပသည့် ဖက်ဒရယ်နိုင်ငံတော်နှင့် ဒီမိုကရေစီပညာရေးစနစ် စကားဝိုင်းဆွေးနွေးပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ရှမ်းစာပေ ယဉ်ကျေးမှုခန်းမ၌ ဧပြီ ၂၄ ရက်က ကျင်းပခဲ့ကြောင်းသိရသည်။

ဆွေးနွေးပွဲတွင် စာရေးဆရာကိုတာက အမှာစကားပြောကြားပြီး စကားဝိုင်းဆွေးနွေးပွဲကို စတင်ရာ 'ဖက်ဒရယ်နိုင်ငံနှင့်ဒီမိုကရေစီ ပညာရေး'စနစ် ခေါင်းစဉ်ဖြင့် ဦးနိုင်ငွေသိမ်း(NNER Elders)၊ ဒေါက်တာမင်းသိမ်း(NNER)နှင့် ဒေါ်ခင်မမမျိုး (နိုင်ငံရေးသိပ္ပံပညာရှင်)တို့ ပါဝင်သည့် စကားဝိုင်းဆွေးနွေးပွဲအဖွဲ့(၁)ကလည်းကောင်း၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးနှင့် ပညာရေး ခေါင်းစဉ်ကို ဦးစိုင်းဆမ်ခမ်း(မေတ္တာ ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း)၊ ဒေါက်တာဥမ္မာထွေး (Taunggyi Education Network-TEN)တို့ ပါဝင်သည့် စကားဝိုင်းအဖွဲ့(၂)မှလည်းကောင်း၊ 'ပညာရေးအရည်အသွေး'ခေါင်းစဉ်ဖြင့် ဒေါက်တာသန့်လွင်မောင် (စာရေးဆရာကိုတာ)၊ ဒေါ်မေကိုကိုလွယ်(ကျောင်းဆရာမ)၊ ဦးစိုင်းလင်းမြတ်(ကျောင်းသားမိဘ)နှင့် မမြတ်သွယ်ခြူးခြူး(ကျောင်းသူ)တို့ပါဝင်သည့် စကားဝိုင်းအဖွဲ့(၃)မှလည်းကောင်း၊ 'ပညာရေးအခွင့်အလမ်း' ခေါင်းစဉ်ကို ဒေါက်တာသိန်းလွင်(NNER)၊ ဒေါ်နန်းမွေခေး (Shan National Education)နှင့် ဦးနိုင်နိုင်ထွန်း(BMTA)တို့ ပါဝင်သည့် စကားဝိုင်းအဖွဲ့(၄)မှ လည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ရှမ်းပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်နှင့် လူမှုရေးအသင်းအဖွဲ့များ၊ ပညာရေးကွန်ရက်အဖွဲ့များ၊ ကိုယ်ပိုင်ပညာရေးကျောင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။
**မောင်မောင်သန်း(တောင်ကြီး)**




# ရေလိုအပ်သောကျေးရွာများသို့ သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိ

**ချောက် ဧပြီ ၂၅**
မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အတွင်းမှ သောက်သုံးရေရှားပါးနေသော ကျေးရွာများဖြစ်သည့် ကျောက်တန်းကျေးရွာနှင့် ကျောက်တဲကျေးရွာများသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းခိုင်၏အစီအစဉ်ဖြင့် ချောက်မြို့နယ်လမ်းဦးစီးဌာနက သောက်သုံးရေများကို ဧပြီ ၂၃ ရက်က ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ် ရေပေးဝေရေးကြီးကြပ်မှုကော်မတီအဖွဲ့နှင့် လမ်းဦးစီးဌာနတို့ ပူးပေါင်း၍ လမ်းဦးစီးဌာနမှ ဂါလန် ၁၀၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် တစ်ရွာလျှင် နှစ်ခေါက်နှုန်းဖြင့် ရေဂါလန် ၂၀၀၀ စီကို ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ကာ ဆက်လက်၍လည်း မြို့နယ်အတွင်းရှိ ရေရှားပါးနေသော ကျေးရွာများသို့ သောက်သုံးရေများကို လမ်းဦးစီးဌာနအနေဖြင့် မေ ၇ ရက်အထိ နေ့စဉ်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။
**ဝင်းအိမွန်(ပြန်ဆက်)**

# မီးဘေးကာကွယ်ရေးအတွက် အသင့်စီမံဆောင်ရွက်ထား

**ရေး ဧပြီ ၂၅**
မွန်ပြည်နယ် ရေးမြို့နယ်အတွင်း၌ နွေရာသီကာလ ပူပြင်းခြောက်သွေ့မှုကြောင့် ရေများခန်းခြောက်လာသော်လည်း မီးဘေးအန္တရာယ် အခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပါက အရေးပေါ်ဆောင်ရွက်နိုင်ရန် (လူ၊ စက်၊ ဆီ၊ ရေ) သင့်(၄)သင့်အနေအထားဖြင့် စီမံထားကြောင်း ရေးမြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

"အရေးပေါ်အခြေအနေနဲ့ ကြုံလာရင် ရေရရှိရေး အခက်အခဲမရှိအောင် မီးသတ်စခန်းမှာ တစ်နေရာ၊ ကျုံးတော်ကြီးမှာ နှစ်နေရာနဲ့ မြသီတာဈေး ရေးမြစ်ချောင်းမှာ တစ်နေရာ၊ စုစုပေါင်း လေးနေရာအပြင် ပုဂ္ဂလိကရေသယ်ယာဉ်တွေ သီးခြားရေငုတ်အစီအစဉ်တွေကိုလည်း ပြင်ဆင်ထားပါတယ်။ သန္ဒေတပ်ဖွဲ့ဝင် အင်အား ၁၄ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် အင်အားက ၁၁၀၈ ဦးနဲ့ သန္ဒေမီးသတ်ယာဉ်က ငါးစီး၊ အရန်မီးသတ်ယာဉ်က ၁၅ စီးနဲ့ အသင့်အနေအထားမှာ ပြင်ဆင်ထားပါတယ်"ဟု ရေးမြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းထိုက်က ပြောသည်။

ရေးမြို့နယ်အတွင်း၌ မီးဘေးအန္တရာယ်သတိပြုရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုလည်း ပြည်သူလူထုကြား အသိပညာပေးလုပ်ငန်းများအဖြစ် ရပ်ကွက်များအလိုက်လည်းကောင်း၊ လူနေအိမ်များတွင်လည်းကောင်း၊ လူစည်ကားရာ ဈေး၊ အစိုးရအထက်တန်းကျောင်း၊ ပုဂ္ဂလိကလုပ်ငန်းခွင်စသည့် နေရာများတွင်လည်းကောင်း ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကာ မီးသတ်စခန်းတွင်လည်း မီးဘေးကာကွယ်ရေးနှင့် မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်ခြင်းများကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများပူးပေါင်းကာ ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။
**နေမျိုးထွဋ်(ရေး)**



KBZ BANK

## ရန်ကုန်ဘဏ်ခွဲ (၉၂)၊ မြန်မာစင်တာဘဏ်ခွဲ

အမှတ်(၁၉၂)၊ မြေညီထပ်(G-26/27)၊ Myanmar Centre၊ (ဗီယက်နမ်)အဆောက်အဦ၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း(၀၉)၂၆၄၈၉၉၀၁၂၊ ၂၆၄၈၉၉၀၂၁၊ ဖက်စ်(၀၉)၄၅၂၆၅၉၀၄၂

## မန္တလေးဘဏ်ခွဲ (၃၀)၊ မန်းတက္ကသိုလ်လမ်းဘဏ်ခွဲ

အမှတ်(၁၅/ခ)၊ (၇၃)လမ်း၊ (၃၇× ၃၈)လမ်းကြား၊ စကြိုနွယ်စဉ်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

ဖုန်း(၀၂)၆၂၃၈၀၊ ၆၂၃၉၄၊ ဖက်စ်(၀၂)၆၂၄၉၁၊ ၆၂၄၉၅

## ရန်ကုန်ဘဏ်ခွဲ (၉၃)၊ ကမာရွတ် – ခိုင်ရွှေဝါလမ်းဘဏ်ခွဲ

အမှတ်(၁၈၃)၊ ခိုင်ရွှေဝါလမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း(၀၁)၅၃၈၉၅၁၊ ၅၃၈၉၅၂၊ ဖက်စ်(၀၁)၅၃၈၆၁၁၊ ၅၃၈၆၁၂

## ရန်ကုန်ဘဏ်ခွဲ (၉၄)၊ မြောက်ဥက္ကလာပ (၂)ရပ်ကွက် ဈေးဘဏ်ခွဲ

အမှတ်(၇၆/ခ)၊ (၇၇/က)၊ သုခမ္မာလမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း(၀၁)၆၅၂၀၁၄၊ ၆၅၂၀၃၇၊ ဖက်စ်(၀၁)၆၅၁၈၆၄

## ရန်ကုန်ဘဏ်ခွဲ (၉၅)၊ လသာလမ်းဘဏ်ခွဲ

